MIFER

# ရင်းနှီး/စီးပွား သတင်းလွှာ

# MIFER BULLETIN

အမှတ်စဉ် ၁/၂၀၂၁

၂၀၂၁ ခုနှစ် (ဧပြီလ၊ မေလ၊ ဇွန်လ)



## A Trusted Partner of the Business and Development Community

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံးမှ (၃) လ တစ်ကြိမ် ထုတ်ဝေသည်။

# ရင်းနှီး/စီးပွားသတင်းလွှာ

## နာယကများ

| | |
|---|---|
| ဦးအောင်နိုင်ဦး | ပြည်ထောင်စုဝန်ကြီး |
| ဦးသန်းအောင်ကျော် | ဒုတိယဝန်ကြီး |

## အယ်ဒီတာချုပ်

ဒေါက်တာဝါဝါမောင်

ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုဝန်ကြီးရုံး

## စီစဉ်ထုတ်ဝေသူ

ဦးမင်းဇော်အေး

လက်ထောက်အတွင်းဝန်၊ e-Government ဌာနခွဲ

ပြည်ထောင်စုဝန်ကြီးရုံး

## စာတည်းအဖွဲ့

| | |
|---|---|
| ဒေါ်သူဇာဖြိုး | ဒုတိယညွှန်ကြားရေးမှူး |
| ဒေါ်ဇာလီနွယ် | ဒုတိယညွှန်ကြားရေးမှူး |
| ဒေါ်နီနီအောင် | လက်ထောက်ညွှန်ကြားရေးမှူး |
| ဒေါ်နှင်းဇာလွှာ | လက်ထောက်ညွှန်ကြားရေးမှူး |
| ဒေါ်ကေသီဆွေ | ဦးစီးအရာရှိ |

## မျက်နှာဖုံးနှင့် ဒီဇိုင်းအပြင်အဆင်

ဒေါ်နှင်းဇာလွှာ

## မျက်နှာဖုံးဓာတ်ပုံ

ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ၊

e-Government ဌာနခွဲ၊

ပြည်ထောင်စုဝန်ကြီးရုံး

# မာတိကာ

အယ်ဒီတာချုပ်၏ အမှာစကား


| ဆောင်းပါးများ | | |
|---|---|---|
| ၁။ | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်မြေအခက်အခဲ (မောင်ဋီကာ) | ၂ |
| ၂။ | မြန်မာနှင့် ရုရှားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ ခရီးသွားကဏ္ဍများတွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည် (သန်းအောင်ကျော်) | ၈ |
| ၃။ | စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်များ၏ ဆက်စပ်မှု (ခင်ချင်းတွင်း) | ၁၁ |
| ၄။ | ရေမြင့်မှ ကြာတင့်မည် (ဒေါက်တာအေးအေးဝင်း- Statistics) | ၁၉ |
| ၅။ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ (ဒေါက်တာထိန်လင်းအေး) | ၂၂ |
| ၆။ | မြန်မာနိုင်ငံ၏ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒစ်ဂျစ်တယ်စီးပွားရေး (ဒေါက်တာပင်လုံအေး) | ၂၄ |
| ၇။ | ကချင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများအကြောင်း သိကောင်းစရာများ (မောင်ထွန်းကျော်- DICA Kachin) | ၂၉ |
| ၈။ | Covid-19 နှင့် ကမ္ဘာ့စီးပွားရေး (မြန်မာသူဇာ) | ၃၁ |

| MIFER သတင်းများ | | |
|---|---|---|
| ၁။ | အီးယူ၏အကူအညီအထောက်အပံ့ဖြင့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုကိစ္စရပ်များတွင် ဆောင်ရွက်လျက်ရှိသော စီမံချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ | ၃၂ |
| ၂။ | ဂျပန်နိုင်ငံအစိုးရ၏ ODA ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ | ၃၃ |
| ၃။ | မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီးမှတွေ့ဆုံ | ၃၄ |
| ၄။ | ရင်းနှီးမြှုပ်နှံမှု အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ညှိနှိုင်းအစည်းအဝေးကို ပြည်ထောင်စုဝန်ကြီး ဦးဆောင်ကျင်းပ | ၃၆ |
| ၅။ | မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီးတွေ့ဆုံ | ၃၇ |
| ၆။ | ပြည်ထောင်စုဝန်ကြီး၏ ကရင်ပြည်နယ် ခရီးစဉ်အတွင်း ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး | ၃၈ |
| ၇။ | ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကျင်းပ | ၃၉ |
| ၈။ | COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်း ဝယ်ယူရေး ကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး (၁/ ၂၀၂၁) ကျင်းပ | ၄၁ |
| ၉။ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး | ၄၂ |
| ၁၀။ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၏ (၁/ ၂၀၂၁) ကြိမ်မြောက် ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ | ၄၃ |
| ၁၁။ | ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ လုပ်ငန်းရှင်များ၏ အခက်အခဲများကို ညှိနှိုင်းဖြေရှင်း | ၄၆ |
| ၁၂။ | မြန်မာနိုင်ငံစီးပွားရေးပြန်လည်ဦးမော့စေရေးစီမံချက်(မူကြမ်း) နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ | ၄၈ |
| ၁၃။ | မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့ မီးငြိမ်းသတ်နည်းသရုပ်ပြ အခမ်းအနားကျင်းပ | ၄၉ |
| ၁၄။ | ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တွေ့ဆုံကာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အားပေးဆောင်ရွက် | ၅၁ |

| MIFER သတင်းများ | | |
|---|---|---|
| ၁၅။ | မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ကြည့်ရှုအားပေး၍ လုပ်ငန်းရှင်များ၏ အခက်အခဲများကို ညှိနှိုင်းဖြေရှင်း | ၅၂ |
| ၁၆။ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များကို ပြည်ထောင်စုဝန်ကြီး တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများဆိုင်ရာ အခက်အခဲများကို ညှိနှိုင်းဖြေရှင်း | ၅၄ |
| ၁၇။ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး ကြည့်ရှုအားပေး၍ ပြည်ပသို့ မွေးမြူရေးထုတ်ကုန်များ တိုးချဲ့တင်ပို့နိုင်ရေး ဆွေးနွေးညှိနှိုင်း | ၅၆ |
| ၁၈။ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မူဝါဒဆိုင်ရာအစည်းအဝေး ကျင်းပပြုလုပ် | ၅၇ |
| ၁၉။ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဒညင်းကုန်း မီးခံအုတ်စက်ရုံသို့ သွားရောက်ကြည့်ရှုအားပေး | ၅၈ |
| ၂၀။ | ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များကို တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား ကြည့်ရှုအားပေး၍ အခက်အခဲများကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်း | ၅၉ |
| ၂၁။ | ရုရှား-မြန်မာအစိုးရ အချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေး ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် | ၆၀ |
| ၂၂။ | စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များအားတွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်း | ၆၁ |
| ၂၃။ | ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များအား တွေ့ဆုံပြီး ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကြည့်ရှုအားပေး၍ လုပ်ငန်းရှင်များ၏ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်း | ၆၂ |
| ၂၄။ | COVID-19 ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ (၅/ ၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကျင်းပ | ၆၄ |
| ၂၅။ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ရန်ကုန်တိုင်းဒေသကြီးနှင့် သီလဝါအထူးစီးပွားရေးဇုန်ရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသို့ သွားရောက်ကြည့်ရှုအားပေး | ၆၅ |
| ၂၆။ | ရခိုင်ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံသူများအား တွေ့ဆုံ၍ အခက်အခဲများကို ပေါင်းစပ် ညှိနှိုင်း ဖြေရှင်း | ၆၆ |
| ၂၇။ | ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များအား ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တွေ့ဆုံ၍ လုပ်ငန်းများလွယ်ကူချောမွေ့စေရေး အလေးထားဆောင်ရွက်ရန်မှာကြား | ၆၇ |
| ၂၈။ | မြန်မာနှင့် ရုရှားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ ခရီးသွားကဏ္ဍများတွင် တိုးမြှင့် ပူးပေါင်းဆောင်ရွက်သွားမည် | ၆၈ |

| DICA သတင်းများ | | |
|---|---|---|
| ၁။ | ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးခွဲကို ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် ကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြား | ၇၁ |
| ၂။ | ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံးရှိ ဝန်ထမ်းများအား ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် တွေ့ဆုံ ပြီး၊ ပဲခူးမြို့ရှိ စက်ရုံများအားလှည့်လည်ကြည့်ရှု | ၇၂ |
| ၃။ | COVID-19 Fund မှ ထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ် မန္တလေးတိုင်းဒေသကြီး စိစစ်ကြပ်မတ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ | ၇၃ |
| ၄။ | မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/ ၂၀၂၁) အစည်းအဝေးကျင်းပ | ၇၃ |
| ၅။ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသို့ လေ့လာရေးခရီး သွားရောက် | ၇၄ |
| ၆။ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၄/ ၂၀၂၁) ကြိမ်မြောက် အစည်းအဝေး ကျင်းပ | ၇၄ |
| ၇။ | COVID-19 FUND မှ ထုတ်ချေးထားသည့် ချေးငွေများ အကျိုးရှိစွာအသုံးချမှုအပေါ် မကွေးတိုင်းဒေသကြီး စိစစ်ကြပ်မတ်ရေးအဖွဲ့နှင့် ချေးငွေရယူထားသည့် လုပ်ငန်းရှင်များ တွေ့ဆုံပွဲကျင်းပ | ၇၅ |
| ၈။ | COVID-19 Fund မှ ထုတ်ပေးထားသည့် ချေးငွေများအကျိုးရှိစွာအသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့၊ မွန်ပြည်နယ်နှင့် ချေးငွေရယူထားသော လုပ်ငန်းရှင်များ တွေ့ဆုံပွဲ ကျင်းပပြုလုပ်ခြင်း | ၇၆ |
| ၉။ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် တနင်္သာရီ တိုင်းဒေသကြီး ဦးစီးမှူးရုံးရှိ ဝန်ထမ်းများအားတွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အား လှည့်လည်ကြည့်ရှု | ၇၆ |
| ၁၀။ | မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/ ၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကျင်းပ | ၇၇ |
| ၁၁။ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၏ မီးဘေးကာကွယ်ရေးသင်တန်းနှင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်မှုပြုလုပ် | ၇၇ |
| ၁၂။ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၂/ ၂၀၂၁) အစည်းအဝေးကျင်းပ | ၇၈ |

| DICA သတင်းများ | | |
|---|---|---|
| ၁၃။ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်များတွင် မီးလောင်ကျွမ်းမှုဖြစ်စဉ်ဖြစ်ပွားခဲ့သော စက်ရုံများ၏ လုပ်ငန်းရှင် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး | ၇၉ |
| ၁၄။ | COVID-19 Fund မှ ထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာအသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ COVID-19 Fund မှ ချေးငွေများ ထုတ်ယူထားသည့် စားသောက်ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး | ၈၀ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေး ကျင်းပ | ၈၁ |
| ၁၆။ | ပဲခူးမြို့နယ်အတွင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာရန် အလားအလာကောင်းများရှိ | ၈၁ |
| ၁၇။ | ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လျက်ရှိသည့် Ocean Tiger Co., သို့ သွားရောက်၍ ကွင်းဆင်းဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများဆောင်ရွက် | ၈၂ |
| ၁၈။ | ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်း COVID-19 Fund မှ ထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့နှင့် ချေးငွေရယူထားသည့် လုပ်ငန်းရှင်များ၏ ပထမအကြိမ် တွေ့ဆုံပွဲကျင်းပ | ၈၂ |
| ၁၉။ | ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၁) ကြိမ်မြောက် အစည်းအဝေး | ၈၃ |
| ၂၀။ | ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားပစ္စည်း ထုတ်လုပ်သည့် Wiawis Myanmar Co., Ltd. မှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့် | ၈၄ |
| ၂၁။ | အေးကိုမိသားစုဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်နှင့် UHM Development Co., Ltd. သို့ ကွင်းဆင်းစစ်ဆေး | ၈၄ |
| ၂၂။ | ကရင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း Kayin CCI နှင့် ညီနောင်အသင်းများ၏ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးပွဲသို့ တက်ရောက် | ၈၅ |
| ၂၃။ | နိုင်ငံခြားသားများ မြန်မာနိုင်ငံသို့ လာရောက်နိုင်ရန် ပြည်ဝင်ဗီဇာရရှိရေး၊ Relief Flight ဖြင့် လိုက်ပါခွင့် ရရှိရေးနှင့် ဗီဇာသက်တမ်းတိုး ထောက်ခံပေးမှု အခြေအနေများ | ၈၆ |

| FERD သတင်းများ | | |
|---|---|---|
| ၁။ | အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ လမ်းပြမြေပုံ အကောင်အထည်ဖော်မှု ကာလလယ်သုံးသပ်ချက် အစီရင်ခံစာအား Virtual Launch ပြုလုပ် | ၈၇ |
| ၂။ | ထားဝယ် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် (SPV) ၏ Board of Directors' Meeting (1/ 2021) နှင့် The Annual General Meeting of Shareholders of 2021 အစည်းအဝေးများ ကျင်းပ | ၈၈ |
| ၃။ | တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးနှင့် အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်တွေ့ဆုံ | ၈၉ |
| ၄။ | အာဆီယံ အဆင့်မြင့်စီးပွားရေးအရာရှိများ အထူးအစည်းအဝေးသို့ မြန်မာနိုင်ငံ အဆင့်မြင့်စီးပွားရေးအရာရှိ ပါဝင်တက်ရောက် | ၉၀ |
| ၅။ | စီးပွားရေးရာကော်မတီသို့ တင်ပြမည့် စာချုပ်စာတမ်းများ၏ အင်္ဂလိပ်ဘာသာအရေးအသားနှင့် ဥပဒေအသုံးအနှုန်း မှန်ကန်မှုရှိစေရေး ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် စိစစ်သည့် အစည်းအဝေးကျင်းပ | ၉၁ |
| ၆။ | မြန်မာ- အမေရိကန် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမူဘောင် သဘောတူစာချုပ် (TIFA) ယာယီရပ်တန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ | ၉၂ |
| ၇။ | အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၏ (၂/ ၅၂) ကြိမ်မြောက် အစည်းအဝေး၏ ဆက်စပ် အစည်းအဝေးများကို နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင် ပါဝင်တက်ရောက် | ၉၃ |
| ၈။ | Video Conferencing ဖြင့် ကျင်းပပြုလုပ်ခဲ့သော Joint Consultative Meeting (JCM) သို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စောကလျာစု ပါဝင် တက်ရောက် | ၉၄ |

| ပြည်တွင်း စီးပွားရေးသတင်းများ | | |
|---|---|---|
| ၁။ | မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြား | ၉၅ |
| ၂။ | ၂၀၂၂ ခုနှစ်၌ မြန်မာ့လူဦးရေ၏ ထက်ဝက်နီးပါး ဆင်းရဲမှုဒဏ်ခံရနိုင် | ၉၆ |
| ၃။ | H&M က မြန်မာနိုင်ငံမှအထည်များ ပြန်လည်မှာယူသွားမည် | ၉၇ |
| ၄။ | အိုင်ယာလန်နိုင်ငံ ဖက်ရှင်အမှတ်တံဆိပ် Primark ကုမ္ပဏီ မြန်မာနိုင်ငံသို့ ကုန်အမှာစာအသစ်များ ပြန်လည်မှာယူသွားမည် | ၉၈ |
| ၅။ | မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် တောင်ကိုရီးယား အခြေစိုက်ကုမ္ပဏီများ၏ လုပ်ငန်းများ ပြန်လည်ရုတ်သိမ်းရန် အစီအစဉ်မရှိ | ၉၉ |

## နိုင်ငံတကာစီးပွားရေးသတင်းများ


| | | |
|---|---|---|
| ၁။ | အင်ဒိုနီးရှား-စင်ကာပူနှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုစာချုပ်များအသက်ဝင် | ၁၀၀ |
| ၂။ | ဖိလစ်ပိုင်နိုင်ငံ၌ အခွန်နှုန်းထားများလျှော့ချ | ၁၀၁ |
| ၃။ | AEC Blueprint 2025 Highlights | ၁၀၁ |
| ၄။ | အာဆီယံစီးပွားရေးမဏ္ဍိုင်က Circular Economy ဆိုင်ရာမူဘောင်ကို ရေးဆွဲလျက်ရှိ | ၁၀၂ |
| ၅။ | စည်းမျဉ်းအခြေပြုအာဆီယံအသိုက်အဝန်းထူထောင်ရန်ရည်ရွယ် | ၁၀၃ |
| ၆။ | COVID-19 အလွန် ပြန်လည်ထူထောင်ရေးကာလတွင် နိုင်ငံအလိုက်စီးပွားရေး တိုးတက်မှုနှုန်းများအပြောင်းအလဲရှိ | ၁၀၄ |
| ၇။ | ကမ္ဘာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေ | ၁၀၄ |
| ၈။ | ၂၀၂၂ ခုနှစ် ကမ္ဘာ့စီးပွားရေးအလားအလာများ | ၁၀၅ |
| ၉။ | COVID-19 အလွန်ကာလ၌ တရုတ်ကုမ္ပဏီများအာဆီယံတွင် ပိုမိုရင်းနှီးမြှုပ်နှံမည် | ၁၀၆ |
| ၁၀။ | ASEAN Collective Investment Schemes (CIS) Framework သို့ ဖိလစ်ပိုင်နိုင်ငံ ပါဝင်လာ | ၁၀၇ |
| ၁၁။ | အရှေ့တောင်အာရှနိုင်ငံများအနက် ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ် အတွင်း စီးပွားရေး တိုးတက်မှုအမြန်ဆုံးနိုင်ငံဖြစ်ကြောင်း ADB ၏ အစီရင်ခံစာတွင်ဖော်ပြ | ၁၀၈ |
| ၁၂။ | ၂၀၂၁ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း (၃.၆) ရာခိုင်နှုန်း ရောက်ရှိမည်ဟု IMF ခန့်မှန်း | ၁၁၀ |
| ၁၃။ | တောင်ကိုရီးယား ပြည်တွင်းလေကြောင်းခရီးစဉ် တိုးတက်လာမှုနှင့် အစိုးရမှ လေကြောင်းကဏ္ဍအား ပံ့ပိုးပေးမည့်အခြေအနေ | ၁၁၂ |
| ၁၄။ | ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP) အား ၂၀၂၂ ခုနှစ်မှစ၍ အာဏာသက်ဝင်လာစေရန် အဖွဲ့ဝင်နိုင်ငံများဆန္ဒရှိ | ၁၁၃ |
| ၁၅။ | တောင်ကိုရီးယားနိုင်ငံမှ ၂၀၂၁ ခုနှစ်တွင် Free Trade Agreement- FTA အထောက်အကူပြုစင်တာများဖွင့်လှစ်သွားရန်စီစဉ် | ၁၁၃ |
| ၁၆။ | ၂၀၂၀ - ၂၀၂၁ ခုနှစ်တွင် သကြားဝယ်လိုအားနှင့် ရောင်းလိုအားမညီမျှမှုကြောင့် သကြားလိုအပ်ချက် မက်ထရစ်တန်ချိန် ၂.၈ သန်းခန့် ဖြစ်ပေါ်နိုင် | ၁၁၄ |
| ၁၇။ | ကမ္ဘာ့ကော်ဖီစေ့ ကုန်လက်ကျန် လျော့နည်းလျက်ရှိ | ၁၁၅ |

## နိုင်ငံတကာစီးပွားရေးသတင်းများ


| | | |
|---|---|---|
| ၁၈။ | စင်ကာပူနိုင်ငံရဲ့ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များဖြန့်ဖြူးရောင်းချရာ“ **Pasir Panjang Wholesale Centre”** | ၁၁၆ |
| ၁၉။ | တောင်ကိုရီးယားနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ | ၁၁၇ |
| ၂၀။ | ထိုင်းနိုင်ငံတွင် COVID-19 ကပ်ရောဂါ ဖြစ်ပွားနေသော်လည်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI) လျှောက်ထားမှုတန်ဖိုးမြင့်တက် | ၁၁၉ |
| ၂၁။ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် COVID-19 ကမ္ဘာ့ကပ်ရောဂါ ကာလ အတွင်း စီးပွားရေးဆိုင်ရာ အချက်အလက်များ | ၁၂၁ |
| ၂၂။ | ၂၀၂၀ ပြည့်နှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ | ၁၂၄ |
| ၂၃။ | နည်းပညာမြင့်ကုန်ထုတ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံနိုင်မည့်နေရာနှင့် အာရှ၏ ဝန်ဆောင်မှုဗဟိုဌာနအဖြစ် မလေးရှားနိုင်ငံဆက်လက်ရပ်တည် | ၁၂၅ |
| ၂၄။ | ဖွံ့ဖြိုးဆဲအာရှနိုင်ငံများသို့ ရင်းနှီးမြှုပ်နှံမှုများပိုမိုဝင်ရောက် | ၁၂၆ |
| ၂၅။ | အာဆီယံနှင့်အီးယူအကြား ကမ္ဘာ့ပထမဆုံး လေကြောင်းပို့ဆောင်ရေးဆိုင်ရာ သဘောတူညီချက် ဆွေးနွေးမှုအပြီးသတ် | ၁၂၉ |
| ၂၆။ | **COVID-19** ကြောင့် ကမ္ဘာလုံးဆိုင်ရာတန်ဖိုးမြင့်ကွင်းဆက် **(Global Value Chains-GVCs)** တွင် အာဆီယံပါဝင်နိုင်မှုအပေါ် သက်ရောက်မှုရှိ | ၁၃၀ |
| ၂၇။ | ဗီဇပြောင်း COVID-19 နှင့် သက်ရောက်မှုများ | ၁၃၂ |

## **အမှာစကား**



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး မိမိတို့နိုင်ငံအတွက် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများလွယ်ကူချောမွေ့စေရန်ရည်ရွယ်ဆောင်ရွက် လျက် ရှိပါသည်။ ဝန်ကြီးဌာနအနေဖြင့် “A trusted partner of the business and development community.” ဟူသည့် ဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ စီးပွားရေးအသိုက်အဝန်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ယုံကြည်အားကိုးရသည့် ဌာနအဖွဲ့အစည်းတစ်ရပ် ဖြစ်စေရေး အလေးထားဆောင်ရွက်လျက် ရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန များ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ ကမ္ဘာတစ်ဝှမ်းနှင့် ဒေသတွင်းစီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ လုပ်ငန်း တာဝန်များနှင့် ဆက်စပ်သည့် ဆောင်းပါးများ၊ အသိပညာနှင့် နည်းပညာဆိုင်ရာ ဗဟုသုတများ ရရှိစေ မည့် ဆောင်းပါးများကို ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၊ လုပ်ဖော်ကိုင်ဖက်ဆက်စပ် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ သိရှိနိုင်စေရန်၊ ဝန်ကြီးဌာန၏ ဝန်ဆောင်မှု (Service Delivery) အစိတ်အပိုင်း တစ်ရပ်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန သတင်းလွှာ (MIFER Bulletin) ကို (၃) လ တစ်ကြိမ် ထုတ်ဝေဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဤသတင်းလွှာထုတ်ဝေနိုင်ရန်အတွက် သတင်းအချက်အလက်များ ပံ့ပိုးခဲ့ကြသည့် ပြည်ထောင်စု ဝန်ကြီးရုံး၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ဆောင်းပါးများ ရေးသားပံ့ပိုးပေးခဲ့ကြသည့် ဝန်ကြီးဌာနမှဝန်ထမ်းများ၊ ပြင်ပမှပညာရှင်များနှင့် ပုံနှိပ် ထုတ်ဝေနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ဝန်ထမ်းများအား အထူးကျေးဇူးတင်ရှိပါ ကြောင်း ပြောကြားလိုပါသည်။

ဤသတင်းလွှာအား အလွယ်တကူရယူဖတ်ရှုနိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဝက်ဘ်ဆိုက် www.mifer.gov.mm တွင် Download ရယူနိုင်မည် ဖြစ်ပါသည်။

**အယ်ဒီတာချုပ်**

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် မြေအခက်အခဲ

**မောင်ငြိမ်းကာ**

မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ အရေးကြီးတဲ့ အခန်းကဏ္ဍကပါဝင်သည့် အားလျော်စွာ နိုင်ငံတော်အစိုးရ အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးအ တွက် ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲခြင်း၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းတို့အပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ အခန်းကဏ္ဍကိုပါ လိုအပ်သလို ပြုပြင်ပြောင်းလဲမှုတွေလုပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။ အစိုးရက ထုတ်ပြန်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုမူဝါဒ အမှတ်စဉ် ၄ (ဃ) "အတည်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် ကာလရှည် မြေငှားရမ်းခွင့်ရရှိရေး ဥပဒေနှင့်အညီဆောင်ရွက်ပေးမည်"လို့ ထည့်သွင်း ထုတ်ပြန်ထားပါတယ်။

အထက်ပါအတိုင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုများ တိုးတက်လာစေရေး နိုင်ငံတော်အစိုးရနဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ အနေနဲ့ တစိုက်မတ်မတ်ကြိုးပမ်း ဆောင်ရွက်ခဲ့ သော်လည်း ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြေနှင့်သက်ဆိုင်သည့် အခက်အခဲများအား ရင်ဆိုင်နေရဆဲဘဲ ဖြစ်ပါတယ်။ မြေဆိုင်ရာကိစ္စများနှင့် စပ်လျဉ်းပြီး World Bank Group မှ သုံးသပ် ဖော်ထုတ်သည့် Myanmar Investment Climate Assessment Report မြန်မာရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဆိုင်ရာ အကဲဖြတ်အစီရင်ခံစာ၏ သုံးသပ်ချက်တွင် လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် လိုအပ်သည့် မြေရရှိရေးမှာ အဓိကအခက်အခဲ တစ်ခုအဖြစ် ပါဝင်နေကြောင်း ထောက်ပြသုံးသပ် ထားပါတယ်။

ထို့အပြင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International CooperationAgency–JICA)တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း (Myanmar Investment Promotion Plan–MIPP) တွင် သုံးသပ်တွေ့ရှိချက်အရလည်း မြေဈေးကွက်အချို့ဟာ ဈေးကစားသူ အချို့လက်ဝယ်တွင် ရှိနေခြင်းကြောင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ၊နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်း ဖြေလျှော့ခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အားထုတ်ကြိုးပမ်းလုပ်ဆောင်ခြင်းများ ရှိလင့်ကစား လယ်ယာကဏ္ဍအပါအဝင်တွင် မြေယာအခြေပြု နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ အကန့်အသတ်ဖြင့်သာရှိနေကြောင်း၊ မြေဆိုင်ရာ စီမံခန့်ခွဲမှုတွင် ပွင့်လင်း မြင်သာမှုမရှိခြင်းကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့်သူများစွာမှာ လေ့လာစောင့်ကြည့်သည့် အဆင့်၌ပင် ရပ်တည်လျက်ရှိပါကြောင်း၊ ဤအချက်သည် လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအပေါ် သက်ရောက်မှုရှိစေပြီး စိုက်ပျိုးရေးကဏ္ဍအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အလွန်အမင်း နည်းပါးနေသည့် အခြေအနေတွင် ရှိနေကြောင်း ထောက်ပြသုံးသပ်ထားပါတယ်။ အဆိုပါ အခြေအနေတွေအရ ရင်းနှီးမြှုပ်နှံမှုတွင် အဓိကကျသည့် မြေရရှိနိုင်မှုသည် လက်ရှိကာလအထိ အဆင်ပြေချောမွေ့မှု မရှိသေးကြောင်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဟာ ရင်းနှီးမြှုပ်နှံမှုများတိုးတက် စီးဝင်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ဖန်တီး၍ ရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေချောမွေ့စွာလုပ်ငန်းများလည်ပတ်နိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေမယ့် မြေစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် တစ်ဖက်ပါ အခက်အခဲများကို ကြုံတွေ့နေရဆဲ ဖြစ်ပါတယ် -

(၁) ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုပါက မြေနေရာရရှိနိုင်ရေးအတွက် ကော်မရှင်မှ ပါဝင်ဆောင်ရွက်ပေးနိုင်ခြင်းမရှိဘဲ ရင်းနှီးမြှုပ်နှံသူမှ မိမိကိုယ်တိုင် မြေနေရာရှာဖွေ၍ ရင်းနှီးမြှုပ်နှံရခြင်း။

(၂) မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း အမျိုးအစားအလိုက် Industrial Clusters များ (ဥပမာအားဖြင့် ရေနံဓာတုဆိုင်ရာ လုပ်ငန်းစု၊ မော်တော်ယာဉ် အစိတ်အပိုင်းများဆိုင်ရာ လုပ်ငန်းစု၊ လျှပ်စစ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းစု၊ တွင်းထွက်ကျောက်မျက်ရတနာလုပ်ငန်းစု၊ ထုပ်ပိုးခြင်း ဆိုင်ရာလုပ်ငန်းစုနှင့်ချည်မျှင်နှင့် အထည်ချုပ်ဆိုင်ရာလုပ်ငန်းစု၊ စားသောက်ကုန်လုပ်ငန်းစု) စသည်ဖြင့်လည်းကောင်း ၊စိုက်ပျိုး ရေးဇုန်များ၊ မွေးမြူရေးဇုန်များ၊ ဟိုတယ်ဇုန် များ စသည်ဖြင့်လည်းကောင်း ဇုန် ခွဲခြားသတ်မှတ်၍ မြေနေရာချထားမှု၊ စီမံကိန်းများ သတ်မှတ်မှုကို ပြင်ဆင်ဆောင်ရွက်ဆဲဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အစိုးရက မြေခွင့်ပြုပေးခြင်းထက် ရင်းနှီးမြှုပ်နှံသူက အဆိုပြုတင်ပြမှုကိုသာ စိစစ်ခွင့်ပြုနေရခြင်း။

(၃) ရင်းနှီးမြှုပ်နှံသူများအနေဖြင့် နိုင်ငံပိုင် မြေများအား ငှားရမ်းလုပ်ကိုင်လိုသည့်အခါတွင် ဝန်ကြီးဌာနပိုင်မြေဖြစ်ပါက မည်သူ့ကို မည်သို့ ဆက်သွယ်ဆောင်ရွက်နိုင်မည်ကို အလွယ်တကူ မသိရှိသည့်အတွက် အခက်အခဲများနှင့် ရင်ဆိုင်ရခြင်း။

(၄) ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပုဂ္ဂလိက ပိုင်မြေများအား ငှားရမ်းအသုံးပြုရာတွင်လည်း မြေရှင်၏ သဘောဆန္ဒအတိုင်းလိုက်ပါဆောင်ရွက်ရပြီး မြေပိုင်ရှင်အနေဖြင့် မြေဈေးနှုန်းများ မြင့်တက်တောင်းခံလိုသည့် အတွက် ကာလရှည် ငှားရမ်းခြင်းထက် ကာလတိုသာငှားရမ်းလိုကြသောကြောင့် ကာလရှည် ရင်းနှီးမြှုပ်နှံလို ကြသည့် လုပ်ငန်းရှင်များအတွက် မြေယာပေါ်တွင်လုပ်ကိုင်ခွင့်နှင့် ပတ်သက်၍ အာမခံချက် နည်းပါးပြီး မြေဈေးနှုန်းများ တစ်နှစ်ထက်တစ် နှစ်တိုးမြင့်လာသည့်အခက်အခဲများနှင့် ရင်ဆိုင်ရလျက်ရှိခြင်း၊ အချို့သော မြေနေရာများမှာ နှစ်ရှည်ငှားရမ်းနိုင်ရန် ကန့်သတ်ချက်များ ရှိနေခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်၍မရခြင်း။

(၅) မြေဈေးနှုန်းကြီးမားခြင်း၊ စက်မှုဇုန် မြေနေရာရရန် ခက်ခဲခြင်း။

(၆) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းအနေဖြင့် နိုင်ငံတော်ပိုင်မြေကို ငှားရမ်း၍ လယ်ယာကဏ္ဍ အခြေပြု စက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းမြေငှားရမ်းမှုတွင် ဝန်ကြီးဌာန နှစ်ခုသုံးခုနှင့် ညှိနှိုင်းရခြင်း၊ ညှိနှိုင်းမှုကြန့်ကြာခြင်းကြောင့် လုပ်ငန်းစတင်နိုင်ရေးအတွက် နှောင့်နှေးပြီးစရိတ်စကများစွာ ကုန်ကျခြင်း။

(၇) အချို့သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ မြေရရှိရေးအတွက် ဝန်ကြီးဌာန အများအပြားနှင့် ဆက်သွယ်ဆောင်ရွက်ရခြင်း။

(၈) အချို့သော အဆိုပြုလုပ်ငန်းများတွင် မူလမြေပိုင်ရှင်မှာ ဝန်ကြီးဌာနပိုင်မြေဖြစ်ပြီး တိုင်းဒေသကြီး၏ စီမံခန့်ခွဲမှုကို လွှဲပြောင်းပေးပြီးဖြစ်သော်လည်း ရင်းနှီးမြှုပ်နှံသူမှ ငွေရမ်းဆောင်ရွက်သည့်အခါ မြေလွှဲပြောင်းခြင်းကိစ္စရပ်မှာ အချိန် ကြာမြင့်သည့်တိုင် ပြီးပြတ်ခြင်း မရှိသောကြောင့် နှောင့်နှေးကြန့်ကြာခြင်းများဖြစ်ရပြီး ရင်းနှီးမြှုပ်နှံသူမှာ အချိန်ကြန့်ကြာခြင်း၊ ငွေကြေး ကုန်ကျမှုများခြင်းတို့ ကြုံတွေ့ရသည့်အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိုးရိမ်ပူပန်မှု ရှိလာခြင်း၊ ဥပဒေအပေါ် ယုံကြည်မှုနည်းပါးခြင်း၊ စိတ်ပျက်အားလျော့ခြင်း စသည့် အခြေအနေများပေါ်ပေါက်လာခြင်း။

(၉) ခွင့်ပြုသင့်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဖြစ်သော်လည်း မြေအမျိုးအစား သတ်မှတ်မှုအရ ဆီလျော်မှု မရှိခြင်းကြောင့် ခွင့်ပြု၍မရခြင်း။

(၁၀) ဝန်ကြီးဌာနအလိုက် ခွင့်ပြုသည့် မြေနေရာများ ထပ်နေခြင်း။

(၁၁) မတူညီသည့် အဖွဲ့အစည်းများမှ ခွင့်ပြုပေးခြင်းကြောင့် မြေနေရာများ ထပ်နေခြင်း။

(၁၂) နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများက ၎င်းတို့၏ လုပ်ငန်းများအတွက် မြေ ရရှိနိုင်မှု အခြေအနေနှင့် ဈေးနှုန်းများ စုံစမ်းလာသည့်အခါ ကော်မရှင်အနေဖြင့် တိကျထိရောက်သည့် အဖြေမပေးနိုင်ခြင်း။

အထက်ပါ အခက်အခဲတွေ ဖြစ်ပေါ်ရခြင်း အကြောင်းရင်းကို သုံးသပ်ကြည့်ရင် -

(၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အခြားသော ဝန်ကြီးဌာနများတွင် စီးပွားရေးလုပ်ငန်းကဏ္ဍ အလိုက် လုပ်ကိုင်ခွင့်ပေးခြင်းဆိုင်ရာ ဥပဒေနဲ့ စည်းမျဉ်းစည်းကမ်းများ ကွဲလွဲမှုများ ရှိနေတာကပထမအချက်ဖြစ်ပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုနိုင်သည့် မြေအသုံးပြုခွင့်ကာလသည် ကနဦး နှစ် ၅၀ ဖြစ်ပါတယ်။ ဒါပေမယ့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတွင် မြေယာ အသုံးပြုခွင့် ကာလမှာ ကနဦး နှစ် ၃၀ သာ ဖြစ်ပါတယ်။

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါတယ် -

"နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပုဒ်မ ၄ ပါ လုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိလိုပါက အောက်ပါ ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများသည် သတ်မှတ်ချက်များနှင့်အညီဗဟိုကော်မတီသို့ လျှောက်ထားနိုင်သည်

- မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများ။
- အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ။
- ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကိုကန့်သတ်သည့် ဥပဒေ

ပုဒ်မ ၁၄ နှင့်အညီ ကင်းလွတ်ခွင့်ပြုထားသူများ။

- အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ။

(ခ) မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် “မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ”နှင့် ပတ်သက်၍ အဆိုပါဥပဒေပုဒ်မ ၁၂ တွင် အောက်ပါ အတိုင်း ပြဋ္ဌာန်းပါရှိပါတယ် - “ဗဟိုကော်မတီသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ ပါဝင်သည့် အဖွဲ့အစည်းက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားလာပါကနိုင်ငံသားများဆောင်ရွက်နိုင်စွမ်းမရှိသော လုပ်ငန်းများသာရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်ရန် စိစစ်ခွင့်ပြုရမည်။”

(ဂ) အထက်ပါ အခြေအနေများအရ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဦးစွာရယူရမည့်သဘောသက်ရောက်ပါတယ်။

(ဃ) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅ဂ (ခ)မှာ “နိုင်ငံခြားရင်းနှီးမြှုပ်နှံသူသည်အစိုးရ (သို့မဟုတ်)အစိုးရအဖွဲ့အစည်းများထံမှ ဖြစ်စေ၊ ပုဂ္ဂလိကမြေ (သို့မဟုတ်) အဆောက်အအုံပိုင်ရှင်ထံမှ ဖြစ်စေ ကော်မရှင်ခွင့်ပြုမိန့်(သို့မဟုတ်)အတည်ပြုမိန့်ရသည့်နေ့မှစ၍ ကနဦးနှစ်၅ဂအထိသတ်မှတ်ချက်နှင့်အညီမြေ(သို့)အ ဆောက်အအုံငှားရမ်းနိုင်သည်”လို့ ပြဋ္ဌာန်းထားပါတယ်။

(င) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၁၇ အရ မြေအသုံးပြုခွင့် လျှောက်ထားတင်ပြတဲ့အခါ ငှားရမ်းလိုတဲ့မြေနဲ့ပတ်သက်ပြီး အချက်အလက်များ ပြည့်စုံစွာ ဖော်ပြပြီး လျှောက်ထားဘို့ လိုအပ်ကြောင်း အသေးစိတ်ထည့်သွင်း ပြဋ္ဌာန်းထားပါတယ်။

(စ) အထက်အပိုဒ်ခွဲ (က) မှ (င) အထိ အခြေအနေများအရ ဥပဒေနှစ်ခုဟာ တစ်ခုနှင့် တစ်

ခုလိုက်လျော ညီထွေမဖြစ်တဲ့ အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအနေနဲ့ ဘယ်လိုအခက်အခဲပေါ်နိုင်မယ် ဆိုတာကို ခန့်မှန်းကြည့်လို့ ရပါတယ်။

(၂) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် Organization for Economic Cooperation and Development – OECD တို့ပူးပေါင်းပြီး OECD ရင်းနှီးမြှုပ်နှံမှုမူဝါဒ လေ့လာသုံးသပ်ချက်-မြန်မာနိုင်ငံ (၂၀၂၀) ကို ဆောင်ရွက်ခဲ့ရာ အဆိုပါ လုပ်ငန်းစဉ်တွင် ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး၊ တာဝန်ယူမှုရှိသော စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်မှုကို မြှင့်တင်ခြင်းနှင့် လုပ်သာကိုင်သာရှိအောင် ဆောင်ရွက်ခြင်း၊ အခြေခံအဆောက်အအုံ ချိတ်ဆက်မှုအစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာရင်းနှီးမြှုပ်နှံမှုမူဘောင်၊ စီးပွားရေးဇုန်များကို အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ခြင်း၊ အာမခံချက်ရှိပြီး ရှင်းလင်းကောင်းမွန်သော မြေအသုံးချခွင့်ကို မြှင့်တင်ဆောင်ရွက်ခြင်းစသည့် နယ်ပယ် ၇ ခု အပေါ် အခြေခံ၍ မူဝါဒပိုင်းဆိုင်ရာ သုံးသပ်ချက်များပါဝင်ပြီး ပြုပြင်ပြောင်းလဲရန် လိုအပ်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြုချက်များ ပါဝင်ပါတယ်။ အဆိုပါ လေ့လာသုံးသပ်ချက် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏မြေယာမူဝါဒနှင့် ပတ်သက်၍ တွေ့ရှိရသော အားနည်းချက်များကို OECD က အောက်ပါအတိုင်း သုံးသပ်တင်ပြခဲ့ပါတယ် -

(က) **ရင်းနှီးမြှုပ်နှံမှုမူဝါဒ (Investment Policy)**

(၁) နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ နှစ်ရှည် မြေငှားစာချုပ်ကို မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ရန်။

(ခ) **အာမခံချက်ရှိပြီး ရှင်းလင်းကောင်းမွန်သော မြေအသုံးချခွင့်ကိုမြှင့်တင်ဆောင်ရွက်ခြင်း (Fostering Secure and Well-defined Land Rights)**

(၁) အမျိုးသားမြေ အသုံးချရေးမူဝါဒကို ထိရောက်မှုရှိသော ဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ်မှ တစ်ဆင့် အကောင်အထည်ဖော်ရန်

(၂) အမျိုးသားမြေ ဥပဒေနှင့် တည်ဆဲမြေဆိုင်ရာဥပဒေများ ညီညွတ်မှုရှိစေရေး ဆောင်ရွက်ရန်၊

(၃) မြေအသုံးချမှု မူဝါဒနှင့် လုပ်ထုံး လုပ်နည်းများ ညီညွတ်မှုရှိစေမည့်တစ်ခုတည်းသော စီမံခန့်ခွဲမှု စနစ်ကို ဖော်ဆောင်ရန်၊

(၄) မြေဧက ပမာဏများပြားသည့် စိုက်ပျိုးမြေများကို ခွဲဝေချထားမှုအတွက် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်း နည်းလမ်းများကိုတည်ထောင်ရန်နှင့်မြေ

အသုံးချမှု စီမံချက်မှု ဘောင် ထူထောင်ရန်၊

(၅)ထိရောက်သည့်မြေအငြင်းပွားမှု ဖြေရှင်းသည့်စနစ်တစ်ခုကိုတည်ထောင်ရန်။

မြေယာနှင့် ပတ်သက်သော အခြေအနေကို ပြန်လည်သုံးသပ်ပါက အဓိက အားနည်းချက်တွေကို အောက်ပါအတိုင်းတွေ့ရှိရမှာ ဖြစ်ပါတယ်-

(၁) **လုပ်ထုံးလုပ်နည်း အားနည်းချက်ကြောင့် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ**

(က) ရှုပ်ထွေး၍အချိန်ကြာမြင့်သည့် မှတ်ပုံတင် လုပ်နည်းစနစ်ကြောင့် မြေယာမှတ်ပုံတင်မှု အခြေအနေ နည်းပါးနေခြင်း။

( ခ ) မြေယာစီမံခန့်ခွဲမှုစနစ် စွမ်းဆောင်မှု နိမ့်ကျခြင်း။

(၂) **ဥပဒေ၏ အားနည်းချက်ကြောင့် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ**

(က) တင်းကြပ်ပြီးပကတိမြေ အသုံးပြုမှု အခြေအနေကို ထင်ဟပ်ခြင်းမရှိသော မြေအမျိုးအစားခွဲခြားမှုစနစ် ကျင့်သုံးခြင်း။

(ခ) မှတ်ပုံတင်ထားသည့် မြေများအပေါ်တွင် အကာအကွယ်ပေးမှု အားနည်းခြင်း။

(၃) **မူဝါဒအားနည်းချက်ကြောင့် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ**

(က) မိရိုးဖလာမြေအသုံးပြုမှုကိုအသိအမှတ်မပြုခြင်း။

(ခ) လုံလောက်သော အကာ အကွယ်မရှိဘဲ ပမာဏကြီးမားသည့် မြေယာများ ခွဲဝေချထားခြင်း။

မြန်မာနိုင်ငံမှာ မြေစီမံခန့်ခွဲမှုနဲ့ ပတ်သက်ပြီး ခေတ်နောက်ကျပြီး ရှုပ်ထွေးတဲ့ဥပဒေများကို ကျင့်သုံးဆဲ ဖြစ်တာရယ်၊ မြေယာစီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီး ကိုင်တွယ်ဆောင်ရွက်ရတဲ့ ဌာနတွေ အများအပြားဖြစ်နေတာရယ်ကြောင့် နိုင်ငံတော်အစိုးရနဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မူဝါဒချမှတ်ခြင်း၊ ကြိုးပမ်းဆောင်ရွက်ခြင်းတို့ဟာ ထင်သလောက် ခရီးပေါက်ရန် ခက်ခဲလျက်ရှိပါတယ်။ အခြားပတ်ဝန်းကျင် နိုင်ငံအသီးသီးမှာ မြေနဲ့ ပတ်သက်လို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ အခက်အခဲမပေါ်ပေါက်အောင် ဝန်ကြီးဌာန အသီးသီးက ဝိုင်းဝန်းကြိုးပမ်းပြီး လွယ်အောင်၊ ရှင်းအောင် ဆောင်ရွက်ပေးနေတာလည်း တွေ့ရပါတယ်။

မြန်မာနိုင်ငံ၌ မြေယာနှင့် စပ်လျဉ်းသည့် တာဝန်ခံဝန်ကြီးဌာနများ များစွာရှိပြီး အဆိုပါ ဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေ။ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများမှာလည်း အမျိုးမျိုး ကွဲပြားလျက်ရှိသည့်အတွက် Cross-Cutting Issues များ ဖြစ်ပေါ်လျက်ရှိပြီး Policy Conflict များလည်း ဖြစ်ပေါ်လျက် ရှိနေပါတယ်။ မြေယာဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းမူဝါဒဆိုင်ရာ ပဋိပက္ခ(Policy Conflict) မဖြစ်စေရေးအလေးထားဆောင်ရွက်ရန် လိုအပ်လျက်ရှိနေပါတယ်။

ထိုသို့ဆောင်ရွက်ရန်အတွက် အမျိုးသားမြေအသုံးချမှုဥပဒေ(National Land Law)ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဆွဲဆောင်မှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ဖန်တီးနိုင်ဖို့အတွက် မြေဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေ၊လုပ်ထုံးလုပ်နည်းတွေ၊စည်းမျဉ်းစည်းကမ်းတွေကို တစ်ပြေးညီ ဖြစ်စေရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများ မဖြစ်ပေါ်စေရေး လက်တွေ့ကျအောင်လုပ်ကြဘို့ လိုအပ်လျက်ရှိပါကြောင်း ပြောချင်ပါတယ်။

## စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်များ၏ ဆက်စပ်မှု ခင်ချင်းတွင်း

ယနေ့ ကမ္ဘာ့နိုင်ငံများ၏ အဓိက အရေး အကြီးဆုံးသော ဦးတည်ချက်မှာ မိမိနိုင်ငံ ဖွံ့ဖြိုး တိုးတက်မှု ရရှိရေးပင် ဖြစ်သည်။ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှု နိမ့်ကျသည့် နိုင်ငံများကလည်း မိမိတို့နိုင်ငံကို အဆိုး ကျော့ သံသရာလည်ပတ်မှု (Vicious Circle) မှ ထိုးဖောက် လွတ်မြောက်ရန် ကြိုးပမ်းနေကြသကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများကလည်း ရရှိပြီးသား ဖွံ့ဖြိုးမှုကို ဆက်လက်တည်တံ့နိုင်စေရေးအတွက် ကြိုးပမ်းနေ ကြသည်ပင် ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂမှ ထောင်စုနှစ်အသစ်တစ်ခု သို့ ကူးပြောင်းမှုကို ဆင်နွှဲသည့်အနေဖြင့် လူသား ဖွံ့ဖြိုးမှု (Human Development) တိုးတက်ဖြစ်ပေါ် စေရေးအတွက် ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Millennium Development Goals-MDGs) အား ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးမှုလမ်းညွှန်အဖြစ် ၂၀၀၀ ခုနှစ် မှ ၂၀၁၅ ခုနှစ်အတွင်းတွင်လည်းကောင်း၊ ၂၁ ရာစုသို့ ရောက်ရှိလာချိန်တွင် Globalization အသီးအပွင့် တို့ကို ကမ္ဘာ့နိုင်ငံများအကြား ညီမျှစွာ ခွဲဝေခံစားနိုင် ရန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals- SDGs) အား ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ခုနှစ် အကြားတွင်လည်းကောင်း အကောင် အထည် ဖော်ဆောင်ရန် ဖြစ်ပါသည်။

### စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ စတင်အသက် ဝင်ခြင်း

ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှု နည်းပါး သည့် နိုင်ငံများအနေဖြင့် ၂၀၀၀ ခုနှစ်က ချမှတ်ခဲ့သည့် ထောင်စုနှစ်ပန်းတိုင်များအား အကောင်အထည်ဖော် ဆောင်ခဲ့ရာတွင် အောင်မြင်မှုများ တည်ရှိခဲ့သလို အချို့သော စိန်ခေါ်မှုများကိုလည်း ဆက်လက်၍ ရင် ဆိုင်ရအုံးမည် ဖြစ်သည်။ ၂၀၁၅ ခုနှစ်စက်တင်ဘာလ ၂၈ ရက်နေ့ မှ ၃၀ ရက်နေ့အထိ ကျင်းပခဲ့သည့် ကုလသမဂ္ဂစုံညီ အစည်းအဝေးတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals -SDGs) များအား အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ဇန်နဝါရီလ(၁)ရက်နေ့မှ စတင်၍ အသက်ဝင်ခဲ့ပြီ ဖြစ် သည်။

ယခုအခါ ဖွံ့ဖြိုးမှု၏ အဓိပ္ပာယ်မှာ ပြောင်းလဲ လာခဲ့ပြီဖြစ်သည်။ ဖွံ့ဖြိုးမှုဟုဆိုရာတွင် စီးပွားရေး ရှုထောင့် (Economic Aspect)၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု ကောင်းကျိုး (Material Well-being) တို့နှင့် သာ ရှုမြင်၍ မပြည့်စုံနိုင်ဘဲ စိတ်ပိုင်းဆိုင်ရာ ခံစားမှု များ (Spiritual and Mental Well-being) တို့ကိုပါ ထည့်သွင်းကာ ဖွံ့ဖြိုးမှုကို အရည်အသွေး ရှုထောင့် (Quality Aspect) မှလည်း စဉ်းစားလာခဲ့ကြပြီ ဖြစ် ပါသည်။သို့ဖြစ်ရာဖွံ့ဖြိုးမှုဆိုသည်မှာ လူနေမှုဘဝ အရည်အသွေးတိုးတက်လာခြင်း(Promoting quality of life) ပင် ဖြစ်ပါသည်။




### ၂၀၁၅ခုနှစ်အလွန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ

ကမ္ဘာ့နိုင်ငံများအတွက် ထောင်စုနှစ်ပန်းတိုင် များအား ပြည့်မီစွာ မအောင်မြင်ခဲ့သော နိုင်ငံများ အနေဖြင့် ဆောင်ရွက်ရန် ကျန်လုပ်ငန်းများနှင့် ဆက် လက်ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများအပါအဝင်

၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ ၂၀၃၀ ခုနှစ်အထိ ကမ္ဘာ့ဖွံ့ဖြိုးမှု လမ်းညွှန်အဖြစ် အကောင်အထည်ဖော်ရန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- **ပန်းတိုင် (၁)-** နေရာအနှံ့ ဆင်းရဲမှုပုံစံ အားလုံး အဆုံးသတ်ရေး ( Goal 1 - End poverty in all its forms everywhere )
- **ပန်းတိုင် (၂)** - ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ စားနပ်ရိက္ခာ ဖူလုံရေး ၊ အာဟာရပြည့်ဝမှု တိုးတက်ရေး နှင့် စဉ်ဆက်မပြတ် စိုက်ပျိုးရေး ဖြစ်ပေါ်တိုးတက်စေရေး (Goal 2- End hunger, achieve food security and improved nutrition, and promote sustainable agriculture)
- **ပန်းတိုင် (၃) -** လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေး (Goal 3 - Ensure healthy lives and promote well-being for all at all ages)
- **ပန်းတိုင် (၄) -** လူသားအားလုံး အကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာ သင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာ သင်ယူနိုင်သော အခွင့်အလမ်း ရရှိရေး ( Goal 4 - Ensure inclusive and equitable quality education and promote life-long learning opportunities for all )
- **ပန်းတိုင် (၅)-** ကျားမ တန်းတူညီမျှရရှိရေး နှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များ အားလုံး စွမ်းပကား တိုးမြှင့်စေရေး ( Goal 5. Achieve gender equality and empower all women and girls)
- **ပန်းတိုင် (၆) -** လူသားတိုင်း သန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှု ဖြစ်ပေါ်စေရေး (Goal 6. Ensure availability and sustainable management of water and sanitation for all)
- **ပန်းတိုင် (၇)-** လူသားတိုင်း တတ်နိုင်သော၊ စိတ်ချရသော၊ ရေရှည်တည်တံ့ ခိုင်မြဲ သော၊ ခေတ်မီစွမ်းအင်ရရှိရေး ( Goal 7. Ensure access to affordable, reliable, sustainable, and modern energy for all)
- **ပန်းတိုင် (၈)-** စဉ်ဆက်မပြတ်နှင့် အားလုံး ပါဝင်နိုင်သည့် ရေရှည်စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်စေရေး၊ လုပ်သားပြည့် အလုပ်အကိုင် ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ် နိုင်စွမ်းရှိ၍ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် တိုးတက်ဖြစ်ပေါ်ရရှိစေရေး (Goal 8. Promote sustained, inclusive and sustainable economic growth, full and productive employment and decent work for all.)
- **ပန်းတိုင် (၉) -** ကြံ့ခိုင်သော အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်း၊ အားလုံး အကျုံးဝင်ပြီး ရေရှည်တည်တံ့သည့် စက်မှုထူထောင်ခြင်းနှင့် တီထွင်ဆန်းသစ်မှုများအား အားပေးမြှင့်တင်ရေး ( Goal 9. Build resilient infrastructure, promote inclusive and sustainable industrialization and foster innovation)
- **ပန်းတိုင် (၁၀)-** နိုင်ငံတွင်းနှင့် နိုင်ငံများ အကြား မညီမျှမှုလျှော့ချရေး (Goal 10. Reduce inequality within and among countries)
- **ပန်းတိုင် (၁၁)-** အားလုံးအကျုံးဝင်ပြီး လုံခြုံစိတ်ချစွာဖြင့်ကြံ့ခိုင်ပြီးရေရှည် စဉ်ဆက်မပြတ် တိုးတက်မှုကို ဖြစ်စေမည့် မြို့ပြများနှင့် အခြေချနေထိုင်မှုများ ဖြစ်ပေါ်စေရေး ( Goal 11. Make cities and human

settlements inclusive, safe, resilient and sustainable)

- **ပန်းတိုင် (၁၂) -** ရေရှည်တည်တံ့စေမည့် စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းပုံစံများ ဖြစ်ပေါ်စေရေး ( Goal 12. Ensure sustainable consumption and production patterns)
- **ပန်းတိုင် (၁၃)-** ရာသီဥတုပြောင်းလဲခြင်းနှင့် ၎င်း၏ အကျိုးသက်ရောက်မှုများကို လျော့ပါးစေရေးအတွက် အရေးကြီးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေး ( Goal 13. Take urgent action to combat climate change and its impacts)
- **ပန်းတိုင် (၁၄)-** စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန် ပင်လယ်၊ သမုဒ္ဒရာနှင့် ရေသယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေး ( Goal 14. Conserve and sustainably use the oceans, seas and marine resources for sustainable development.)
- **ပန်းတိုင် (၁၅) -** ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အား ကာကွယ်ထိန်းသိမ်းကာ ရေရှည်တည်တံ့အောင် အသုံးပြုရေး၊ သစ်တောများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေး၊ သဲကန္တာရများ ဖြစ်ပေါ်စေမှုအား ပပျောက်စေရေး၊ မြေယာပြုန်းတီးယိုယွင်းပျက်စီးမှု ရပ်တံ့စေရေး၊ ဇီဝမျိုးစုံ မျိုးကွဲပြုန်းတီးမှု ရပ်တံ့စေရေး၊ ( Goal 15. Protect, restore and promote sustainable use of terrestrial ecosystems, sustainably manage forests, combat desertification, and halt and reverse land degradation and halt biodiversity loss)
- **ပန်းတိုင် (၁၆)-** စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်း၍ အားလုံး ပါဝင်နိုင်သော အဖွဲ့အစည်းများ တိုးတက်စေ ရေး ၊ အားလုံးအတွက် တရားမျှတမှု ဖြစ်ပေါ်စေရေးနှင့်အဆင့်တိုင်း၌ ထိရောက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော၊ လူတိုင်း အကျုံးဝင်သည့် အဖွဲ့အစည်းများ ထူထောင်ရေး ( Goal 16. Promote peaceful and inclusive societies for sustainable development, provide access to justice for all and build effective, accountable and inclusive institutions at all levels.)
- **ပန်းတိုင် (၁၇)**- အကောင်အထည် ဖော်ဆောင်မှုအားဖြစ်ပေါ်စေမည့် အထောက်အပံ့များ အားကောင်းစေခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ရှင်သန်အားကောင်းစေရေး (Goal 17- Strengthening the means of implementation and revitalize the Global Partnership for Sustainable development.)

သို့ဖြစ်ပါ၍ အသစ်ပြဋ္ဌာန်းလိုက်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များအား လေ့လာပါက အသေးစိတ်ကာ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရမည့် အနေအထားဖြစ်ပြီး အားလုံးအတွက် ညီညွတ် မျှတသည့် ဖွံ့ဖြိုးမှုအဆင့်အား ပိုမိုမြှင့်တင်ရမည့် ရည်မှန်းချက် ပန်းတိုင်များ ဖြစ်ပါသည်။ စုစုပေါင်း ပန်းတိုင် (၁၇)ခုတွင် ရည်မှန်းချက်ပေါင်း(၁၆၉)ခုရှိပြီး တိုင်းတာနိုင်သည့် ညွှန်ကိန်းပေါင်း (၂၃၀) ကျော် ရှိပါသည်။ နိုင်ငံများ၏ ဖွံ့ဖြိုးမှုအဆင့်အလိုက် စီမံချက် အကောင်အထည်ဖော်မှုများအား ရေးဆွဲဖော်ဆောင်ကြရန် ကမ္ဘာ့ကုလသမဂ္ဂမှ လမ်းညွှန်ထားပါသည်။ နိုင်ငံတိုင်း၏ နှစ်တိုနှစ်ရှည် စီမံကိန်းများတွင် အဆိုပါ ပန်းတိုင်များ အောင်မြင်စေရေးအတွက် စီမံချက်များ၊

အောင်မြင်မှုကို တိုင်းတာနိုင်သည့် ညွှန်ကိန်းများ တိုးတက်စေရေးကိစ္စများပါဝင်စေရန် လိုအပ်ပါသည်။

**စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်များနှင့် ဆက်စပ်မှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့ နောက်ပိုင်း အာဏာ ထိမ်းသိမ်းမှု ဆောင်ရွက်ပြီးနောက်ပိုင်း အောက်ပါ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ခဲ့ပါသည်-

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး၊ (SDG-10, SDG-16 တို့နှင့် လိုက်လျောညီညွတ်မှု ရှိပါသည်။)

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထား လုပ်ဆောင်ရေး၊ ( SDG -16 နှင့် လိုက်လျောညီညွတ်မှုရှိပါသည်။)

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကိုဆက်လက်လိုက်နာကျင့် သုံးရေး။ (SDG -16 နှင့် လိုက်လျော ညီညွတ်မှုရှိပါသည်။)

ဖော်ပြပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ နိုင်ငံရေး ဦးတည်ချက် (**၃**)**ရပ်သည်** အောက်ဖော်ပြပါ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် လိုက်လျော ညီညွတ်စွာ သတ်မှတ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်-

- စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်(၁၀)- နိုင်ငံတွင်းနှင့် နိုင်ငံများအကြား မညီမျှမှု လျှော့ချရေး (Goal 10. Reduce inequality within and among countries) ဟူသော ပန်းတိုင်၏ နိုင်ငံတွင်း မညီမျှမှု လျှော့ချရေး အပိုင်းနှင့်သော်လည်းကောင်း၊
- စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်(၁၆)- စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော အဖွဲ့အစည်းများ တိုးတက်စေရေး ၊ အားလုံးအတွက် တရားမျှတမှု ဖြစ်ပေါ်စေရေးနှင့် အဆင့်တိုင်း၌ ထိရောက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော၊ လူတိုင်းအကျုံးဝင်သည့် အဖွဲ့အစည်းများ ထူထောင်ရေး ( Goal 16. Promote peaceful and inclusive societies for sustainable development, provide access to justice for all and build effective, accountable and inclusive institutions at all levels.) နှင့် လိုက်လျောညီညွတ်စွာသတ်မှတ် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ( SDG -1 , SDG-2 နှင့် SDG -12 တို့နှင့် လိုက်လျောညီထွေမှု ရှိပါသည်။)

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ (SDG-8 နှင့် လိုက်လျောညီထွေမှုရှိပါသည်။)

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။(SDG-8 နှင့်လိုက်လျောညီထွေမှုရှိပါသည်။)

ဖော်ပြပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ **စီးပွားရေး ဦးတည်ချက်** (**၃**) **ရပ်သည်** အောက်ဖော်ပြပါ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် လိုက်လျော ညီညွတ်စွာ သတ်မှတ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်-

- **စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၁) -** နေရာအနှံ့ ဆင်းရဲမှုပုံစံအားလုံး အဆုံးသတ်ရေး (Goal 1 - End poverty in all its forms everywhere ) နှင့် သော်လည်းကောင်း၊
- **ပန်းတိုင်(၂)** - ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ စားနပ်ရိက္ခာ ဖူလုံရေး ၊ အာဟာရပြည့်ဝမှု တိုးတက်ရေးနှင့် စဉ်ဆက်မပြတ် စိုက်ပျိုးရေး ဖြစ်ပေါ်တိုးတက်စေရေး (Goal 2- End hunger, achieve food security and improved nutrition, and promote sustainable agriculture)နှင့်သော်လည်းကောင်း၊
- **ပန်းတိုင်(၈)-** စဉ်ဆက်မပြတ်နှင့် အားလုံးပါဝင်နိုင်သည့် ရေရှည် စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်စေရေး၊ လုပ်သားပြည့် အလုပ်အကိုင်ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိ၍ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် တိုးတက်ဖြစ်ပေါ် ရရှိစေရေး (Goal 8. Promote sustained, inclusive and sustainable economic growth, full and productive employment and decent work for all.) ၊
- **ပန်းတိုင်(၁၂) -** ရေရှည်တည်တံ့စေမည့် စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းပုံစံများ ဖြစ်ပေါ်စေရေး (Goal 12. Ensure sustainable consumption and production patterns) တို့နှင့်သော်လည်းကောင်း လိုက်လျော ညီညွတ်စွာ သတ်မှတ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

## ၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ (SDG-3 လူတိုင်း ‌ဆွေသာယာဝပြောရေး အပိုင်းနှင့် သော်လည်းကောင်း၊ SDG- 16 နှင့် လိုက်လျောညီထွေမှုရှိပါသည်။)

(ခ) တိုင်းရင်းသားလူမျိုး အပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး၊ ( SDG-3 သာယာဝပြောရေး အပိုင်းနှင့် SDG-**5** ကျားမ တန်းတူညီမျှရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များ အားလုံး စွမ်းပကား တိုးမြှင့်စေရေး လိုက်လျောညီထွေမှု ရှိပါသည်။)

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။ (SDG-3,

SDG-4 တို့နှင့် လိုက်လျောညီထွေမှု ရှိပါသည်။)

အထက်ဖော်ပြပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ **လူမှုရေးဦးတည်ချက်**(၃)**ရပ်သည်** အောက်ဖော်ပြပါ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် လိုက်လျော ညီညွတ်စွာသတ်မှတ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်-

- **ပန်းတိုင်(၃) -** လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေး (Goal 3 - Ensure healthy lives and promote well-being for all at all ages)
- **ပန်းတိုင်(၄) -**လူသားအားလုံး အကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာ သင်ယူနိုင်သော အခွင့်အလမ်း ရရှိရေး ( Goal 4 - Ensure inclusive and equitable quality education and promote life-long learning opportunities for all )
- **ပန်းတိုင်(၅)-** ကျားမ တန်းတူညီမျှရရှိရေးနှင့် အမျိုးသမီးများ၊အမျိုးသမီးငယ်များ အားလုံး စွမ်းပကား တိုးမြှင့်စေရေး ( Goal 5. Achieve gender equality and empower all women and girls)
- **ပန်းတိုင်(၁၆)-** စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်း၍ အားလုံး ပါဝင်နိုင်သော အဖွဲ့အစည်းများ တိုးတက်စေရေး ၊ အားလုံးအတွက် တရားမျှတမှု ဖြစ်ပေါ်စေရေးနှင့် အဆင့်တိုင်း၌ ထိရောက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော၊ လူတိုင်း အကျုံးဝင်သည့် အဖွဲ့အစည်းများ ထူထောင်ရေး ( Goal 16. Promote peaceful and inclusive societies for sustainable development, provide access to justice for all and build effective, accountable and inclusive institutions at all levels.) လိုက်လျော ညီညွတ်စွာ သတ်မှတ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အား အောက်ပါအတိုင်း သတ်မှတ်ဆောင်ရွက်လျှက်ရှိပါသည်-**

(က) ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

(ခ) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက် ဆောင်ရွက်သွားမည်။

(ဂ) COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

(ဃ) တစ်နိုင်ငံလုံး ထာဝရ ငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

(င) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈

ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

အဆိုပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် **(၅)** ရပ်မှာ တစ်ကမ္ဘာလုံး ရင်ဆိုင်နေရသည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများ၊ စီးပွားရေး ပြန်လည်ဦးမော့စေနိုင်သည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတည်ငြိမ်ရေးနှင့် အေးချမ်းရေးဆိုင်ရာ အဓိက လုပ်ငန်းစဉ်များ ပါဝင်ပါသည်။

## စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များနှင့် မြန်မာ

မိမိတို့နိုင်ငံအနေဖြင့် ထောင်စုနှစ်ပန်းတိုင်များ ( Millienium Development Goals-MDGs) အား အကောင်အထည် ဖော်ဆောင်ရာတွင် ပညာရေး၊ ကျန်းမာရေးအစရှိသည့် နယ်ပယ်များတွင် အတိုင်းအတာတစ်ခုအထိ တိုးတက်မှုများ ရှိခဲ့သော်လည်း ဆက်လက်၍ အရည်အသွေးပြည့်ဝစွာတိုးတက်စေရန် လိုအပ်လျက်ရှိပါသည်။ ဆင်းရဲနွမ်းပါးမှု လျှော့နည်းကျဆင်းရေး၊ မြို့ပြကျေးလက် ကွာဟမှု လျော့ကျရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အောက်ခြေ Grassroots Level အထိ ရောက်ရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ပျံ့နှံ့၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လုပ်ငန်းများစွာ ကျန်ရှိနေပါသေးသည်။ ကျေးလက်ဒေသဆင်းရဲမှု (Rural Poverty) သာမက တိုးတက်များပြားလာသည့် လူဦးရေနှင့်အတူ ဖြေရှင်းဆောင်ရွက်ရမည့် မြို့ပြဆင်းရဲမှု (Urban Poverty) ကိုလည်း လျစ်လျူရှု၍ မရနိုင်ပါသဖြင့် ဘက်ညီမျှတစွာ တိုးတက်မှုအတွက်လည်း ဖောင်းပေးဆောင်ရွက်ရန် လိုအပ်ပါသည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး (Graduation from LDCs) အတွက် ကြိုးပမ်းရာတွင် ရယူနိုင်သည့် ခံစားခွင့်များ (Priveliges for LDCs) အားလုံးကို အသုံးချကာ ကမ္ဘာ့စီးပွားရေး အဆောက်အအုံနှင့် ချိတ်ဆက်၍ ကုန်သွယ်မှု အထူးအခွင့်အရေးများ ရယူကာ ကုန်သွယ်မှု တိုးတက်စေခြင်းမှ တစ်ဆင့် သင့်တော်မျှတသော ယှဉ်ပြိုင်မှုဖြင့် ဈေးကွက် ရရှိစေခြင်း၊ လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်တစ်ရပ် ဖြစ်ပေါ်စေခြင်း၊ လိုအပ်သည့် အခြေခံ အဆောက်အအုံ ထူထောင်ခြင်း၊ ကုန်သွယ်ရေးအတွက် အကူအညီ **(Aid for Trade )** ရယူကာ ကုန်သွယ်မှု တိုးမြှင့်ခြင်းအားဖြင့် ဆင်းရဲမှု လျော့နည်းစေရန် ဆောင်ရွက်ခြင်း၊ ရရှိနိုင်သော နိုင်ငံခြား အကူအညီ အထောက်အပံ့များအား အကျိုးရှိ ထိရောက်စွာ သုံးစွဲခြင်းနှင့် နည်းပညာ ရယူခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံအနေဖြင့် မိမိတို့ရရှိနိုင်မည့် အခွင့်အရေးများအား သိရှိနားလည်ပြီး ကျွမ်းကျင်လိမ္မာစွာဖြင့် မိမိနိုင်ငံအတွက် အခွင့်အရေးကို အကျိုးရှိစွာရယူနိုင်ရန် ဖြစ်ပါသည်။

ထို့ပြင် မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးနှင့် ဖွံ့ဖြိုးရေး ကိစ္စရပ်များစွာအား ချဉ်းကပ်ဖောင်းပေးဆောင်ရွက်နိုင်ရေးအတွက် ညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှု တို့သည် မရှိမဖြစ် အခြေခံကျသည့် လိုအပ်ချက် တစ်ရပ်ဖြစ်ပြီး ဖွံ့ဖြိုးမှုနှင့် သက်ဆိုင်သည့် ပါဝင်ပတ်သက်သူများ အားလုံးတို့ ပူးပေါင်းပါဝင်ရန် လိုအပ်လျက်ရှိပါသည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များသည် နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးမှုအတွက် အလွန် အရေးကြီးပြီး အခွင့်အလမ်းများ ဖြစ်သကဲ့သို့ စိန်ခေါ်မှုများလည်း တည်ရှိနေပါသည်။ သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံသည် နောက်ကျကျန်နေခဲ့ရသည့် နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ

ဆောင်ရွက်ရန် လိုအပ်နေသည်ဖြစ်ရာ စုစည်း ညီညွတ်မှု၊ ပေါင်းစည်းမှု ၊ စိတ်ရှည်သီးခံမှု၊ ဒီမိုကရေစီ ၏ အနှစ်သာရအား စည်းကမ်းရှိစွာဖြင့် လက်တွေ့ ကျင့်သုံးနိုင်မှုများနှင့်အတူ အနာဂတ်မျိုးဆက်များ အတွက် ကောင်းမွန်သည့် အကျိုးရလဒ်နှင့် ဖွံ့ဖြိုးမှု များ ဖြစ်ပေါ်စေရေးအတွက် အခြားကမ္ဘာ့နိုင်ငံများနှင့် အတူ ကြိုးပမ်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မိမိတို့ နိုင်ငံအား ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်တွင် တုံ့ဆိုင်းခြင်း မရှိစေဘဲ ခပ်သော့သော့နှင့်အရောက် လှမ်းနိုင်ရေး မှာ အရေးပါလှပေသည်။ နိုင်ငံများအကြား ယှဉ်ပြိုင်မှု (Competitiveness)သည် လုပ်ငန်းပမာဏသာမက လုပ်ငန်း၏အရည်အသွေး (Quality)နှင့် အရှိန်အဟုန် (Speed) အား ယှဉ်ပြိုင်ခြင်း ဖြစ်ပါသည်။

၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ (၁) ရက် မှစတင်၍ ကမ္ဘာ့ ဖွံ့ဖြိုးမှု အစီအစဉ် (Global Development Agenda) အဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ အား အကောင်အထည် ဖော်ဆောင်ရန်မှာ ပန်းတိုင် (၁၇) ရပ်သည် များပြားကျယ်ပြန့်ကာ နိုင်ငံ၏ သယံဇာတ (Resources) ၊ ဘဏ္ဍာရင်းမြစ် (Source of Finance) မှာလည်း အကန့်အသတ်ဖြင့်သာ တည်ရှိသဖြင့် ပန်းတိုင်တိုင်းကို အားလုံးတစ်ပြိုင်နက်တည်း အကောင်အထည် ဖော်ဆောင်ရန် မဖြစ်နိုင်ပါ။ မိမိတို့ နိုင်ငံတွင်လည်း အဆိုပါ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် Myanmar Sustainable Development Plan- MSDP တည်ရှိနေပြီး ဖြစ်ပါသည်။သို့ရာတွင် အဆိုပါ ပန်းတိုင် များ၊ စီမံကိန်းများအား အကောင်အထည်ဖော်ရန်မှာ နိုင်ငံသားတိုင်း၊ Stakeholder တိုင်းနှင့် သက်ဆိုင်ပါ သည်။ သို့ဖြစ်ပါ၍ နိုင်ငံသားတိုင်း၊ Stakeholder တိုင်း မှ မိမိတို့ နိုင်ငံအား ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ အရှိန် အဟုန်ဖြင့် အသော့နှင်နိုင်ရေးအတွက် ကျရာနေရာမှ အချိတ်အဆက်မိမိ ပူးပေါင်းတာဝန်ယူ ပါဝင်ဆောင် ရွက်နိုင်ရန်မှာ အလွန်အရေးကြီးပါသည်။



# ရေမြင့်မှ ကြာတင့်မည်

ဒေါက်တာအေးအေးဝင်း (Statistics)



ရေမြင့်မှကြာတင့်မည်ဟု ဆိုကြရာတွင် ပညာမြင့်မှ လူမျိုးတင့်တယ်မည်ဟု အဓိပ္ပါယ်ဖွင့်ဆို လျက် ပညာကို "ရေ"အဖြစ် လည်းကောင်း၊ ပြည်သူလူထု အမျိုးသားတစ်ရပ်လုံးအား "ကြာပန်း" အဖြစ် လည်းကောင်း တင်စားအဆိုပြုကြသည်ကို လေ့လာမှတ်သားခဲ့ရပါသည်။ ယခု ဆောင်းပါးတွင်မူ ပညာရေးကဏ္ဍအား "ကြာပန်း" အဖြစ် ထားရှိပြီး ၎င်းပညာ ရေး(ကြာပန်း)အား လှပတင့်တယ်လာစေရေးမှာ "ရေ" အဖြစ် ထည့်သွင်းစဉ်းစားရမည့် အခြားသော ကဏ္ဍအကြောင်းအရာများ ရှိနေကြောင်း ဖော်ပြရေးသားထားခြင်း ဖြစ်ပါသည်။

ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာစေရေး အတွက် အခြားဆက်စပ်ကဏ္ဍများအား ဦးစွာ ဖွံ့ဖြိုးတိုးတက်စေရန် ပထမအဆင့်အနေဖြင့် အရှိန်အဟုန်မြင့် ဆောင်ရွက်ရမည်ဟု ထင်မြင်ယူဆမိပါသည်။ ပညာရေးဆိုင်ရာ လုပ်ငန်းများသည် ပြည်သူလူထု တစ်ရပ်လုံးနှင့် ပတ်သက်ဆက်နွယ်နေပြီး၊ မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမနေစေရေး ဆောင်ရွက်ရသဖြင့် ပညာရေးဆိုင်ရာ Procedure များနှင့် Process များကို နိုင်ငံအနှံ့ တစ်ပြေးညီ တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်ရပါသည်။ ထိုသို့ အကောင်အထည်ဖော်ရာတွင် ဆရာ၊ ဆရာမများ အပါအဝင် ပညာရေးဝန်ထမ်းများအနေဖြင့် နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရန် အရေးကြီးပါသည်။ သို့ဖြစ်၍ ပညာရေးတွင် တာဝန်ထမ်းဆောင်မည့် ဆရာ၊ ဆရာမ/ ဝန်ထမ်းများအနေဖြင့် တာဝန်ကျရာ နေရာဒေသများသို့ သွားရောက်နိုင်ရေး အတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျလှပါသည်။

အားလုံးအကျုံးဝင်သော ပညာရေးအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဝေးလံခေါင်သီသော နိုင်ငံအစွန်အဖျား ဒေသများပါမကျန်၊ မဖြစ်ဖြစ်အောင် လုပ်ဆောင်ရမည်ဆိုသော လုပ်ငန်းများအဖြစ် တာဝန်ယူဆောင်ရွက်ရခြင်း ဖြစ်သည်။ ပညာရေးကဏ္ဍ၏ ဆုံးဖြတ်ချက်ချသူ (Decision

Maker)များ အနေဖြင့်လည်း လိုအပ်လျက် ရှိသော နေရာဒေသများသို့ ပညာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးနိုင်ရေး၊ ရောက်ရှိစေရေးတို့အတွက် သက်ဆိုင်ရာဝန်ထမ်း၏ ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်သော အခြားအကြောင်းအရာ (Factor) များ အား ထည့်သွင်း စဉ်းစားခြင်း မပြုနိုင်ဘဲ တာဝန်ခွဲဝေချထားရပါသည်။ အထူးသဖြင့် အခြေခံပညာကဏ္ဍ၏ ကျောင်းများသည် နိုင်ငံ၏အစွန်အဖျား ဒေသများတွင်လည်း တည်ရှိနေကြခြင်းဖြစ်ရာ ကျောင်းရှိလျှင် ဆရာ၊ဆရာမနှင့် ဝန်ထမ်းရှိနိုင်ရေးအတွက် ၎င်းနေရာများသို့ တာဝန်ပေး စေလွှတ်ရပါသည်။

ထိုသို့သော အခြေအနေမျိုးတွင် ဝန်ထမ်းများ အနေနှင့် မိမိတို့၏ မိသားစုနှင့်ခွဲခွာ၍ သွားရောက်တာဝန်ထမ်းဆောင်ရမည်ဖြစ်ရာ လမ်းခရီးအဆင်ပြေမှု ရှိ/ မရှိ၊ ခရီးလမ်း၏ ကြာမြင့်ချိန်နှင့် ခရီးသွားရာလမ်းတစ်လျှောက် လုံခြုံစိတ်ချရမှု ရှိ/ မရှိတို့ကို ချင့်ချိန် ထည့်သွင်းစဉ်းစားကြ ရပါသည်။ ထို့အပြင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း နေရာထိုင်ခင်း လုံခြုံစိတ်ချရမှု ရှိ/ မရှိတို့သည်လည်း အရေးကြီးလှပါသည်။မိမိတို့အပေါ်တွင်ကျရောက်လာသောပေးအပ်သည့်တာဝန်အား ငြင်းပယ်လိုခြင်း မရှိသော် လည်း မိမိတို့၏ဘဝ၊ မိမိတို့၏အသက်နှင့် ရင်း၍ ဆောင်ရွက်ရမည့် အခြေအနေမျိုး ဖြစ်နေပါက ပေးအပ်လာသည့် တာဝန်အား မဖြစ်မနေငြင်းပယ်ရ မည့် အနေအထားမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ကြရပါသည်။ အမျိုးသမီးများအတွက်တွင်မူ အရှက်နှင့် သိက္ခာလုံခြုံစိတ်ချရမှုရှိရန်အတွက်ပါ ထည့်သွင်း စဉ်းစားလာကြရပါသည်။

ဤသို့သော အခြေအနေမျိုးတွင် ပေးအပ်လာသော တာဝန်အားငြင်းပယ်ရခြင်းများရှိလာသဖြင့်နိုင်ငံတော် အနေနှင့်လိုအပ်သော ဒေသအတွက် ဝန်ထမ်းခန့်ထားနိုင်ခြင်း မရှိသည့်အပြင် ပြုစုပျိုးထောင်ထားသော နိုင်ငံ့ဝန်ထမ်းများလည်း ဆုံးရှုံးရပေသည်။ ထို့အပြင် ၎င်းဝန်ထမ်းအပေါ် မှီခိုနေကြသူများအတွက်လည်း စားဝတ်နေရေး အကြပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့လာနိုင်ပြီး၊ ဝန်ထမ်းကိုယ်တိုင်မှာ လည်း အဆင်ပြေရာအလုပ်ကိုသာ ဝင်ရောက်လုပ်ကိုင်ရသဖြင့် ကျွမ်းကျင်မှုနှင့် လုပ်ငန်းသဘာဝကွာဟခြင်းများကြောင့် လုပ်ငန်းစွမ်းဆောင်ရည်များ ကျဆင်းလာနိုင်ပါသည်။ နိုင်ငံတော်အတွက်လည်း မွေးထုတ်ထားသော လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနစ်နာရပေသည်။

သို့ဖြစ်၍ ပညာရေးဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ကျေးလက်၊ မြို့ပြကွာဟမှု မရှိစေရန်နှင့် လူတိုင်းအကျိုးဝင်သော ပညာရေးစနစ်ဖြစ်လာစေရန် ပညာရေးအား လူတိုင်းလက်လှမ်းမီနိုင်စေရေးအတွက် လမ်းပန်းဆက်သွက်ရေး ကောင်းမွန်ချောမွေ့စေရေးသည် ပထမဦးစားပေး အနေဖြင့် ဆောင်ရွက်သင့်သည်ဟု ထင်မြင်မိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့စေခြင်းဖြင့် ပညာရေးလုပ်ဆောင်ချက်များအပေါ် အကျိုးရှိရှိ အထောက်အကူပြုနိုင်ရုံသာမက ကုန်စည်စီးဆင်းမှု နှင့်နယ်မြေဒေသလုံခြုံရေးလည်း ပိုမိုတိုးတက်ကောင်းမွန်လာနိုင်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုလည်း မြန်ဆန်လာနိုင်ပါသည်။

ယနေ့ခေတ် အခြေအနေတွင် နည်းပညာများ အချိန်နှင့်တစ်ပြေးညီ အရှန်အဟုန်မြင့် တိုးတက်ပြောင်းလဲလာပြီဖြစ်၍ ကမ္ဘာကြီးသည် ရွာကြီးဖြစ်နေပြီဟု ပြောဆိုနေလျက်ရှိကြရာ၊ ထိုသို့ ဆိုကြခြင်းမှာ ကမ္ဘာကြီး၏ မည်သည့်နေရာတွင်မဆို ဖြစ်ပေါ်ပြောင်းလဲနေသော အကြောင်းအရာများ အား အခြားနေရာဒေသများမှ အချိန်နှင့်တစ်ပြေးညီ အလွယ်တကူ သိရှိလာနိုင်သောကြောင့် ဖြစ်သည်။ သို့သော်မိမိတို့ မြန်မာနိုင်ငံအတွင်းတွင်မူ လူသူအရောက်အပေါက် နည်းပြီး၊ မည်သို့မှ သွားရောက်ရန် အဆင်မပြေနိုင်သော လူနေကျေးရွာဒေသများ ရှိနေပါသေးသည်။အဆိုပါ ကျေးရွာများရှိ ပြည်သူများ၏ အသက်ရှင် ရပ်တည်မှု အခြေအနေနှင့် ပညာရေးတွင် ပါဝင်နိုင်မှု အခြေအနေမှန်တို့အား သိရှိနိုင်ရန်မှာလည်း ခက်ခဲလျက်ရှိနေပါသည်။

ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာစာမျှသာ ဖြစ်နေသည် ဆိုသော်လည်း မိမိတို့နိုင်ငံ အနေနှင့်ဆိုလျှင် နိုင်ငံ တစ်နိုင်ငံတည်းသည်ပင် စကြဝဠာတစ်ခုကဲ့သို့ ဖြစ်နေပြီလားဟုစဉ်းစားမိပါသည်။စကြဝဠာ၏ တစ်ဖက်ခြမ်းတွင် မည်သို့ရှိနေမည်/ မည်သို့ ဖြစ်နေမည်ကို သိရှိရန် မလွယ်ကူသကဲ့သို့ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်လျက်ရှိသော (သို့မဟုတ်) သွားလာရန် ခက်ခဲသောဒေသများ၏ အခြေအနေအမှန်များကို သိရှိနိုင်ရန်မှာလည်းမည်သို့မျှဖြစ်နိုင်မည်မဟုတ်ပါ။နည်းပညာများ တိုးတက်နေသည် ဆိုသော်လည်း၊ ၎င်းနည်းပညာများကိုပင် ထိုဒေသများသို့ အရောက်ပို့နိုင်ရန် ခက်ခဲလျက်ရှိနေပါသေးသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်မှာ တစ်စိတ်တစ်ဒေသ အပိုင်းအခြားလေး တစ်ခုတည်း ကိုသာ ရွေးချယ်ပိုင်းခြားပြီး ဆောင်ရွက်၍မဖြစ်နိုင် သကဲ့သို့ ပညာရေးကဏ္ဍတိုးတက်မှု ဆောင်ရွက်ရာ တွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြိုင် နက်တည်း ဟန်ချက်ညီညီ ဘက်စုံဖွံ့ဖြိုး တိုးတက် အောင် ဆောင်ရွက်နိုင်မှသာလျှင် ပညာရေး၏ ရည်မှန်းချက်များလည်း အောင်မြင်ပေါက်မြောက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် တစ်မျိုးသားလုံး အဆင့်အတန်း မြင့်မားလာစေရေးတို့အတွက် ပညာရေး ကဏ္ဍလုပ်ဆောင်ချက်များအား စဉ်ဆက် မပြတ် အရှိန် အဟုန်မြှင့်ဆောင်ရွက်ရမည်ဖြစ်ရာ၊ နိုင်ငံ၏ နေရာ ဒေသတိုင်းတွင် ပညာရေးလုပ်ငန်းများ တစ်ပြေးညီဆောင်ရွက်နိုင်ရန် လမ်းပန်းဆက်သွယ်ရေး နှင့် နယ်မြေဒေသ လုံခြုံငြိမ်းချမ်းမှုရှိရေးတို့မှာ အဓိက လိုအပ်ချက် များအဖြစ် ရှိနေပါသည်။ "ရေမြင့်မှကြာတင့်မည်" ဟူသော ဆိုစကားအတိုင်း "ပညာမြင့်မှ လူမျိုးတင့်" နိုင်သကဲ့သို့ တဖန် အခြားဆက်စပ်ကဏ္ဍများအား ဦးစွာ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မှသာ ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များ မြင့်မားလာစေရေးအား ပံ့ပိုးအားပေးနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတစ်နိုင်ငံ၏ ပညာရေးကဏ္ဍဖွံ့ဖြိုးမှု (ကြာပန်း၏ တင့်တယ်လှပမှု) သည်လည်း "ရေ" ကဲ့သို့ အခြားဆက်စပ်ကဏ္ဍများ ပေါ်တွင် မှီခိုနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ

**ဒေါက်တာထိန်လင်းအေး**

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီကို ၂၀၂၁ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် မြန်မာ နိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၂၁ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီတွင် အဖွဲ့ဝင်(၇)ဦးပါရှိပြီး ဥက္ကဋ္ဌမှာ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်ဖြစ်ပါသည်။ ကော်မတီအတွင်းရေးမှူးမှာ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဦးစီးမှူး ဖြစ်ပါသည်။ အဖွဲ့ဝင်များမှာ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ တိုင်းဦးစီးမှူးတို့ဖြစ်ပါသည်။ ကော်မတီ၏ ရုံးလုပ်ငန်းတာဝန်များကို မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ဆောင်ရွက်ပါသည်။

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် မကွေးတိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရန်၊ နည်းပညာအတတ်ပညာများတိုးပွားရရှိစေရန်၊ သွင်းကုန်အစားထိုးနှင့် ပြည်ပပို့ကုန်လုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်နိုင်ရန်၊ ပြည်တွင်း-ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးပွားများပြားလာစေရန်တို့ကို ရည်ရွယ်လျက် ကော်မတီသို့ တင်ပြလျှောက်ထားလာသည့် အဆိုပြု ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ အတည်ပြုမိန့်များကို ခွင့်ပြုပေးလျက် ရှိပါသည်။



မကွေးတိုင်း ဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံးသည် ရင်းနှီးမြှုပ်နှံသူများမှ လျှောက်ထားလွှာနှင့်အတူ ပူးတွဲဖော်ပြပါရှိသည့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် ပတ်သက်သည့် အချက်အလက်များအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ထားသည့် အတည်ပြုလျှောက်ထားလွှာ စိစစ်ရေးလုပ်ငန်းစဉ်များအတိုင်း စိစစ်ခြင်း၊ ကော်မတီ အစည်းအဝေးသို့ တင်ပြခြင်းနှင့် အတည်ပြုလျှောက်ထားလွှာထုတ်ပေးခြင်း၊ မြေအသုံးပြုခွင့် လျှောက်ထားလွှာလက်ခံစိစစ်ခြင်း၊ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ဆိုင်ရာတင်ပြလျှောက်ထားလွှာများအား ကော်မရှင်သို့ ဆက်လက် တင်ပြပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) အရ ၎င်းတို့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့်ဒေသ၊ မတည်ငွေရင်းနှင့် ဖွံ့ဖြိုးမှုဇုန်အလိုက်ပေးထားသည့် အခွင့်အလမ်းအပေါ် မူတည်ကာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများတွင် ခွင့်ပြုမိန့် (သို့မဟုတ်) အတည်ပြု

မိန့်ကို ရယူဆောင်ရွက်လာနိုင်ပြီ ဖြစ်ပါသည်။ လုပ်ငန်းများ ခွင့်ပြုမိန့်ရရှိရန် ဆောင်ရွက်ရသည့် လုပ်ထုံး လုပ်နည်းများနှင့် စိစစ်ရေး လုပ်ငန်းစဉ်များမှာလည်း ရှင်းလင်းလွယ်ကူပြီး၊ ပိုမိုမြန်ဆန်စွာဆောင်ရွက်လာနိုင်ပြီ ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသည် တိုင်းအတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကို ချိုးဖောက်ခြင်း၊ မမှန်မကန် ဆောင်ရွက်ခြင်းများ မဖြစ်စေရေးအတွက် ကြပ်မတ်ခြင်းများ ဆောင်ရွက်နိုင်ရန်နှင့် စည်းကမ်း မလိုက်နာ ချိုးဖောက်ခြင်းများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြအရေးယူ ဆောင်ရွက်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ကို ၂၀၂၁ ခုနှစ် မေလ ၂၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ကြီးကြပ်ရေးအဖွဲ့၏ အဖွဲ့ခေါင်းဆောင်မှာ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၂)၊ ဦးအောင်ချိန်ဖြစ်ပြီး အဖွဲ့ဝင်များမှာ တိုင်းအဆင့်ဌာနဆိုင်ရာများမှ တိုင်းဦးစီးမှူးများ ဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် တိုင်း အတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ပုံမှန် စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် လိုအပ်ချက် အပေါ် မူတည်၍ အခါအားလျော်စွာ စစ်ဆေးခြင်းတို့ကို ဆောင်ရွက် လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။



## မြန်မာနိုင်ငံ၏ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒစ်ဂျစ်တယ် စီးပွားရေး

ဒေါက်တာပင်လုံအေး



### လူသားများနှင့် သဘာဝဘေးအန္တရာယ်

တိုးတက်လာသောလူနေမှုစနစ်များကြောင့် စွမ်းအင်၊ အစားအသောက်၊ သန့်ရှင်းသောရေ၊ နေထိုင်ရန်နေရာစသော လိုအပ်ချက်များကို ဖြေရှင်းရန် လူသားတို့သည် သဘာဝရင်းမြစ်များကို ထုတ်နုတ်သုံးစွဲနေရသည့်အတွက် ရာသီဥတုဖောက်ပြန် ပြောင်းလဲသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိသည်။ ကမ္ဘာ့အပူချိန် နှစ်စဉ်မြင့်တက်လာခြင်းနှင့်အတူ မိုးခေါင်ခြင်း၊ မြေအောက်ရေခန်းခြောက်လာခြင်း၊ မြစ်၊ ချောင်း၊ အင်းအိုင်များ တိမ်ကောပျောက်ကွယ်လာခြင်း၊ မြေဆီလွှာခန်းခြောက်လာခြင်း တို့အပြင် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်ခြင်း၊ ရေခဲတောင်များ အရည်ပျော်လာခြင်း၊ ပင်လယ်ရေ မျက်နှာပြင်မြင့်တက်လာခြင်း၊ အင်အားပြင်းမုန်တိုင်းများ၊ ငလျင်များ၊ တောမီးလောင်ကျွမ်းခြင်းများစသည့် သဘာဝဘေးအန္တရာယ်များသည် လူသားဘဝနေ့စဉ်ရပ်တည်မှုကို ခြိမ်းခြောက်ခံနေရကြရသည်။

အဆိုပါအန္တရာယ်များကို လျှော့ချရန် ကမ္ဘာ့နိုင်ငံများအနေဖြင့် ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် SDGs နှင့် ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ပဲရစ် သဘောတူညီချက်အရ သဘာဝသယံဇာတများကို စီးပွားရေးလုပ်ငန်းများကို ကာလရှည်ကြာထုတ်နုတ်သုံးစွဲရာတွင် ၎င်းတို့၏ မူဝါဒများကို အစိမ်းရောင်ဖွံ့ဖြိုးမှုကိုဦးတည်သည့် မဟာဗျူဟာအဖြစ် ဦးတည်ဆောင် ရွက် လျက်ရှိကြသည်။

### အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ



အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု ဆိုသည်မှာ လူသားတို့၏ လတ်တလော လိုအပ်ချက်များကို ဆောင်ရွက်ရာတွင် အနာဂတ်မျိုးဆက်များ၊ သယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမှု မရှိဘဲ ရေရှည်တည်တံ့ခိုင်မြဲသည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းကို ခေါ်ဆိုသည်။

### အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှု ညွှန်ကိန်းများ

အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ရာတွင် မူဝါဒဖွံ့ဖြိုးမှုနှင့် သတင်းအချက်အလက်ဆိုင်ရာညွှန်ကိန်းများလိုအပ်ပါသည်။ အဆိုပါညွှန်ကိန်းများသည် သဘာဝပတ်ဝန်းကျင်မှ ရင်းမြစ်များ ပိုင်ဆိုင်မှု၊ စီးပွားဖြစ်ထုတ်ယူသုံးစွဲမှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူနေမှုဘဝ အရည်အသွေးဆိုင်ရာ

အတိုင်းအတာ၊ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းနှင့် မူဝါဒဆိုင်ရာ တုန့်ပြန်မှုစသော နယ်ပယ်များကို အခြေခံ၍ ဆန်းစစ်ရန်လိုအပ်သည်။

ထို့ပြင် ကာဗွန်ထုတ်လုပ်မှု၊ စွမ်းအင်အဖြစ် သုံးစွဲရန်မဟုတ်သည့် ကုန်ပစ္စည်းများထုတ်လုပ်မှု၊ သဘာဝဝန်းကျင်နှင့် လိုက်လျော ညီထွေဖြစ်စေသည့် ထုတ်ကုန်ကဏ္ဍ၊ မြေယာဖုံးလွှမ်းမှု၊ မြေယာ အသုံးချမှုနှင့် ၂.၅ မိုက်ခရိုမီတာအချင်းဝက်ရှိသည့် အမှုန်အမွှယ် အစား PM2.5 သိပ်သည်းမှုစသော အချက်များကို ညွှန်ကိန်းငယ်များ သတ်မှတ်ရမည်ဖြစ်သည်။

## ကိုဗစ်- ၁၉ ကာလအတွင်း နိုးထခဲ့သည့် အစိမ်းရောင် ဒစ်ဂျစ်တယ်စီးပွားရေး

ကိုဗစ်-၁၉ ကြောင့် ကမ္ဘာ့စီးပွားရေးသည် ကဏ္ဍအသီးသီးတွင် များစွာ ထိခိုက်ခဲ့ရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အဆိုပါ ထိခိုက်နစ်နာမှုနှင့် အခက်အခဲများကို ဖြေရှင်းရန်၊ကပ်ရောဂါကို ကျော်လွှားရန်၊ စီးပွားရေး ပြန်လည်ဖွံ့ဖြိုး တိုးတက်မှုကို နှိုးဆွရန်နှင့် တောင့်တင်း ခိုင်မာသော ဘဏ္ဍာရေးစနစ် တည်ဆောက်ရန် အဖြေရှာလျက် ရှိကြသည်။

ကပ်ရောဂါကာလအတွင်း အသွားအလာများ၊ စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာ ကန့်သတ်ခြင်းများကြောင့် ကာဗွန်ထုတ်လုပ်မှု လျော့ကျလာခြင်းတို့ကြောင့် လေထုနှင့်ရေထု ညစ်ညမ်းမှုများ လျော့ကျလာခဲ့သည်။ ထို့ပြင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် နေ့စဉ်လူမှုဘဝကို ဆက်လက်လည်ပတ် နိုင်ခဲ့သဖြင့် အနာဂတ်ကာလတွင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဆက်သွယ်ရေး၊ ခရီးသွား လုပ်ငန်းတို့တွင် ဒစ်ဂျစ်တယ်စနစ် အခြေပြုအစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုနှင့် အစိမ်းရောင်စွမ်းအင်၊ အစိမ်းရောင် လူနေမှုဘဝသို့ ဦးတည်သည့် အစိမ်းရောင်မဟာဗျူဟာ လုပ်ငန်းစဉ်ကို အကောင် အထည်ဖော်နိုင်ရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိကြသည်။

## အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးထား ဆောင်ရွက်သင့်သည်များ

သယံဇာတတူးဖော်သည့်လုပ်ငန်းများ၊ ကလိုရိုဖလူအိုရိုကာဗွန် ထုတ်လုပ်မှုများသည့် လုပ်ငန်းများ၊ သစ်တောခုတ်ယူမှုများသည် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးပြီး အစိမ်းရောင်ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေသည့် လုပ်ငန်းများဖြစ်သည်။

သယံဇာတတူးဖော်မှုအပေါ် မှီခိုရသည့် နိုင်ငံများအနေဖြင့် အစိမ်းရောင်စီးပွားရေးသို့ ကူးပြောင်းရာတွင် အခက်အခဲများ ရင်ဆိုင်ရမည်ဖြစ်ပြီး ရင်းမြစ်များအပေါ် မှီခိုရန် မလိုအပ်သည့် နိုင်ငံများတွင် လည်း ရုပ်ကြွင်းလောင်စာ သုံးစွဲမှုအပေါ် အခွန်အခများ တိုးမြှင့်ကောက်ခံရမည်ဖြစ်၍ အခွန်ဆိုင်ရာ အခက်အခဲများ ဖြင့် ရင်ဆိုင်ရမည်ဖြစ်သည်။


ရေခဲသေတ္တာ၊ လေအေးပေးစက်များတွင် အသုံးပြုသော ကလိုရိုဖလူအိုရိုကာဗွန် CFCs သည် ကမ္ဘာ့လေထု၏ အိုဇုန်းအလွှာကို ဆိုးရွားစွာထိခိုက်ပျက်စီးစေပါသည်။ အိုဇုန်းလွှာပျက်စီးမှုနှင့် ကမ္ဘာ့ပူနွေးမှုကို ကာကွယ်ရန်အတွက် အာမခံချက်ရှိသော ဟိုက်ဒရိုဖလူရိုကာဗွန် (အရောအနှော) ဒြပ်ပစ္စည်းများ၊ ဟိုက်ဒရိုကာဗွန်၊ အမိုးနီးယားစသည့်ဒြပ်ပစ္စည်းများကို သုံးစွဲခြင်း၊ စွမ်းအင်ကုန်ကျမှု သက်သာသည့် အမှတ်အသားများပါရှိသော စက်ပစ္စည်းများကိုသာ ရွေးချယ်အသုံးပြုသင့်ပါသည်။ ထိုသို့ အသုံးပြုမည်ဆိုပါက ကုန်ကျစရိတ်သက်သာခြင်း၊ အိုဇုန်းလွှာပျက်စီးမှုကို ကာကွယ်ထိန်းချုပ်နိုင်ခြင်း၊ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကို လျှော့ချနိုင်ပြီး အစိမ်းရောင်ဖွံ့ဖြိုးမှုဖြစ်စဉ်ကို တွန်းအားပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် အစိုးရများအနေဖြင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး အခွင့်အလမ်းသစ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဆန်းသစ်တီထွင်မှုများကို မြှင့်တင်နိုင်မည့် မူဝါဒများချမှတ်၍ အလေးထား ဆောင်ရွက်သင့်သည်။

### အစိမ်းရောင် ဒစ်ဂျစ်တယ်ကဏ္ဍတွင် မြန်မာနိုင်ငံ၏ ဆောင်ရွက်မှုများ

မြန်မာနိုင်ငံသည် သဘာဝသယံဇာတရင်းမြစ်များ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်ပြီး ရှေးနှစ်ပေါင်းများစွာကပင် သဘာဝသယံဇာတများကို စီးပွားဖြစ် ထုတ်ယူသုံးစွဲလာခဲ့သည့်အတွက် ရင်းမြစ်ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရသည်။

သစ်တောပြုန်းတီးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်လာခြင်း၊ မြို့ပြများချဲ့ထွင်လာခြင်း၊ သဘာဝရင်းမြစ်များကို အထိန်းအချုပ်အကန့်အသတ်မဲ့ ထုတ်ယူသုံးစွဲခြင်းများကြောင့် နိုင်ငံ၏သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ထိခိုက်စေလျက်ရှိသည်။




သို့သော် သဘာဝသယံဇာတမှ ရရှိသောဝင်ငွေများသည်နိုင်ငံ၏ စုစုပေါင်းပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုးများတွင် များစွာအရေးပါနေဆဲဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် သဘာဝသယံဇာတများ ရေရှည်တည်တံ့ရေး ကာကွယ်ထိန်းသိမ်းရန် ဟန်ချက်ညီသော အစိမ်းရောင် စီမံခန့်ခွဲမှုများမရှိမဖြစ် လိုအပ်သည်။

### အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြင်ဆင် ဆောင်ရွက်မှုများ

### မြန်မာနိုင်ငံစီးပွားရေးပြန်လည်ဦးမော့ စေရေးစီမံချက် (MERRP)

ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် CERP ပါစီမံချက်၊လုပ်ငန်းစဉ်များကို ကာလလတ်တွင် ဆက်လက်အကောင်အထည်ဖော်ရန်အတွက် ရေးဆွဲထားသော MERRP ၏ လုပ်ငန်းစဉ်တွင် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ထည့်သွင်းထားပြီး ဒစ်ဂျစ်တယ်စနစ် အသုံးပြု၍ လုပ်ငန်းများ ပိုမိုလွယ်ကူလျင်မြန်စေရန်၊ ပွင့်လင်းမြင်သာမှုရှိ၍ ရင်းနှီးမြှုပ်နှံသူများ၊စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ခြင်းစသော အကျိုးကျေးဇူးများ ရရှိစေရန်နှင့် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ထုတ်လုပ်မှုကဏ္ဍတို့တွင် ဖွံ့ဖြိုးတိုးတက်စေရန် ထည့်သွင်းရေးဆွဲထားသည်။

### ရင်းနှီးမြှုပ်နှံမှု

ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် smart city နှင့် industrial complex တည်ဆောက်ရေးစီမံကိန်းစသော အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် စီမံကိန်းများကို ခွင့်ပြုခြင်းများသည် နိုင်ငံအတွင်း ဒစ်ဂျစ်တယ်နှင့် ဖွံ့ဖြိုးတိုးတက်ရန် တစ်ဖက်တစ်လမ်းမှ လမ်းဖွင့်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

### ဆေးဝါးကုသမှု

မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် 4 IR ကဲ့သို့သော နည်းပညာကို တီထွင်သုံးစွဲမှုများရှိနေပြီ ဖြစ်သည်။ အကောင်းဆုံး အနေအထားသို့ မရောက်ရှိသေးသော်လည်း နိုင်ငံတွင်း နည်းပညာအဖွဲ့အစည်း အချို့က Robot Technology ကို ကုသရေးနှင့် Quarantine Centers များတွင် သုံးစွဲနိုင်အောင် တီထွင်ဖန်တီးခဲ့ကြပြီး ရောဂါကူးစက်သူများအား Tracking and

Tracing အတွက် IT နည်းပညာအသုံးပြု ဆောင်ရွက်နိုင်ခဲ့ကြသဖြင့် ကပ်ရောဂါကာလအတွင်း ဒစ်ဂျစ်တယ်အခန်းကဏ္ဍ အရေးပါခဲ့သည်။

### လျှပ်စစ်ကားထုတ်လုပ်မှု

မြန်မာ- တရုတ်နှစ်နိုင်ငံချစ်ကြည်ရေး အဖြစ် တရုတ်နိုင်ငံ၏ နည်းပညာဖြင့် အဆင့်မြင့်လျှပ်စစ်ကား နှစ်မျိုးကို ၂၀၁၉ ခုနှစ် မတ်လတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာ မြို့နယ်သာခုကန် စက်မှုဇုန်တွင် တစ်ရက်လျှင် အစီး ၄၀ ထုတ်လုပ်လျက်ရှိရာ စက်သုံးဆီ အသုံးပြုမှု လျှော့ချနိုင်ပြီး မီးခိုး မထွက်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ကို ထိမ်းသိမ်းနိုင်မည့်အစိမ်းရောင်ဖွံ့ဖြိုးမှုအစီအစဉ်ကို ဆောင်ရွက်လျက်ရှိပြီ ဖြစ်သည်။



သာခုကန်စက်မှုဇုန်တွင် ထုတ်လုပ်ထားသော လျှပ်စစ်ကားများကို တွေ့ရစဉ်။ ဓာတ်

### CFC လျှော့ချမှု

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့မှစတင်၍ အိုဇုန်းလွှာပျက်စီးစေသည့် HCFCs/ R-22 ထုတ်လုပ်မှုကို လျှော့ချရန်အတွက် ၂.၅ မြင်းကောင်ရေအားနှင့် အောက်ရှိ split နှင့် window စနစ် လေအေးပေးစက်များ တင်သွင်းမှုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် (၂၈/၂၀၂၀) ဖြင့် ထုတ်ပြန်တားမြစ်ခဲ့သည်။

### ဆိုလာလျှပ်စစ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် အစိုးရ- ပုဂ္ဂလိကပူးပေါင်း ထည့်ဝင်ငွေ၊ ဒေသခံ ပြည်သူများ ထည့်ဝင်ငွေဖြင့် ကာဗွန်ထုတ်လုပ်မှုကို အတိုင်းအတာတစ်ခုထိ လျှော့ချနိုင်သည့် ဆိုလာ- ဒီဇယ်ပေါင်းစပ်စနစ်ဖြင့် မဟာ ဓာတ်အားလိုင်းပြင်ပရှိ ကျေးရွာများ လျှပ်စစ်မီး ရရှိရေးအတွက် ဆိုလာအသေးစား ဓာတ်အားပေး စနစ်များကို တပ်ဆင်ပေးလျက်ရှိပြီး ဒေသခံများ အနေဖြင့် ကုန်ကျစရိတ်၊ သဘာဝလေထုညစ်ညမ်းမှုနှင့် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချပေးသည့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



### သစ်ထုတ်လုပ်မှုလျှော့ချခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၏ စစ်တမ်းများနှင့် Food and Agriculture Organization (FAO) အရ ၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံစုစုပေါင်း ဧရိယာ၏ ၄၂.၁၉ ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့သစ်တောသယံဇာတဆန်းစစ် လေ့လာခြင်း အစီရင်ခံစာ (GFRA 2020) အရ သစ်တောဖုံးလွှမ်းမှု အဆင့် ၇ တွင်ရှိပါသည်။ သို့သော် သစ်တောပြုန်းတီးမှုသည် ကမ္ဘာ့အဆင့် ၃ တွင် ရှိ သည့်အတွက် နိုင်ငံတော်အနေဖြင့် လက်ရှိသစ်တောဖုံးလွှမ်းမှု အနေအထားအရသစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပြုစု ပျိုးထောင်ခြင်းအား ပိုမို အလေးထား

ဆောင်ရွက်လျက်ရှိပြီး သဘာဝတောများမှ ထွက်ရှိသော သစ်များအပြင် သက်ရင့်စိုက်ခင်းများမှ သစ်များကိုဦးစားပေး၍ထုတ်ယူခွင့်ပြုခဲ့သည်။



ထို့ပြင် သစ်တောသယံဇာတများအား ရေရှည်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးတို့ကို ရှေးရှု၍ သစ်ထုတ်လုပ်မှုကို နှစ်စဉ်ထုတ်လုပ်နိုင်သည့် Annual Allowable Cut (AAC) ပမာဏဘောင်အတွင်းမှသာ ထုတ်လုပ်ရန် စီမံဆောင်ရွက် လျက်ရှိကြောင်းနှင့် ၂၀၁၄ ခုနှစ်မှစ၍ ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့ရောင်းချမှုကို ရပ်ဆိုင်းကြောင်းကို အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့သည်။

**နိဂုံး**

ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်နှင့် ငတ်မွတ်ခေါင်းပါးမှု ဘေးများနှင့် ရင်ဆိုင်ရလျက်ရှိသော ကမ္ဘာ့နိုင်ငံအသီးသီးသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် လူပေါင်း များစွာသေကြေပျက်စီးကြ၍ စီးပွားပျက်ကပ်ကိုလည်း ထပ်မံရင်ဆိုင်ရလျက်ရှိသည်။ မကြာမီကာလတွင် လူမှုဘဝသာယာဝပြောရန် စီးပွားရေးပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို အရှိန်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်ကာလအတွင်း အတိုင်းအတာ တစ်ခုအထိ အထောက်အပံ့ပြုခဲ့သည့် ဒစ်ဂျစ်တယ်စီးပွားရေးကိုအရှိန်ကောင်းအောင်တိုးမြှင့် ဆောင်ရွက်၍ သဘာဝပတ်ဝန်းကျင်ထိခိုက်စေမည့် စီးပွားရေးလုပ်ငန်းများကို အတတ်နိုင်ဆုံး လျှော့ချ၍ အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒကောင်းများ ချမှတ်ဆောင်ရွက်ရန် အရေးတကြီး လိုအပ်ပါသည်။

**ရင်းမြစ်**


Towards green growth A summary for policy makers May 2011

OECD work on Green Growth (2019-20)

https://www.dica.gov.mm

တူညီသောရည်မှန်းချက်ဖြင့် သဘာဝပတ်ဝန်းကျင် သိန်းထွန်း (IR) ၆.၆.၂၀၂၀ မြန်မာ့အလင်း

မျိုးမင်းသိန်း (မရမ်းကုန်း) ၆.၃.၂၀၁၉ မြန်မာ့အလင်း

မြန်မာနိုင်ငံစီးပွားရေးပြန်လည်ဦးမော့စေရေးစီမံချက် (မူကြမ်း)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၀)

# ကချင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများအကြောင်း သိကောင်းစရာများ

**မောင်ထွန်းကျော်(DICA Kachin)**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးခွဲ (DICA Kachin) ကို ၂၀၁၇ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ ပြည်နယ် အစိုးရအဖွဲ့ရုံးဝန်းအတွင်း ယာယီရုံးအနေဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ပြည်နယ်ဦးစီးမှူးရုံး အခြေစိုက်ရုံးအဖြစ်လည်းကောင်း၊ ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီရုံးအဖြစ်လည်းကောင်း ဒေသအတွင်း ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာစေရန်နှင့် ကုမ္ပဏီဆိုင်ရာ ကိစ္စရပ်များကို အများပြည်သူ သိရှိနားလည်စေရန် ရှင်းလင်းဆွေးနွေး ဆောင်ရွက်ပေးလျက်ရှိ သည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ စတင်၍ အသုံးပြုသော Myanmar Companies Online (MyCO) စနစ်ဖြင့် ကုမ္ပဏီများမှတ်ပုံတင်ရာတွင်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) နည်းတူ ကချင်ပြည်နယ်ဦးစီးမှူးရုံးမှ ပြည်သူများကို မှတ်ပုံတင်ခြင်း ပြုလုပ်ရာ၌ အခက်အခဲမရှိစေရန် Kiosk Computer များကို ရုံးအတွင်း အများပြည်သူအသုံးပြုနိုင်သည့် နေရာများတွင် စနစ်တကျ ထားရှိပေးခြင်း၊ ရုံးဝန်ထမ်းများမှ MyCO စနစ် အသုံးပြုပုံများကို ဝိုင်းဝန်းကူညီ ရှင်းလင်းဆွေးနွေးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး အစိုးရ၏ e-Government စနစ်ကို အကောင်အထည်ဖော်ရာ၌ တစ်ထောင့်တစ်နေရာမှ ကူညီအားဖြည့် ပေးနိုင်ခဲ့သည်။ ကုမ္ပဏီတစ်ခု မှတ်ပုံတင်သည့်အခါ နာရီပိုင်း၊ မိနစ်ပိုင်းအတွင်း ပြီးစီးနိုင်သည့်အပြင် ကုမ္ပဏီတစ်ခုသည် အချက်အလက်ပြည့်စုံသည့်အခါတွင် ၂ မိနစ်အတွင်း Registered ဖြစ်သွားသည့်အတွက် လုပ်ငန်းရှင်များ အနေဖြင့် မည်သည့်နေရာမှာမဆို လွယ်ကူစွာ အချိန်ကုန် ငွေကုန်သက်သာပြီး မှတ်ပုံတင်ခြင်းကို လုပ်ကိုင်နိုင်သည်။ ထို့ပြင် အခြားကုမ္ပဏီဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို လာရောက်မေးမြန်းသော ပြည်သူများကို ပြည်နယ် ဦးစီးမှူးရုံးမှ အရာထမ်းများမှ လက်ခံတွေ့ဆုံ၍ ဆွေးနွေးပေးနိုင်ခဲ့သည်။ ကချင်ပြည်နယ် ဦးစီးမှူးရုံး အနေဖြင့်လည်း ကုမ္ပဏီနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ပတ်သက်၍ လာရောက်မေးမြန်းသော ပြည်သူများ၊ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များကိုလည်း ကုမ္ပဏီဒါရိုက်တာများ လမ်းညွှန်စာအုပ်များနှင့် ကချင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရာ၌ ပိုမိုလွယ်ကူ သိရှိနိုင်စေရန် pamphlet များကိုလည်း အခမဲ့ဖြန့်ဝေပြီး အသိပညာများ မျှဝေ၍ ဝန်ဆောင်မှုပေးလျက်ရှိသည်။


ကချင်ပြည်နယ်ဦးစီးမှူးရုံးခွဲ ဖွင့်လှစ်ခဲ့သည့် အချိန်မှစ၍ ယခုအချိန်ထိ ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုမိန့်အနေဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ၅ ခု၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ် နှံမှု ၇ ခု စုစုပေါင်း ၁၂ ခု (ရင်းနှီးမြှုပ်နှံမှု US$ သန်း ၁၆.၁၉၉ သန်းနှင့်ကျပ် သန်းပေါင်း ၅၂၆၈. ၁၆၈ သန်း)၊ အလုပ်အကိုင်အခွင့်လမ်းပေါင်း ၁၁၂၉ ခု ဖန်တီးပေးနိုင်ခဲ့သည်။


ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးဇုန်ကိုလည်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိအောင် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆက်လက်၍ နန်ကျင်စီးပွားရေးဇုန်၊ ဗန်းမော်မြို့တွင် ကားကွင်းတည်ဆောက်ရေးလုပ်ငန်းတို့ကိုလည်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ ထပ်မံ ခွင့်ပြုမိန့်ရရှိစေရန် ကူညီညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။ ကချင်ပြည်နယ်သည် ကမ္ဘာ့နိုင်ငံကြီး နှစ်နိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့်ထိစပ်လျက်ရှိပြီး တရုတ်နိုင်ငံမှ ဦးဆောင်သော ပိုးလမ်းမ (One Belt One Road) ရပ်ဝန်းဒေသ၏ တစ်စိတ်တစ်ဒေသ ပါဝင်လျက်ရှိသည်။ အရင်

ကတည်းက ကချင်ပြည်နယ်သည် ကျောက်စိမ်းမြေ (ဖားကန့်မြို့)၊ ပရင်းနှင့် ရွှေများ (တနိုင်းမြို့)၊ ဆန်စပါး (မြန်မာနိုင်ငံ၏ စတုတ္ထ အများ ဆုံး) ထွက်ရှိရာဒေသ ဖြစ်ခြင်း၊ ခရီးသွားတောင်တက်သမား အကြိုက် ပူတာအိုမြို့တွင် ခါကာဘိုရာဇီတောင် နှင့် ဖုန်ကန်ရာဇီ ရေခဲတောင် ဒေသတည်ရှိနေခြင်း၊ ကမ္ဘာ့ရှားပါး သစ်ခွ နက်နှင့် ငှက်များရှိနေခြင်းကြောင့် နိုင်ငံခြား ခရီးသွား လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် အမြဲဆွဲဆောင်လျက်ရှိသည်။ ထို့ပြင် ကန်ပိုက်တီ နယ်စပ်ဂိတ်နှင့် လွယ်ဂျယ်နယ်စပ်ဂိတ်တို့မှ တစ်ဆင့် ကချင်ပြည်နယ်အတွင်း ကုန်စည်များစွာ Exports/ Imports ပြုလုပ်လျက်ရှိခြင်းကြောင့် ရန်ကုန် ထိသွားရန် မလိုဘဲ ရင်းနှီးမြှုပ်နှံမည့် Investor တို့ အတွက် များစွာအချိန်ကုန်သက်သာစေသည်။ကချင်ပြည်နယ်မှာ ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေလျှင်မြန်စွာ ဆောင်ရွက်နိုင်ရန် နှင့် Investment Promotion Fair တို့အတွက် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ ကြီးကြပ်၍ DICA Kachin ရုံးနှင့် ပြည်နယ်လယ်ယာမြေဦးစီး ဌာနတို့ ပူးပေါင်းပြီး မြေလွတ်၊ မြေရိုင်း၊ တောရိုင်းများ စုစုပေါင်း ဧက ၁၁,၆၀၈,၆၆၅ ကောက်ခံရရှိခဲ့သည်။

Investor များအတွက် Customer Services ပိုမိုကောင်းမွန်စေရန် ရည်ရွယ်၍ ကချင်ပြည်နယ် ဦးစီး မှူးရုံးတွင် ဝန်ထမ်းများ စွမ်းဆောင်ရည် ပိုမိုမြင့်တင် နိုင်ရန်အတွက် ဦးစီးဌာနမှ ဖွင့်လှစ်သော သင်တန်းများ၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဖွင့်လှစ်ပေးခဲ့သော တရုတ်စကားပြော သီးသန့်သင်တန်းများ၊ ကချင်ပြည်နယ်အတွင်း ဌာနဆိုင်ရာများမှ ဖွင့်လှစ်သော ဘာသာရပ်ဆိုင်ရာ သင်တန်းများကိုလည်း မပျက်မကွက် တက်ရောက်လျက်ရှိသည်။ ဝန်ထမ်းများ၏ သာရေး၊ နာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ပြည်နယ်ဦးစီးမှူးရုံး အနေဖြင့် ကြည့်ရှုစောင့်ရှောက်ပေးနိုင်ခဲ့ပြီး လုပ်ငန်းခွင်သာယာစေရန် ဝန်ထမ်းများသက်သာ ချောင်ချိရေးအတွက်လည်း ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးနိုင်ခဲ့သည်။ ထို့ပြင်ဌာနတွင်း၊ အခြားဌာနများနှင့် လုပ်ငန်းရှင်ကုမ္ပဏီများ၊ ပုဂ္ဂလိက ကောလိပ်ကျောင်းတို့ကိုလည်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများကိုလည်း Knowledge Sharing အနေဖြင့် ဆွေးနွေးပွဲများ ဆောင်ရွက်ပေးခဲ့သည်။

ကချင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့်ပတ်သက်၍ အထက်ပါ တင်ပြထားရှိသည့် အခြေအနေများအပြင် ကမ္ဘာ့နိုင်ငံကြီးနှစ်နိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား တည်ရှိနေခြင်းကြောင့် အဆိုပါဒေသတွင် စက်မှုဇုန်များ၊ နယ်စပ်စီးပွားရေးဇုန်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ကချင်ပြည်နယ်ရုံးခွဲအနေဖြင့် ရေးသားတင်ဆက်ခြင်းဖြစ်ပါသည်။



# COVID-19 နှင့် ကမ္ဘာ့စီးပွားရေး

**မြန်မာသူဇာ**


COVID-19 ကမ္ဘာ့ကပ်ရောဂါ လျင်မြန်စွာ ကူးစက်ပျံ့နှံ့ခဲ့မှုကြောင့် ကမ္ဘာတစ်ဝန်း မကြုံစဖူး စိန်ခေါ်မှု များဖြစ်ပေါ်လျက် ရှိနေပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နေ့စဉ်ထုတ်ပြန် ထားသည့် ကိန်းဂဏန်းများက ရောဂါကူးစက်ပြန့်နှံ့မှုမည်မျှ များပြားကြောင်း သက်သေပြလျက် ရှိနေပါသည်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျန်းမာရေးဆိုင်ရာ ကပ်ရောဂါအဖြစ် စတင်ခဲ့သော COVID-19 ကမ္ဘာ့ကပ်ရောဂါသည် ယခုအခါ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကြပ်အတည်းအသွင်သို့ လုံးဝကူးပြောင်းခဲ့ပြီး ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စုများ အနေဖြင့် ဝင်ငွေသိသိသာသာ ကျဆင်းမှုများ ရင်ဆိုင်ရလျက်ရှိသကဲ့သို့ ဝန်ဆောင်မှုလုပ်ငန်းများ အထူးသဖြင့် ခရီးသွားလုပ်ငန်းများနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းများမှာ အထိနာလျက် ရှိပါသည်။ ထို့အတူ ကမ္ဘာ့ကုန်ထုတ်လုပ်မှု ကွင်းဆက်တွင် ပါဝင်မှု ရာခိုင်နှုန်း များပြားသော လုပ်ငန်းများနှင့် သွင်းကုန်ကုန်ကြမ်းများ အပေါ်မူတည်၍ တန်ဖိုးမြင့် ကုန်ချောထုတ်လုပ်ရသည့် လုပ်ငန်းများမှာ ကုန်ပစ္စည်း ပြတ်လပ်ခြင်း၊ ကုန်ကြမ်းရောက်ရှိမှု နှောင့်နှေးကြန့်ကြာခြင်းတို့ကြောင့် ထုတ်လုပ်မှုလုပ်ငန်းအပေါ်များစွာ ထိခိုက်ခဲ့ပါသည်။

## ကမ္ဘာ့စီးပွားရေး

COVID-19 ကမ္ဘာ့ကပ်ရောဂါသည် ၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားပျက်ကပ်စိုက်ပြီး နောက်ပိုင်း ကမ္ဘာ့စီးပွားရေးကို အဆိုးရွားဆုံး ထိခိုက်ကျဆင်းစေခဲ့ပြီး ၂၀၀၈ ခုနှစ် ဘဏ္ဍာရေး အကြပ်အတည်းဖြစ်ပွားစဉ်က စီးပွားရေးကျဆင်းမှုထက် ၃ ဆ ပိုမိုကျဆင်းခဲ့သည်။

ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ၂၀၂၁ ခုနှစ်တွင် ၄% နှင့် ၂၀၂၂ ခုနှစ်တွင် ၃.၈% သို့ ရောက်ရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၂၀၂၁ ခုနှစ်တွင် ၃.၃% နှင့် ၂၀၂၂ ခုနှစ်တွင် ၃.၅% ရောက်ရှိနိုင်ကြောင်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှုန်းမှာ ၂၀၂၁ ခုနှစ်တွင် ၅.၂% နှင့် ၂၀၂၂ ခုနှစ်တွင် ၄.၃% သို့ ရောက်ရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။




အရှေ့အာရှနှင့် ပစိဖိတ်ဒေသ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၂၀၂၁ ခုနှစ်တွင် ၇.၄% နှင့် ၂၀၂၂ ခုနှစ်တွင် ၇.၅% သို့ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှုန်းမှာ ၂၀၂၁ ခုနှစ်တွင် ၂% နှင့် ၂၀၂၂ ခုနှစ်တွင် ၈% သို့ ရောက်ရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

## ကမ္ဘာ့ကုန်သွယ်မှု

ကမ္ဘာ့ကုန်သွယ်မှုမှာ ၂၀၂၀ ပြည့်နှစ် ဒုတိယသုံးလပတ်မှစ၍ ပြန်လည်ကောင်းမွန်လာခဲ့သည်။ ကမ္ဘာ့ကုန်စည်ကုန်သွယ်မှု တိုးတက်မှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ်တွင် ၅.၃% သို့ ကျဆင်းခဲ့သော်လည်း ၂၀၂၁ ခုနှစ်တွင် ၈% သို့ တိုးတက်နိုင်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ခန့်မှန်းထားပြီး ၂၀၂၂ ခုနှစ် နောက်ပိုင်းတွင် COVID-19 မတိုင်မီ ကာလကကဲ့သို့

ပုံမှန်အခြေအနေပြန်လည်ရောက်ရှိနိုင်ကြောင်းခန့်မှန်းထားသည်။

၂၀၂၀ ပြည့်နှစ်တွင် ကုန်စည်ကုန်သွယ်မှုမှာ ၈% ကျဆင်းခဲ့ပြီး ဝန်ဆောင်မှုကုန်သွယ်မှုမှာ ၂၀% ကျဆင်းခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ရေနံဈေးနှုန်းမှာ ၃၅% ထိ ကျဆင်းခဲ့ပြီး ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများမှာ ၆၃% အထိ ကျဆင်းခဲ့သည်။

လောင်စာဆီနှင့် တွင်းထွက်သယံဇာတ ကုန်သွယ်မှုမှာ ၄၃% အထိ ကျဆင်းခဲ့ပြီး၊ စက်မှုထုတ်ကုန်ပစ္စည်းများ ကုန်သွယ်မှုမှုမှာ ၁၈% နှင့် စိုက်ပျိုးရေး ထွက်ကုန်စည်ကုန်သွယ်မှုမှာ ၅% ကျဆင်းခဲ့သည်။ COVID-19 ကာလအတွင်း အလားအလာကောင်းလျက်ရှိသည့် ကုန်ပစ္စည်းများမှာ ကွန်ပျူတာနှင့် လျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်နှင့်ဆက်စပ်ပစ္စည်းကိရိယာများ၊ ဆေးနှင့် ဆေးပစ္စည်း ကိရိယာများ၊ Covid-19 ကာကွယ်ရေးနှင့်စပ်လျဉ်းသည့် ပစ္စည်းများဖြစ်ကြသည်။


## ကမ္ဘာ့နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု


ကမ္ဘာ့နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(Global FDI)မှာ ၂၀၁၉ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၁.၅ ထရီလီယံရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန် ဒေါ်လာ ၈၅၉ ဘီလီယံ ရှိခဲ့ပြီး ၄၂% ကျဆင်းခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအခြေအနေမှာ ၁၉၉၀ ခုနှစ် နောက်ပိုင်း အဆိုးဆုံးဖြစ်ခဲ့ပြီး ၂၀၀၈-၂၀၀၉ ခုနှစ် ဘဏ္ဍာရေးအကြပ်အတည်း ဖြစ်ပွားစဉ်ကထက် ၃၀% ကျော် လျော့နည်းခဲ့သည်။

၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၀ ပြည့်နှစ်၌ ဖွံ့ဖြိုးပြီးနိုင်ငံများသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုမှာ ၆၉% ကျဆင်းခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ ၁၂% ကျဆင်းခဲ့သည်။

အမေရိကန်နိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ ၄၉% နှင့် ဩစတြေးလျနိုင်ငံသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ ၄၆%၊ အီးယူနိုင်ငံများသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုမှာ ၇၁% စံချိန်တင်ကျဆင်းခဲ့သည်။ ဖွံ့ဖြိုးဆဲဒေသများ ဖြစ်သည့် လက်တင်အမေရိကနှင့်ကာရေဗီယန်ဒေသတွင် ၃၇%၊ တောင်အမေရိကတွင် ၄၆%၊ အာဖရိကဒေသတွင် ၁၈%၊ အာရှဒေသတွင် ၄% ကျဆင်းခဲ့သည်။ အာရှဒေသသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုကျဆင်းခဲ့သည့်ဒေသများအနက်ကျဆင်းမှု အနည်းဆုံးဒေသဖြစ်သည်။

အာရှပစိဖိတ်ဒေသသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၀ ပြည့်နှစ်တွင် ၃၇% ကျဆင်းခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်ခဲ့သည့် ဒေသဖြစ်သည်။ အာရှပစိဖိတ်ဒေသအတွင်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အများဆုံး ဝင်ရောက်ခဲ့သည့်နိုင်ငံများမှာ တရုတ်၊



အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ ဘရူနိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်ကြသည်။

ဖွံ့ဖြိုးဆဲအာရှဒေသသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုမှာ ၄% ကျဆင်းခဲ့သော်လည်း အရှေ့အာရှဒေသသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ ၁၂% မြင့်တက်ခဲ့ပြီး ကမ္ဘာ့နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ သုံးပုံတစ်ပုံ ဝင်ရောက်ခဲ့သည်။ တောင်အာရှဒေသသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုမှာ၁၀% မြင့်တက်ခဲ့ပြီး အနောက်အာရှဒေသသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုမှာ ၂၄% ကျဆင်းခဲ့သည်။

အရှေ့တောင်အာရှဒေသ၌ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ ၃၁% ကျဆင်းခဲ့သည်။ မလေးရှားနိုင်ငံအနေဖြင့် ၆၈%၊ ထိုင်းနိုင်ငံအနေဖြင့် ၅၀%၊ စင်ကာပူနိုင်ငံအနေဖြင့် ၃၇%၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၂၄%၊ ကျဆင်းခဲ့ပြီး ဖိလစ်ပိုင် နိုင်ငံအနေဖြင့် ၂၉% မြင့်တက်ခဲ့သည်။

ကမ္ဘာ့နိုင်ငံ အများအပြားတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ ကျဆင်းလျက်ရှိသော်လည်း အိန္ဒိယနှင့်တရုတ်နိုင်ငံတို့သို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပိုမို ဝင်ရောက်ခဲ့သည်။


၂၀၂၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သည့် World Investment Report အရ ၂၀၂၁ ခုနှစ်တွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ၅% မှ ၁၀% အကြား ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။

ဆက်သွယ်ရေးကဏ္ဍမှာ ၂၀၂၀ ပြည့်နှစ်တွင် ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၄၁% တိုးတက်ခဲ့ပြီး ဇီဝနည်းပညာကဏ္ဍမှာ ၈၈% တိုးတက်ခဲ့သည်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍမှာ ၆၇%၊ ချည်မျှင်နှင့်အဝတ်အထည်ကဏ္ဍမှာ ၅၆% ကျဆင်းခဲ့ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှာ ၆၂% ကျဆင်းခဲ့သည်။

## ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာနိုင်မှု အခြေအနေ

၂၀၂၁ ခုနှစ်၊ တတိယသုံးလပတ်နှင့် စတုတ္ထသုံးလပတ်တို့တွင် ကမ္ဘာ့စီးပွားရေးမှာ ပြန်လည်တိုးတက် လာနိုင်မည်ဖြစ်ကာ ကုန်ထုတ်လုပ်ငန်းများမှာ V ပုံစံပြန်လည် ဦးမော့လာနိုင်ပြီး ခရီးသွားလုပ်ငန်းများကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းများမှာမူ U ပုံစံ ပြန်လည်ဦးမော့လာနိုင်မည် ဖြစ်ကြောင်း ခန့်မှန်းထားသည်။

**Changes in 2020 FDI inflows for selected top 2019 recipient economies**
*(Per cent)*




*Source:* UNCTAD.

COVID-19 ကပ်ရောဂါကြောင့် ထိခိုက်မှု အများဆုံးခံရသည့် လုပ်ငန်းများမှာ လေကြောင်း လိုင်းများကဲ့သို့သော လုပ်ငန်းများဖြစ်ကာ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင်ရှိခဲ့သည့် ခရီးစဉ် အရေအတွက်၏ ၂၅% သာ လည်ပတ်နိုင်ပြီး အဆိုပါကဏ္ဍ ပြန်လည် ဦးမော့လာစေရန်အတွက် အနည်းဆုံး ၂ နှစ်ကျော် ကြာမြင့်နိုင်မည် ဖြစ်ကြောင်း ခန့်မှန်းထားသည်။ ၂၀၂၁ ခုနှစ်တွင် ခရီးသွားဧည့်သည် အရေအတွက်မှာ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၄၄% မှ ၅၆% အထိ ကျဆင်း နိုင်ပြီး အမေရိကန်ဒေါ်လာ ၂၈၁ ဘီလီယံမှ ၃၅၁ ဘီလီယံအထိ ဆုံးရှုံးနိုင်ကြောင်း ခန့်မှန်းထား သည်။

ကမ္ဘာ့အသားတင်ကုန်ထုတ်မှုတန်ဖိုး(Global GDP)၏ ၃.၆% ကို ကိုယ်စားပြုလျက်ရှိသည့် လေကြောင်းလိုင်းများ၏ ပြန်လည်ဦးမော့လာနိုင်မှု အခြေအနေမှာ အသွားအလာ ကန့်သတ်မှု ဖြေလျှော့ ပေးမှုနှင့်ကာကွယ်ဆေးထိုးနှံပေးနိုင်မှုအခြေအနေများ အပေါ် မူတည်လျက်ရှိပြီး ဒေသတွင်း ခရီးသွားလာမှု အများဆုံးဖြစ်သည့် ဒေသများဖြစ်သည့် အာရှပစိဖိတ် ဒေသ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသတို့၏ ခရီးသွားလုပ်ငန်းကဏ္ဍများမှာ ဦးစွာ ပြန်လည် ဦးမော့ လာနိုင်ကြောင်း ခန့်မှန်းထားသည်။

ကမ္ဘာ့စက်မှုလုပ်ငန်းများနှင့် နယ်စပ်ဖြတ် ကျော် ကုန်သွယ်မှုလုပ်ငန်းများမှာမူ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၌ပင် COVID-19 မဖြစ်ပွားမီကာလက ထက် ၂% တိုးတက်လျက်ရှိကြောင်း ဖော်ပြထား သည်။ ၂၀၂၂ ခုနှစ် နောက်ပိုင်းတွင် COVID-19 မတိုင်မီကာလကကဲ့သို့ ပုံမှန်အခြေအနေ ပြန်လည် ရောက်ရှိနိုင်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ခန့်မှန်းထားသည်။

## နိဂုံး

COVID-19 ကာလအတွင်း အလားအလာ ကောင်းမွန်ခဲ့သည့် ကဏ္ဍများမှာ ဒစ်ဂျစ်တယ် နည်း ပညာအသုံးပြုလုပ်ငန်းများနှင့်ကျန်းမာရေးဝန်ဆောင် မှုလုပ်ငန်းများ ဖြစ်သော်လည်း COVID-19 အလွန် ကာလတွင်မူဒစ်ဂျစ်တယ်နည်းပညာအသုံးပြုလုပ်ငန်း များမှသည် အစိမ်းရောင် စီးပွားရေးစနစ်သို့ အသွင် ကူးပြောင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။

ကမ္ဘာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေမှာ COVID-19 ကပ်ရောဂါ ဖြစ်ပွားမှု အခြေအနေ၊ ကာ ကွယ်ဆေးထိုးနှံပေးနိုင်မှုအခြေအနေ၊ စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အစိုးရများ၏ ပံ့ပိုးဆောင် ရွက်ပေးမှုအစီအစဉ်များ၊မက်ခရိုစီးပွားရေးအခြေအနေ များကို ကိုင်တွယ်ဆောင်ရွက်နိုင်မှု အခြေအနေများ နှင့်ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းမွန်စေရေးအတွက် ကမ္ဘာ့နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဆိုင်ရာ မူဝါဒ များအပေါ် မူတည်လျက် ရှိသည်။

ကမ္ဘာ့စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများအားလုံး မူလအတိုင်း ပြန်လည် လည်ပတ်ဆောင်ရွက်နိုင်ရန်မှာ COVID-19 ကာကွယ် ဆေးထိုးနှံပေးနိုင်မှုအပေါ် မူတည်နေသဖြင့် ကာကွယ် ဆေးထိုးနှံပေးမှုကို ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးတိုးတက်ရေးအတွက် မူဝါဒသဖွယ် အလေး ထားဆောင်ရွက်သင့်ပါသည်။

## ကိုးကားစာရင်း


၁။ Economic research gateway | WTO

၂။ Global foreign direct investment fell by 42% in 2020, outlook remains weak | UNCTAD

၃။ Global Economic Prospects, A World Bank Group Flagship Report (January, 2021)

၄။ How COVID-19 is changing the world: A Statistical Perspective ,Volume III, https://www.wto. org/english/ tratop_e/covid19_e/ccsa_publication_vol3_e.pdf

၅။ International Air Transport Association, COVID-19 An almost full recovery of air travel in prospect

၆။ Investment Trends Monitor| UNCTAD

၇။ World Economic Forum

၈။ World trade primed for strong but uneven recovery after COVID 19 pandemic shock - Press/876(2021 Press Releases) | WTO

၉။ The fDiReport 2021

# MIFER သတင်းများ

## အီးယူ၏ အကူအညီအထောက်အပံ့ဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုကိစ္စရပ်များတွင် ဆောင်ရွက်လျက် ရှိသော စီမံချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

အီးယူ၏ အကူအညီ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုကိစ္စရပ်များတွင် ဆောင်ရွက်လျက်ရှိသော စီမံချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် ဦးဆောင်၍ သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့်ဧပြီ ၂ ရက်၊ မွန်းလွဲပိုင်းတွင် ကျင်းပခဲ့ပါ သည်။

အစည်းအဝေးတွင် အီးယူ၏ ငွေကြေးနှင့် နည်းပညာ အကူအညီ အထောက်အပံ့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံချက်များအလိုက် လက်ရှိဆောင်ရွက်နေမှုနှင့် တိုးတက်မှု အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများ အပေါ် အီးယူဘက်သို့ အသိပေး ညှိနှိုင်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ညှိနှိုင်းပေါင်းစပ်ပေးရန် လိုအပ်ချက်များအား သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက တင်ပြဆွေးနွေးခဲ့ကြရာ ဒုတိယဝန်ကြီးက အကြောင်းအမျိုးမျိုးကြောင့် တွေ့ကြုံနေရသည့် လုပ်ငန်း အကောင်အထည်ဖော်ရေးဆိုင်ရာ အခက်အခဲများအား သက်ဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများသို့ ပြည့်ပြည့်စုံစုံ အချိန်နှင့်တစ်ပြေးညီ အသိပေး အကြောင်းကြားရန် လိုအပ်ကြောင်း၊ အရေးကြီးသည့် လုပ်ငန်း စီမံချက်များအတွက် မဖြစ်မနေဆက်လက် လုပ်ဆောင်နိုင်မည့် အခြားအစီ အစဉ်များကိုလည်းကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အခြားသော လုပ်ငန်းဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ အီးယူ၏ အကူအညီ အထောက်အပံ့ဖြင့် အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိသော သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် စုစုပေါင်း (၂၅) ဦး ပါဝင်တက်ရောက်ခဲ့ကြသည်။



# ဂျပန်နိုင်ငံအစိုးရ၏ ODA ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

ဂျပန်နိုင်ငံအစိုးရ၏ ODA ချေးငွေဖြင့် မြန်မာနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးနှင့် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးတွင် ဂျပန်နိုင်ငံအစိုးရ၏ ODA ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ဆဲ စီမံကိန်းများ၏ လက်ရှိဆောင်ရွက်မှု အခြေအနေများ၊ ကြုံတွေ့ရသည့်အခက်အခဲများ၊ လိုအပ်ချက်များအား သက်ဆိုင်ရာဝန်ကြီး ဌာနများမှ ကိုယ်စားလှယ်များက အသီးသီး တင်ပြဆွေးနွေးကြရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ညှိနှိုင်းပေးရမည့် ကိစ္စရပ်များကို စဉ်ဆက်မပြတ်ညှိနှိုင်း ဆောင်ရွက်ပေးနေပါကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေရသည့် ကိစ္စရပ်များကို ညှိနှိုင်းပေးနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ အသိပေး အကြောင်းကြားပေး စေလိုပါကြောင်းနှင့် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သည့် ဝန်ကြီးဌာန/ အဖွဲ့အစည်းများက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့် ကိစ္စရပ်များအား ဆွေးနွေးမှာကြားသည်။




အဆိုပါ အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

## မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး တွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦး သည် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို ဧပြီ ၉ ရက်နေ့ မွန်းလွဲပိုင်း မန္တလေးတိုင်းဒေသကြီး၊ ရင်းနှီးမြှုပ်နှံမှု ကော်မတီရုံး ၌ တွေ့ဆုံခဲ့ပါသည်။



ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီး က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်- MIC အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီများကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းထားပြီး ဖြစ်သည့် ကော်မတီများအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ လုပ်ဆောင်သည့်အခါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပိုမိုမြန်ဆန် သွက်လက်စွာဆောင်ရွက်နိုင်ရေး ဦးစားပေး ဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊ ဆက်လက်၍ တိုင်းဒေသ ကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု များ ပိုမိုဝင်ရောက်လာ စေရေးအတွက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ မြှင့်တင်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင် ရွက်သွား ကြရမှာဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ပတ်သက်၍ တိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုပေးထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှခွင့်ပြုပေးထားသော လုပ်ငန်းများရှိရာ ယင်းလုပ်ငန်း (၂) မျိုးကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင် ရေးနှင့် ရင်းနှီးမြှုပ်နှံသူများ ရသင့်ရထိုက်သော အခွင့်အရေးများ မဆုံးရှုံးစေရေးအတွက် လိုအပ်သလို ကြိုးကြပ်ဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လတ်တလော အခြေအနေအရ ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ၄၂ ရာခိုင်နှုန်း အထိ ကျဆင်းခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် တစ်ကမ္ဘာလုံး အနေဖြင့် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ထပ်မံကျဆင်းမည်ဟု နိုင်ငံတကာပညာရှင်များ၏ တွက်ချက်ခန့်မှန်းချက်များ ရှိကြောင်း၊ ထို့ကြောင့် ၂၀၂၁ - ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပုံမှန်ဆက်လက်ဝင်ရောက်လာရေး အတွက် စိန်ခေါ်မှုများရှိသော်လည်း ရင်းနှီးမြှုပ်နှံမှု များ ဆက်လက်ဝင်ရောက်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အချို့နိုင်ငံများတွင် အကြောင်း အမျိုးမျိုးကြောင့် ရင်းနှီးမြှုပ်နှံ သူများမှ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကိုပြန်လည် ရုပ်သိမ်းထွက်ခွာသွားမှုများ ရှိကြောင်း၊ အဆိုပါကိစ္စသည် တစ်ကမ္ဘာလုံး၌ ဖြစ်ပေါ်လျက်ရှိရာ နိုင်ငံအသီးသီးအနေဖြင့် မိမိတို့နိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပြန်လည်ထွက်ခွာမှုမရှိစေရေး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၌လည်းဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်၍

တိုင်းဒေသကြီး/ ပြည်နယ်များ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို MIC က စံပြုလုပ်ထုံး လုပ်နည်းများ ( Standard Operation Procedure- SOP) ထုတ်ပြန်၍ ပြုစုပေးပို့ထားကြောင်း၊ ယင်း SOP ကို လက်တွေ့နှင့် ပိုမိုကိုက်ညီမှုရှိစေရန် ပြန်လည် ပြင်ဆင်၍ ထုတ်ပြန်ပေးမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများမှ ယင်း SOP အတိုင်း လိုက်နာဆောင်ရွက်၍ လုပ်ငန်းများကို အကောင်အထည်ဖော်ပေးကြရန် ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဌာနများ ၊ ပုဂ္ဂလိက အသင်းအဖွဲ့များနှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ တည်ရှိပြီး စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏လမ်းညွှန်ချက်နှင့်အညီ လိုအပ်ပါက စက်မှုဇုန်အသစ်များ ထပ်မံတည်ထောင် သွားနိုင်ရေးစဉ်းစားဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ စက်မှုဇုန်အသစ်များ တည်ထောင်နိုင်ရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုမိန့်၊ အတည်ပြုမိန့် ထုတ်ပေးသည့် အပိုင်းတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ သတ်မှတ်ရက်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့် ရရှိပြီး နောက်ပိုင်းတွင်လည်း သက်ဆိုင်ရာဝန်ကြီး ဌာနအသီးသီး၏ လိုင်စင်များ၊ ပါမစ်များ၊ ခွင့်ပြုမိန့်များ ရယူရာတွင် ဌာနအသီးသီးမှ မြန်ဆန်သွက်လက်စာ ထုတ်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီများမှ ကြပ်မတ်ဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း၊ MIC နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (MIFER)မှလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်၍ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် လုပ်ငန်းအဆင့်လျော့ချရန်နှင့် ပိုမိုလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို ပြန်လည် သုံးသပ်ပြီး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ထို့ကြောင့် တိုင်းဒေသကြီးအတွင်း ကျင့်သုံးဆောင်ရွက်နေသော လုပ်ငန်းစဉ်များကိုလည်း ပြန်လည်သုံးသပ်၍ ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်းဖြင့် အမှာစကား ပြောကြားပါသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးပြောကြားခဲ့ပါသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဒေါက်တာ မင်းဇော်ဦးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းကာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များကလည်း လိုအပ်သည်များ ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## ရင်းနှီးမြှုပ်နှံမှုအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ညှိနှိုင်းအစည်းအဝေးကို ပြည်ထောင်စုဝန်ကြီး ဦးဆောင်ကျင်းပ

ကုန်ထုတ်လုပ်မှုကဏ္ဍတွင်ကြုံတွေ့နေရသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် အစိုးရဌာနဆိုင်ရာများနှင့် ညှိနှိုင်းအစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ဧပြီလ ၁၂ ရက် မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ လွန်ခဲ့သော နှစ် က ၄၂ % ထိ ကျဆင်းခဲ့ပြီး ယခု ၂၀၂၁ ခုနှစ်တွင် ၅-၁၀ % ကျဆင်းမည်ဟု ခန့်မှန်းထားခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အတားအဆီးနှင့် စိန်ခေါ်မှုဖြစ်စေသည့် ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဖြေရှင်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဆောင်ရွက်ရာတွင် လက်ရှိ ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ရင်းနှီးမြှုပ်နှံသူများကတင်ပြလာသည့်အခက်အခဲများကို အစည်းအဝေးတွင် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသွားကြရန် ဖြစ်ပါကြောင်းနှင့် မိမိတို့ ဌာနအလိုက် ဆောင်ရွက်ပြီးစီးမှုများကို ပြန်လည် တင်ပြသွားကြရန် မှာကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက စက်ရုံအလုပ်ရုံများမှ ဝန်ထမ်းများ၏ သယ်ယူပို့ဆောင်ရေး ကိစ္စရပ်များ၊ လုပ်သားများ လုံခြုံစိတ်ချစွာ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ရေးနှင့် စက်ရုံများ လုံခြုံစွာ လည်ပတ်နိုင်ရေးကိစ္စများ၊ ဘဏ္ဍာရေးဆိုင်ရာနှင့် အလုပ်သမားရေးရာ ကိစ္စရပ်များအပေါ် ဆွေးနွေးကြပြီး ဌာနအလိုက်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဌာနအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ တက်ရောက်ခဲ့ကြသည်။

## မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး တွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များကို ဧပြီလ ၂၈ ရက် မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ အောင်ဆန်းခန်းမ၌ တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များ ခွင့်ပြုဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဖြစ်စေရေး၊ လုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးသည် အရေးကြီးကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် တင်ပြလျှောက်ထားမှုများကို ဥပဒေပြဋ္ဌာန်းချက်ပါ သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် စိစစ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ကို အခြေခံကာ ရင်းနှီးမြှုပ်နှံမှုမူဝါဒ အမြန်ချမှတ် အကောင်အထည်ဖော် နိုင်အောင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှု ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အချိန်တိုတိုအတွင်း ရလဒ်ကောင်းများ ရရှိမည့် လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံသားကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်ရေးဌာနများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားပါသည်။

ထို့နောက်တက်ရောက်လာကြသည့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များက ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



# ပြည်ထောင်စုဝန်ကြီး၏ ကရင်ပြည်နယ်ခရီးစဉ်အတွင်း ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး/ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦး သည် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များကို ဧပြီလ ၂၉ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီရုံး၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပါသည်။



ထိုသို့ တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူလျင်မြန်အဆင်ပြေ ချောမွေ့စေရေးနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေးသည် အရေးကြီးကြောင်း၊ ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီက ခွင့်ပြုထား သည့် လုပ်ငန်းများအပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ခွင့်ပြုပြီး လုပ်ငန်းများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက် သွားရန်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ကို အခြေခံကာ ရင်းနှီးမြှုပ်နှံမှု မူဝါဒကို လိုက်လျော ညီထွေ ချမှတ်အကောင်အထည်ဖော် လျှက်ရှိပါကြောင်း၊ ပြည်နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေး၊ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အချိန်တိုတိုအတွင်း ရလဒ်ကောင်းများ ရရှိမည့် လုပ်ငန်းများကို ဦးစားပေး လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် တင်ပြလျှောက်ထားမှုများကို ဥပဒေ ပြဋ္ဌာန်းချက်ပါ သတ်မှတ်ကာလ အတွင်း ပြီးပြတ်အောင် စိစစ် ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံသား ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အကူပြုစေမည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေး ဌာနများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း ပြောကြားပါသည်။



တွေ့ဆုံစဉ် တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် လုပ်ငန်းအခက်အခဲများကို ဆွေးနွေးတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

# ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင်မှုဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ရုံးအမှတ် (၁)၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် Video Conferencing ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်များ ရရှိပြီးနောက်ပိုင်း သက်ဆိုင်ရာဝန်ကြီးဌာနများ/ အဖွဲ့အစည်းများ၏ စီးပွားရေးနှင့် သက်ဆိုင်သည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များကို ဆက်လက်လျှောက်ထား ရယူရာတွင် အချို့လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ အတွက် အခက်အခဲများနှင့် ကြန့်ကြာမှုများ ကြုံတွေ့နေရကြောင်း၊ သို့ပါ၍ သက်ဆိုင်ရာ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ထုတ်ပေးမှုအပေါ် ပြန်လည် သုံးသပ်၍ ဖြေလျော့မှုများ ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါကြောင်း၊ ထိုသို့ ပြန်လည် သုံးသပ်ရန်အတွက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီသို့ တင်ပြခဲ့ရာ "ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် သက်ဆိုင်သည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ပြန်လည်သုံးသပ်ရေးအဖွဲ့"ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိများဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် နိုင်ငံ့စီးပွားရေးကို လျင်လျင်မြန်မြန်ဦးမော့လာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် စီးပွားရေး လုပ်ငန်းများ ယခင်ကထက် ပိုမိုလွယ်ကူလျင်မြန်သွက်လက်စွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် တီထွင်ကြံဆမှုဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့ပါသည်။



ပြည်ထောင်စုဝန်ကြီးမှ ဆက်လက်ပြောကြားရာတွင် ယနေ့အချိန်အခါ အခြေအနေအရ စီးပွားရေးကဏ္ဍတစ်ရပ်လုံး မြန်မြန်ဆန်ဆန်နှင့် လည်ပတ်လုပ်ဆောင်နိုင်ရန် အရေးတကြီး လိုအပ် နေချိန်ဖြစ်၍ ဥပဒေ၊ နည်းဥပဒေများအရ မဖြစ်မနေ ရယူဆောင်ရွက်ရမည့် ကိစ္စရပ်များမှအပ ဖြေလျော့ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို လည်းကောင်း စတုတ္ထစက်မှုပြုပြင်ပြောင်းလဲရေးကို တစ်ကမ္ဘာလုံးက အရှိန်အဟုန်နှင့် ဆောင်ရွက်နေချိန်ဖြစ်၍ လူကိုယ်တိုင် စာရွက်စာတမ်း အထောက်အထားများစွာဖြင့် ဆောင်ရွက်နေရသည့် ကိစ္စရပ်များအား Online စနစ်ဖြင့် ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် လည်းကောင်း၊ One Stop Service ဖြင့်ဆောင်ရွက်ရန် စံလုပ်ထုံးလုပ်နည်း (SOP) ရေးဆွဲဆောင်ရွက်ရန် ကိစ္စများအတွက် နည်းပညာအကူအညီ အထောက်အပံ့ လိုအပ်ချက်များ အတွက်လည်း တင်ပြရန် ဆွေးနွေးမှာကြားခဲ့ပါသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဖွဲ့၏ လုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးရာတွင်

ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ၁၆ ခု က ခွင့်ပြုပေးလျက်ရှိသည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက် စုစုပေါင်း ၂၇၃ မျိုးရှိပြီး မြန်မာ နိုင်ငံရင်းနှီး မြှုပ်နှံမှု ကော်မရှင်က ခွင့်ပြုပေးသည့် လုပ်ငန်းများနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက် အရေအတွက်မှာ ၁၅၁ မျိုးရှိသည်ကို ပဏာမ စိစစ်တွေ့ရှိပါကြောင်း၊ အဆိုပါ လိုင်စင်၊ပါမစ်၊ ထောက်ခံချက်များအနက် လူကိုယ်တိုင် လာ ရောက် လျှောက်ထားရယူရသည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက် ၁၃၄ မျိုး ရှိနေသည်ကို တွေ့ရပါကြောင်း၊ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ထုတ်ပေးသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်း အစည်းအဝေးများ ဆက်လက်ကျင်းပ ဆောင်ရွက်သွားမည် ဖြစ်၍ ပူးပေါင်းပါဝင်ကြရန် ဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသည့် ဝန်ကြီး ဌာနများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့် လိုင်စင်၊ ပါမစ်နှင့် ထောက်ခံချက်များ စိစစ်ပေးနေမှုနှင့်ဖြေလျော့ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်း ဆွေးနွေးတင်ပြခဲ့ကြပါသည်။

ဆက်လက်၍ "ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ နှင့် သက်ဆိုင်သည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက် များ ပြန်လည်သုံးသပ်ရေးအဖွဲ့"၏ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွဲ့အနေဖြင့် အသေးစိတ် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ် များကို တင်ပြခဲ့ပါသည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင် သည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် "ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များပြန်လည်သုံးသပ်ရေးအဖွဲ့"အဖွဲ့ဝင် များ စုစုပေါင်း (၅၀) ဦးခန့် တက်ရောက်ခဲ့ပြီး အစည်း အဝေးကို မွန်းလွဲ ၁၅:၃၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။



# COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းဝယ်ယူရေး ကော်မတီ၏ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၁) ကျင်းပ

COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူရေး ကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၁) ကို မေလ ၅ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပရာ ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။



ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် COVID-19 ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ထားနိုင်မှု အခြေအနေ ပိုမိုကောင်းမွန်လာသည်ကို တွေ့ရသဖြင့် ဖြစ်ပေါ်လာသည့် အခြေအနေနှင့်အညီ ကော်မတီအနေဖြင့် လုပ်နည်းလုပ်ဟန် ပြင်ဆင်ဆောင်ရွက်သွားရန်လိုပါကြောင်း၊ ပြည်တွင်း၌ COVID-19 ၏ သက်ရောက်မှုအပေါ် ပြန်လည်တုန့်ပြန်နိုင်ရန်အတွက် ရေးဆွဲထားသော COVID-19 စီးပွားရေးထိခိုက်မှု သက်သာစေရေးစီမံချက် (CERP) အရ စီးပွားရေးလုပ်ငန်းများအတွက်သာမက အခြားသော ဘဏ္ဍာရေး ဖြေလျှော့ပေးမှုများ၊ စီးပွားရေးလုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရေး လုပ်ငန်းစဉ်များ၊ ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်မှုလုပ်ငန်းများကိုပါဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက် (Myanmar Economic Recovery Plan-MERP) ကို ရေးဆွဲ၍ ဆက်လက် ဆောင်ရွက်သွားရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းနိုင်ငံတို့အပြင် ကမ္ဘာ့နိုင်ငံအချို့၌ COVID-19 တတိယလှိုင်း၏ ကူးစက်ပျံ့နှံ့မှုနှင့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေပါသဖြင့် ယင်းအခြေအနေတို့အပေါ် လေ့လာသုံးသပ်၍ ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနအနေဖြင့် COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဆေးနှင့်ဆေးပစ္စည်း ကိရိယာအပါအဝင် လိုအပ်ချက်များကို



မိမိတို့ ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် အညီ အချိန်မီပူးပေါင်း ပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကာကွယ်ရေး၊ ကုသရေးနှင့် ပညာပေးလုပ်ငန်းများ အရှိန်မပျက် ဆက်လက်လုပ်ဆောင်သွားရန်အရေးကြီးသဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများအတွက် လည်း ဝန်ကြီးဌာနအနေဖြင့် တိုးမြှင့်လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်းပြောကြားခဲ့ပြီးကော်မတီအဖွဲ့ဝင်များက ဆွေးနွေးအကြံပြုတင်ပြကြသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်သည် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်မှုကောင်စီ အဖွဲ့ဝင်(၃) ဦးအောင်သန်းဦးနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ၂၀၂၁ ခုနှစ် မေလ ၈ ရက်နေ့မနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်း ရွှေပြည်သာနှင့် လှိုင်သာယာမြို့နယ်များရှိ မီးလောင်ကျွမ်းခဲ့သည့် စက်ရုံများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပါသည်။



ရှေးဦးစွာ ဒုတိယဝန်ကြီးက စက်ရုံများ ပြန်လည် လည်ပတ်ရေးအတွက် စက်ပစ္စည်းကိရိယာ များ တင်သွင်းရေး၊ အာမခံထားရှိသော စက်ရုံများ အာမခံ လျော်ကြေးရရှိရေး၊ အလုပ်သမားများ လူမှုဖူလုံရေး ခံစားခွင့်များရရှိရေး၊ ရင်းနှီးမြှုပ်နှံသူများနှင့် ပညာရှင်များ ပြည်ဝင်ခွင့်ဗီဇာ ရရှိရေးကိစ္စရပ်များ အပါအဝင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက လတ်တလော တွေ့ကြုံနေရသည့် အခက်အခဲများ၊ အလုပ်သမားဆိုင်ရာကိစ္စရပ်များ၊ ငွေကြေးဆိုင်ရာကိစ္စရပ်များ၊ အစိုးရဌာနများ အနေဖြင့် ကူညီပံ့ပိုးဆောင်ရွက် ပေးစေလိုသည့် ကိစ္စရပ်များကို တင်ပြခဲ့ကြရာ ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးခဲ့ပါသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်မှုကောင်စီ အဖွဲ့ဝင်(၃)နှင့်အတူ ယင်းနေ့ နေ့လယ်ပိုင်း၌ အမှတ်(၁) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်လျက်ရှိသော သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် မြန်မာ့ကုန်သွယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ အဆိုပါ တွေ့ဆုံမှုတွင် ကွန်တိန်နာငှားရမ်းစရိတ် မြင့်တက်နေခြင်း ကိစ္စရပ်များ၊ ကွန်တိန်နာ သင်္ဘောများ ယခင်ကကဲ့သို့ ပုံမှန်ဝင်ရောက်နိုင်ရေးနှင့် ပို့ကုန်အတွက် လိုအပ်သည့် ကွန်တိန်နာအလွတ်များ လုံလုံလောက်လောက် ရရှိရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ပါသည်။

ညှိနှိုင်းတွေ့ဆုံပွဲသို့ မြန်မာ့ကုန်သွယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပါသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ (၁/၂၀၂၁)ကြိမ်မြောက် ဝန်ကြီးဌာနလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

နိုင်ငံ့စီးပွားရေးကို ဦးမော့လာစေရေး အလေးထား ကြိုးပမ်းဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ထိထိရောက်ရောက် တိုးမြှင့် ဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်ရေးဆွဲချမှတ် အကောင်အထည်ဖော်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် လွယ်ကူလျင်မြန် ချောမွေ့စေရေးတို့အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များကို လက်တွေ့ အကောင်အထည်ဖော်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးနိုင်ရေး၊ ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ ချေးငွေအကူအညီနှင့် အထောက်အပံ့များအား ထိရောက်စွာ ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)ကို မေလ ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပထမဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက -

- မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို အခြေခံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်း စဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့နှင့် ကိုက်ညီအောင် မိမိ ဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ရေးဆွဲချမှတ်၍ အောက်ခြေအဆင့်ဆင့်က လိုက်ပါအကောင် အထည်ဖော်ကြရမည် ဖြစ်ကြောင်း၊ အထူးသဖြင့် ယခင်အစိုးရလက်ထက်က ခွင့်ပြုခဲ့ပြီး နိုင်ငံအတွက် လည်း အကျိုးရှိမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြန့်ကြာမှု မရှိစေဘဲ မြန်ဆန်စွာဆက်လက် အကောင်အထည်ဖော်ရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို မိမိတို့က ခွင့်ပြု





လုပ်ဆောင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့မှု၊ ရှေ့နောက် ညီညွတ်မှု၊ ကြိုတင်မှန်းဆနိုင်မှု၊ ပွင့်လင်းမြင်သာမှုရှိရှိ လုပ်ဆောင်ကြဖို့လည်း လိုပါကြောင်း၊

- ထို့ကြောင့် ဝန်ကြီးဌာနက ဦးဆောင်၍ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းအဖွဲ့(OSS) ၏ စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ(SOP)ကို ရေးဆွဲ ထုတ်ပြန်နိုင်ဖို့ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုမိန့်ရပြီးနောက်ပိုင်း၊ စီးပွားရေးနှင့် ဝန်ဆောင်မှု လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများကနေ ရယူရသော လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များနှင့် ပတ်သက်၍လည်း ခေတ် စနစ်နှင့် မညီတာတွေ ပြင်ဆင်နိုင်ရေး၊ ပိုမိုလွယ်ကူရှင်းလင်းအောင် ဆောင်ရွက်နိုင်ရေးနှင့် ဒစ်ဂျစ်တယ်စနစ်ဖြင့်လုပ်ဆောင်နိုင်ရေးဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာဌာနများကလည်း လိုလားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခင် အစိုးရလက်ထက်ကတည်းက အကြောင်းအမျိုးမျိုး ကြောင့် ကြန့်ကြာနေသည့် လုပ်ငန်းများကိုလည်း နိုင်ငံအတွက် အကျိုးရှိမည်ဆိုလျှင် ဆက်လက်လုပ်ဆောင်နိုင်ရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ပေးရန် ကိစ္စရပ်များကိုလည်းမိမိဝန်ကြီးဌာနက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊

- ၂၀၂၀ ပြည့်နှစ်မှစ၍ COVID-19 ကြောင့် တစ်ကမ္ဘာလုံး ရင်းနှီးမြှုပ်နှံမှု ကျဆင်းနေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အလားတူ စိန်ခေါ်မှုများ ရှိနေသော်လည်း နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ရဲရဲတင်းတင်း၊ တက်ညီလက်ညီ လုပ်ဆောင်ပါကစိန်ခေါ်မှုကနေ အခွင့်အလမ်းအဖြစ် ပြောင်းလဲရယူနိုင်ကြောင်း၊ ယခုအချိန်တွင် ရင်းနှီးမြှုပ်နှံသူများကို မိမိနိုင်ငံ၏ တည်ဆဲ ဥပဒေများ၊ နှစ်နိုင်ငံ သဘောတူချုပ်ဆိုထားသည့် ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးစာချုပ်များ၊ဒေသတွင်းသဘောတူညီချက်များနှင့်အညီ အကာအကွယ်ပေးရန်နှင့် လုပ်ငန်းများ တိုးချဲ့ရင်းနှီး လုပ်ကိုင်လာအောင် အားပေးကူညီရမှာ ဖြစ်ကြောင်း၊

- အမျိုးသားစီးပွားရေးကို မြှင့်တင်ရာတွင် နိုင်ငံဘက်ဂျက်ကို သုံးစွဲခြင်း၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း တို့အပြင် လိုအပ်သည့် အခြေခံ အဆောက်အဦများ ဖြစ်သည့် လမ်း၊ တံတား၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ ရေရရှိရေး

တို့အတွက် နိုင်ငံတကာချေးငွေ၊ အကူအညီ အထောက်အပံ့များကိုလည်း ရယူရေးအတွက် မိမိတို့ဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးရာတွင် မိမိတာဝန်ကို ထိထိရောက်ရောက်လုပ်ဆောင်နိုင်ဖို့ စနစ်တကျ အစီအစဉ်တွေ ရေးဆွဲဆောင်ရွက်ဖို့ လိုကြောင်း၊ အာဆီယံနှင့် အာဆီယံဗဟိုပြုသည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများမှ နိုင်ငံ့လူမှုရေး၊ စီးပွားရေးများကို ထိထိရောက်ရောက် အသုံးချနိုင်မည့် အခွင့်အလမ်းကို ရယူနိုင်အောင် ကြိုးပမ်းရမှာ ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ဒုတိယဝန်ကြီးဦးသန်းအောင်ကျော်က ဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးတို့မှ ဗဟိုဝန်ထမ်းတက္ကသိုလ် တက်ရောက်ခဲ့စဉ် ထူးချွန် ဆုရရှိခဲ့သူများအားလည်းကောင်း၊ဒုတိယဝန်ကြီးက One Stop Service (OSS) SOP ရေးဆွဲရေး အဖွဲ့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က ဝန်ထမ်းကောင်းစံပြရုံးဆု ရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများမှ သက်ဆိုင် ရာတိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်မှု၊ ဒေသ၏ စီးပွားရေးဝန်းကျင် ကောင်းမွန်အောင် ဆောင်ရွက်သွားမည့် အစီအမံများနှင့် ဝန်ကြီးဌာနနှင့် ရုံးချုပ်က ပံ့ပိုးရန် လိုအပ်ချက်များကိုလည်းကောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဌာန၏ အုပ်ချုပ်မှုလုပ်ငန်းများ၊ အာဆီယံ အပါအဝင်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဖွံ့ဖြိုးမှုအကူအညီရယူ ဆောင်ရွက်သည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ လုပ်ငန်းလည်ပတ် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များနှင့် အခက်အခဲများကိုညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ကြပါသည်။

## ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားတွေ့ဆုံ၍ လုပ်ငန်းရှင်များ၏ အခက်အခဲများကို ညှိနှိုင်းဖြေရှင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး/ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များကို မေလ ၁၃ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပါသည်။

နှံမှုလုပ်ငန်းများ လွယ်ကူလျင်မြန် အဆင်ပြေ ချောမွေ့စေရေးနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေးသည် အရေးကြီးကြောင်း၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီက ခွင့်ပြုထားသည့် လုပ်ငန်းများအပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပြီး လုပ်ငန်းများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏



ထိုသို့ တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ်ကို ရင်းနှီးမြှုပ်နှံလိုသူများ အနေ ဖြင့် စိတ်ဝင်စားမှုရှိပါကြောင်း၊ အလားအလာကောင်းများလည်းရှိသဖြင့် ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးအတွက် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနတို့က ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်

ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ကို အခြေခံကာ ရင်းနှီးမြှုပ်နှံမှုမူဝါဒကို လိုက်လျောညီထွေ ချမှတ်အကောင် အထည်ဖော်လျှက် ရှိပါကြောင်း၊ ပြည်နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ရေး အခြေအနေကောင်းများရှိခြင်းကြောင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့်

အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ၊ အချိန်တိုတိုအတွင်း ရလဒ်ကောင်းများ ရရှိမည့် လုပ်ငန်းများကို ဦးစားပေး လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် တင်ပြလျှောက်ထားမှုများကို ဥပဒေပြဋ္ဌာန်းချက်ပါ သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် စိစစ်ဆောင်ရွက်ပေးရန် လိုကြောင်း၊ နိုင်ငံသားကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှု လုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့်ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အကူပြုစေမည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာစေရေးဌာနများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ လတ်တလောကာလတွင် သွေးထိုး လှုံ့ဆော်မှုများကြောင့် လူထုအနေဖြင့် ဘဏ်များအပေါ် ယုံကြည်မှု ကျဆင်းကာ ငွေထုတ်ယူမှုများပြားနေပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဘဏ်များနှင့် ပတ်သက်သည့် အစီအမံများ ချမှတ်ထားပြီးဖြစ်သဖြင့် လူထုအနေဖြင့် စိတ်ပူပန်ခြင်းမရှိကြစေရေး ပြည်နယ်လူထုသို့လည်း အသိပေးသွားစေလိုကြောင်း ပြောကြားပါသည်။

ထို့နောက် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ/ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်သည့် ကိစ္စရပ်များအား ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဝန်ထမ်းအိမ်ယာသို့လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံကာ အခက်အခဲများကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။

လွိုင်ကော်မြို့တွင် ရှိနေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်အချို့နှင့်လည်း သီးခြားစီ တွေ့ဆုံပြီး စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရက ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ လုပ်ငန်းရှင်များက တင်ပြသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်းကူညီ ဆောင်ရွက်ပေးခဲ့ပါသည်။

## မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက်(မူကြမ်း)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာနိုင်ပြီး ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုအကျိုးစီးပွားအတွက် ရေရှည်ဖွံ့ဖြိုး တိုးတက်မှုရှိသော မြန်မာ့စီးပွားရေး အဆောက်အအုံကို အထောက်အကူပြုနိုင်သည့် လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်တစ်ရပ် တည်ဆောက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ စီးပွားရေးပြန်လည် ဦးမော့စေရေး စီမံချက် (မူကြမ်း) ကို ရေးဆွဲခဲ့ပြီး အဆိုပါ စီမံချက် (မူကြမ်း)နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်း အဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ မေလ ၁၃ ရက်နေ့၊ ၂၀၂၂ ခုနှစ်၊ မေလ ၁၅ ရက်နေ့၊ ၂၀၂၂ ခုနှစ်၊ မေလ ၁၈ ရက်နေ့၊ဇွန်လ ၂၄ ရက်နေ့နှင့် ဇွန်လ ၂၅ ရက်နေ့တို့တွင် အသီးသီး ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ညှိနှိုင်း အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့စေရေး စီမံချက်တွင် လုပ်ငန်းအစီအစဉ် ၉ ခု၊ မျှော်မှန်းချက် ၂၀ ခုနှင့် လုပ်ငန်းစဉ် ၂၈၂ ခု ပါဝင်ပါပြီး အဆိုပါ စီမံချက်သည် ကာလတိုနှင့် ကာလလတ် စီမံချက်ဖြစ်သော်လည်း အချို့သောလုပ်ငန်းစဉ်များကို ကာလရှည်အထိ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြောင်းလဲနေသော ကမ္ဘာ့အခြေအနေ၊ နိုင်ငံ့အခြေအနေတို့ကို ထည့်သွင်းစဉ်းစားလျက် ကာလတိုမှ ကာလလတ်အတွင်း ဆောင်ရွက်နိုင်မည့် စီးပွားရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ အခွန်အကောက်ဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ ကုန်သွယ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ဒစ်ဂျစ်တယ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ ပို့ဆောင်ရေးနှင့် ထောက်ပံ့ဖြည့်ဆည်းမှုကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ကျန်းမာရေးဆိုင်ရာသတ်မှတ်ချက်များနှင့် အညီ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာစေရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတို့ဖြင့် မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့စေမည့် အစီအမံများကို စီမံချက်တွင် ထည့်သွင်းရေးဆွဲထားပါသည်။

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြ အခမ်းအနား ကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲ အခမ်းအနားကို ၂၀၂၁ခုနှစ်၊ မေလ (၁၃) ရက်နေ့၌ ပြည်ထောင်စုဝန်ကြီးရုံး၊ အစည်းအဝေးခန်းမ (၃) တွင် ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်း (၁၅)ဦး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ဝန်ထမ်း (၂၅)ဦး၊ စုစုပေါင်းဝန်ထမ်း (၄၀) ဦးဖြင့် ကျင်းပခဲ့ပြီး အဆိုပါ ဟောပြောသရုပ်ပြပွဲ အခမ်းအနားသို့ ဥတ္တရခရိုင်မီးသတ်ဦးစီးရုံးမှ ဦးစီးအရာရှိ ဦးစိုးသက်နောင် ဦးဆောင်၍ ဟောပြောသရုပ်ပြခဲ့ပါသည်။

အခမ်းအနားအား ဟောပြောပို့ချခြင်းနှင့် လက်တွေ့သရုပ်ပြခြင်း စသည့်အပိုင်း (၂) ပိုင်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ဟောပြောပို့ချရာတွင် မီးဘေးဆိုသည်မှာ သဘာဝဘေးကြောင့်ဖြစ်နိုင်သည့်အပြင် လူသားတို့၏ ပယောဂကြောင့်လည်း ဖြစ်ပေါ်နိုင်ပါကြောင်း မီးဘေးအန္တရာယ်ဟူသည် လူသားအရင်းအမြစ်တို့ကို လည်းကောင်း သဘာဝအရင်းအမြစ်တို့ကို လည်းကောင်း နှစ်မျိုးနှစ်ရပ်လုံးကို နင်းခြေ ဖျက်ဆီးနိုင်စွမ်းသော ဘေးအန္တရာယ်တစ်ခု ဖြစ်ပါကြောင်း၊ မီးလောင်ကျွမ်းမှုဟူသည်မှာ မီးလောင်ကျွမ်းနိုင်သည့် လောင်စာနှင့်အောက်ဆီဂျင်တို့ ဓာတု ဓာတ်ပြုမှုဖြစ်စဉ်မှ အပူနှင့်အလင်းရောင် ပေါ်ထွက်လာခြင်းဖြစ်ပြီး မီးလောင်ကျွမ်းနိုင်ရန်အတွက် လောင်စာ၊ လုံလောက်သော အပူချိန်နှင့် လေတို့ လိုအပ်ပါကြောင်း ဆွေးနွေးပို့ချခဲ့ပါသည်။

သို့ဖြစ်ရာ မီးငြိမ်းသတ်ရာ၌လည်း လောင်စာပစ္စည်းများကို ဦးစွာအမြန်ဆုံး ရွှေ့ပြောင်းဖယ်ရှား ခြင်း၊ တစ်ပြိုင်နက်တည်းတွင် အပူချိန်ကိုလျှော့ကျ စေခြင်း၊ မီးလောင်မှုကို အားပေးသည့် လေ (သို့) အောက်ဆီဂျင်ကို ဖြတ်တောက်ခြင်းအားဖြင့် ဓာတု ဓာတ်ပြုမှုကို နှောင့်နှေးရပ်တန့်စေနိုင်ရာငင်း နည်းလမ်းများဖြင့် မီးကိုအမြန်ဆုံးငြိမ်းသတ်ရမည် ဖြစ်ပါ သည်။ ဥပမာအနေဖြင့် ဆီဒယ်အိုးအတွင်း မီးလောင်ပါက စလောင်းဖုံးဖြင့် ဖုံးအုပ်၍သော်လည်းကောင်း၊ အဝတ်စုတ်ကိုရေစွတ်ဖုံးအုပ်၍သော်လည်းကောင်း ထိရောက်စွာငြိမ်းသတ်နိုင်မည် ဖြစ်ပါကြောင်း ဆွေးနွေးပို့ချခဲ့ပါသည်။

အထူးသဖြင့် အဖြစ်များသည့် လျှပ်စစ်မီးလောင်မှု ဖြစ်ပွားရခြင်းမှာ လျှပ်စီးပတ်လမ်းတို (Short



Circuit) ဖြစ်ခြင်းကြောင့် လည်းကောင်း၊ လျှပ်စစ်ဓာတ်အားကို ခါတ်အားကြိုးခံနိုင်ဝန်ထက် ပိုမိုလွန်ကဲ



စွာ သုံးစွဲခြင်းကြောင့် ဆက်သွယ်မှု တစ်စိတ်တစ်ပိုင်း ပြတ်တောက်ပြီး လျှပ်စီးလမ်းကြောင်း ဖြစ်ပေါ်လာကာ လျှပ်စစ်ဓာတ်ယိုစိမ့်ခြင်းနှင့် အပူဓာတ်ထွက်ပေါ်သည့် ဖြစ်စဉ်တို့ကြောင့်လည်းကောင်း မီးလောင်ကျွမ်းမှု ဖြစ်ပေါ်ရခြင်းဖြစ်ပါကြောင်း ဆွေးနွေးပို့ချခဲ့ပါသည်။

မီးစက်များ အသုံးပြုရာတွင်လည်း စက်နှိုးထားစဉ်တွင် ဆီမဖြည့်သင့်သည့်အပြင် ဆီဖြည့်နေစဉ်တွင်လည်း ဖယောင်းတိုင်မီးများကို ထွန်းမထားသင့်ကြောင်း၊ လေအေးပေးစက်နှင့် ရေခဲသေတ္တာများတွင် အသုံးပြုသော Safeguard များကိုလည်း လူမရှိလျှင် ပိတ်ထားသင့်ကြောင်း၊ ပူသည့်အချိန်တွင် ပလတ်စတစ်ပုံးများ ထဲသို့ ဓာတ်ဆီဖလှယ်ပါက အပူထွက်ပေါ်ပြီး မီးလောင်ကျွမ်းတတ်ကြောင်း၊ လျှပ်စစ်မှ တစ်ဆင့် မီးလောင်ပါက ပင်မခလုတ်ကို ပိတ်၍ ခြောက်သွေ့သော အဝတ်၊ ပိတ်စတို့ဖြင့် ဖုံးအုပ်ငြိမ်းသတ် သင့်ကြောင်း၊ အထက်မြင့်တိုက်များတွင် မီးလောင်ပါက ဓာတ်လှေကားကို အသုံးပြုခြင်း မပြုလုပ်ဘဲ အရေးပေါ်ထွက်ပေါက်ကို အသုံးပြုသင့်ကြောင်းနှင့် ထိုသို့ပြုလုပ်ရန် အတွက်လည်း ကြိုတင်လေ့လာထားသင့်ကြောင်း စသည့် အများပြည်သူ သိသင့်သိထိုက်သော အချက်အလက်များကို အကျယ်တဝင့် ပညာပေးဆွေးနွေးခဲ့ပါသည်။ မိမိနေထိုင်ရာ ပတ်ဝန်းကျင်တွင် မီးလောင်မှုနှင့် သဘာဝဘေး အန္တရာယ်များ ကြုံတွေ့လာပါက အရေးပေါ်ဖုန်းနံပါတ် ၁၉၁ သို့ ဆက်သွယ်ဆောင်ရွက် နိုင်ကြောင်း သိရှိပါသည်။

ဆွေးနွေးပွဲအပြီး အပိုင်း (၂) အနေဖြင့် လက်တွေ့သရုပ်ပြပွဲသို့ တက်ရောက်လာသော ဝန်ထမ်းများကို လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြ သင်ကြားပြသမှုအား ရုံးအမှတ်(၁)ရှေ့တွင် စနစ်တကျ ဆောင်ရွက်ခဲ့ပါသည်။

ဆွေးနွေးသရုပ်ပြပွဲမှ "ယနေ့အတွက် မီးဘေးကြိုတင်ကာကွယ်ခြင်းသည် မနက်ဖြန်အတွက် မီးဘေးလုံခြုံရေးဖြစ်သည့်အပြင် မီးဘေးအန္တရာယ် ကင်းဝေးနိုင်ရေးအတွက်များစွာ အကျိုးသက်ရောက်မှု ရှိပါကြောင်း" စသည့် မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာများ တိုးပွားစေပါကြောင်း တင်ပြအပ်ပါသည်။

## ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးတွေ့ဆုံကာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အားပေးဆောင်ရွက်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး/ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များကို မေလ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပါသည်။



ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပါ ပြဋ္ဌာန်းချက်များ အရ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီက ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများကို ဆွေးနွေးပါသည်။ ဆက်လက်၍ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ပြည်နယ်အတွင်း ခွင့်ပြုပြီးလုပ်ငန်းများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဖြစ်စေရေး ကြပ်မတ် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူလျင်မြန် အဆင်ပြေချောမွေ့ စေရေးနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေးသည် အရေးကြီးကြောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ကို အခြေခံကာ ရင်းနှီးမြှုပ်နှံမှုမူဝါဒကို လိုက်လျောညီထွေ ချမှတ်အကောင်အထည်ဖော်လျှက် ရှိပါကြောင်း၊ ပြည်နယ်အတွင်းရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်ရရှိရေးနှင့်ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုကဏ္ဍ၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၊ အချိန်တိုတိုအတွင်းရလဒ်ကောင်းများရရှိမည့်လုပ်ငန်းများကို ဦးစားပေး လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့်တင်ပြလျှောက်ထားမှုများကို ဥပဒေပြဋ္ဌာန်းချက်ပါ သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် စိစစ်ဆောင်ရွက်ပေးရန်လိုကြောင်း၊နိုင်ငံသားကုန်ထုတ်လုပ်ငန်းများ၊ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အထောက် အကူပြုစေမည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေး ဌာနများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ပြောကြားပါသည်။



ထို့နောက် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ/ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းပေးရန် ကိစ္စများကို ဆွေးနွေးပြောကြားပါသည်။ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဝန်ထမ်းအိမ်ရာသို့လည်းကောင်းသွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီးဝန်ထမ်းများနှင့်ရင်းနှီးပွင့်လင်းစွာတွေ့ဆုံကာ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

## မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ကြည့်ရှုအားပေး၍ လုပ်ငန်းရှင်များ၏ အခက်အခဲများကို ညှိနှိုင်းဖြေရှင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး/ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် မေ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မြစ်ငယ်ဘူတာအနီးရှိ KM Terminal and Logistics Limited ၏ ကုန်းတွင်းဆိပ်ကမ်း လုပ်ငန်းခွင်သို့ ရောက်ရှိကာ ကုမ္ပဏီ၏ Phase 2 လုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်နေမှု အခြေအနေနှင့် Phase 1 ရှိ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။




ကုမ္ပဏီ၏ ရှင်းလင်းဆောင်တွင် ကုန်းတွင်းဆိပ်ကမ်း၏ လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို Mother Logistic Co., Ltd. ၏ ဒါရိုက်တာဖြစ်သူ ဦးဝင်းနိုင်ညွန့်က ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပို့ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်သည့် အနာဂတ် အလားအလာများကိုလည်းကောင်း၊ အဆိုပါ လုပ်ငန်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ကုန်းတွင်းဆိပ်ကမ်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များ၊ ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာ ကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍက ပူးပေါင်းဆောင်ရွက်ပေးရန် ကိစ္စများနှင့် ကုန်းတွင်းဆိပ်ကမ်းများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ရေးကိစ္စများလည်းကောင်း ဆွေးနွေးပြောကြား ခဲ့ပါသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ နေ့လယ်ပိုင်းတွင် မန္တလေးမြို့ရှိ Pullman Mandalay Mingalar Hotel ၌ မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

ဤသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိ မြန်မာနိုင်ငံ၏ ဖြစ်ပေါ် ပြောင်းလဲနေသည့် အခြေအနေများသည် လိုအပ်ချက်အရ ပေါ်ပေါက်လာခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံရေး အပြောင်းအလဲတွင် နိုင်ငံ၏ စီးပွားရေးထိခိုက်မှုမရှိစေရေးအတွက် နိုင်ငံတော် အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များ အားလုံးလက်တွဲပြီး ပူးပေါင်းဆောင်ရွက် သွားရန် လိုကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဆုတ်ယုတ်ကျဆင်းခဲ့ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးပြန်လည် တည့်မတ်ရေးအတွက် အစိုးရနှင့် လုပ်ငန်းရှင်များ အားလုံး ပူးပေါင်းဆောင်ရွက်မှသာ ကာလတိုအတွင်း စီးပွားရေး ပြန်လည်ဦးမော့လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အနေဖြင့်လည်း ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းစွာချပြထားပြီး ဖြစ်သည့်အပြင် ဦးတည်ချက်များကိုလည်း ချမှတ်ပေးထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါ ဦးတည်ချက်များ အနက်မှ စီးပွားရေးဆိုင်ရာ ဦးတည်ချက်ကို ပြန်လည် သုံးသပ်ကြည့်လျှင် နိုင်ငံတော်၏ ပကတိ အခြေအနေအရ ချက်ချင်းစတင်လည်ပတ်ဆောင်ရွက်နိုင်မည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို ဦးစားပေးထားသည်ကို တွေ့ရှိရသည့်အပြင် နိုင်ငံသား စီးပွားရေး လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက်ဆောင်ရွက်မည့်

အစီအစဉ်များကို အတိအလင်း ဖော်ပြထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနက ဦးဆောင်ပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် မလိုအပ်သည့် လုပ်ငန်းအဆင့်များ လျှော့ချရေး၊ အစိုးရဌာန အသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စွာဖြင့် မြန်ဆန်သွက်လက်အောင် ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းရှင်များအနေဖြင့် ဌာနဆိုင်ရာ အသီးသီးမှ ချမှတ်ကျင့်သုံးနေသည့် စည်းမျဉ်းစည်းကမ်းများအနက် အချို့သောလုပ်ထုံး လုပ်နည်းများ၊ စည်းမျဉ်းများက ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေခြင်းကို လျှော့ချပေးရေး စသည်တို့ကို ပြန်လည် သုံးသပ်ကာ လိုအပ်သလို ပြင်ဆင်နိုင်ရေး ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလောအနေအထားတွင်နိုင်ငံအတွင်းရှိသည့် လူထုအနေဖြင့် လှုံ့ဆော်မှုများကြောင့် ဘဏ်များအပေါ် ယုံကြည်မှုကျဆင်းကာ မိမိတို့အပ်နှံထားသည့် ငွေများကို ပြန်လည်ထုတ်ယူမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရကြောင်း၊ နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့က လိုအပ်သည့် အစီအမံများ ချမှတ်ပြင်ဆင်လျက်ရှိသဖြင့်ဘဏ်များနှင့်ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် စိတ်ပူပန်ရန်မလိုဘဲ ယခင်ကကဲ့သို့ပင် ယုံယုံကြည်ကြည်ဖြင့် ဆက်လက် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းရှင်များ ကိုယ်တိုင်က ဘဏ်များအပေါ်မှာ စိုးရိမ်စိတ်ဖြင့် ထိတွေ့ဆက်ဆံမှု မပြုလုပ်ကြရန် လိုအပ်ကြောင်း၊ ဘဏ်များနှင့် ပတ်သက်၍ စိုးရိမ်စိတ်လွန်ကဲမှုများကြောင့် မိမိတို့၏ငွေများကို မလိုအပ်ဘဲ ပြန်လည် ထုတ်ယူမှု မပြုကြခြင်းဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အာဆီယံ နိုင်ငံများအနေဖြင့်လည်း မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးတိုးတက်မှု ရရှိရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိကြောင်း၊ စိန်ခေါ်မှုများ ရှိနေသော်လည်း ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအရ စီးပွားရေးနှင့်ပတ်သက်သည့် အလားအလာ ကောင်းများ ရှိနေပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်မှုရှိလာသည်နှင့်အမျှစီးပွားရေးလုပ်ငန်းများ ဆောလျင်စွာ ပုံမှန်ပြန် လည်ရောက်ရှိရေးအတွက်ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်ကြောင်းပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက စီးပွားရေး လုပ်ငန်းများ ပြန်လည် ဦးမော့လာစေရေးအတွက် တိုင်းဒေသကြီး စီမံအုပ်ချုပ်မှုကောင်စီက စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ ဆွေးနွေးပွဲတက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များက လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင်တွေ့ကြုံနေရသည့်အခက်အခဲများ၊နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီပေးရန် လိုအပ်သည့်အချက်များနှင့် အကြံပြုချက်များ ဆွေးနွေးတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းမှ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။

# မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များကို ပြည်ထောင်စုဝန်ကြီးတွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆိုင်ရာ အခက်အခဲများကို ညှိနှိုင်းဖြေရှင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး/ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦး သည် မကွေးတိုင်းဒေသကြီး၊ စီမံအုပ်ချုပ်ရေး ကောင်စီ




အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ အဖွဲ့ဝင်များကို မေလ ၂၈ ရက်၊ နံနက်ပိုင်း တွင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ရုံး၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အနေဖြင့် တိုင်းဒေသကြီးအတွင်း ခွင့်ပြုပြီးလုပ်ငန်းများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူလျင်မြန် အဆင်ပြေချောမွေ့စေရေးနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဖြစ်စေရေးသည် အရေးကြီးကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ကို အခြေခံကာ ရင်းနှီးမြှုပ်နှံမှုမူဝါဒကို လိုက်လျော ညီထွေ ချမှတ် အကောင်အထည်ဖော် လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး အတွင်းရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်ရေးနှင့် ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင် ထုတ်လုပ်မှုကဏ္ဍ၊ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ၊ အချိန်တိုတိုအတွင်း ရလဒ်ကောင်းများ ရရှိမည့် လုပ်ငန်းများကို ဦးစားပေး လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် တင်ပြလျှောက်ထားမှုများကို ဥပဒေပြဋ္ဌာန်းချက်ပါ သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် စိစစ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံသား ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှု လုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အကူပြုစေမည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေး ဌာနများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း ပြောကြားပါသည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ/ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌက တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်

နှံမှုဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန် ကိစ္စများကို လည်းကောင်း ဆွေးနွေးပြောကြားပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးသို့သွားရောက်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံကာ အခက်အခဲများကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ မင်းလှကျင်းကျေးရွာအုပ်စုရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဖြစ်သော GEP (Myanmar) Co.,Ltd ၏ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓါတ်အားထုတ်လုပ်မှု လုပ်ငန်းသို့ ရောက်ရှိခဲ့ရာ ကုမ္ပဏီ၏ အထွေထွေ မန်နေဂျာ ဦးထက်နိုင်အောင်က စီမံကိန်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခဲ့ပါသည်။ ရှင်းလင်းပြောကြားရာတွင် ယခုစီမံကိန်းသည် မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကြီးမားဆုံး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓါတ်အားထုတ်လုပ်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ စီမံကိန်းတစ်ခုလုံးကို အပိုင်း (၄)ပိုင်း ခွဲခြားထားပြီး တည်ဆောက် ပြီးစီးမှုကာလမှာ (၄)နှစ် လျာထားကြောင်း၊ စီမံကိန်း၏ အပိုင်း ၁ ကို ၂၀၁၈ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့ရာ ၂၀၁၉ ခုနှစ်တွင် လုပ်ငန်းစတင်လည်ပတ်နိုင်ခဲ့ပြီး နေ့စဉ် လျှပ်စစ်ဓါတ်အား မီဂါဝပ် ၄၀ ထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ ကျန်စီမံကိန်းအပိုင်းများကို ဆက်လက် တည်ဆောက်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းတစ်ခုလုံး ပြီးစီးပါက မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သို့ လျှပ်စစ်မီး အလုံအလောက်ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်း ၁၀၀၀ ကျော် ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပါသည်။ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းခဲ့ပြီး ကုမ္ပဏီကတင်ပြသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကန်ရေကျေးရွာအုပ်စုရှိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော Kyaw and Than Co.,Ltd ၏ မန်းသီတာ(MTT) ကွန်ကရစ် ကျောက်တိုင်ထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်နေမှု လုပ်ငန်းအခြေအနေများအား သွားရောက်ကြည့်ရှု အားပေးခဲ့ပါသည်။ ကုမ္ပဏီ၏ ရှင်းလင်းဆောင်တွင် အထွေထွေမန်နေဂျာဖြစ်သူ ဦးညီညီထွေးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် လက်ရှိဖြစ်ပေါ်နေသော အခက်အခဲများကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး ကြည့်ရှုအားပေး၍ ပြည်ပသို့ မွေးမြူရေးထုတ်ကုန်များ တိုးချဲ့တင်ပို့နိုင်ရေး ဆွေးနွေးညှိနှိုင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး/ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် မေလ ၂၉ ရက်၊ နံနက်ပိုင်းတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်လျက်ရှိသော မကွေးတိုင်း ဒေသကြီး၊ မကွေးမြို့နယ်၊ ဆားတိုင်ကန် ကျေးရွာအုပ်စုရှိ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဖြစ်သော Paragon Myay Latt Thar Co.,Ltd ၏ တန်ဖိုးမြှင့်နှမ်းများဖြစ်သည့် အခွံချွတ်နှမ်း၊ နှမ်းလှော် စေ့၊ နှမ်းလှော်မှုန့်၊ သန့်စင်ပြီးနှမ်း၊ ရောင်စုံနှမ်း၊ နှမ်းလှော်ဆီမွှေး၊ တန်ဖိုးမြှင့်ပဲများဖြစ်သည့် သန့်စင်ပြီးပဲတီစိမ်း၊ သန့်စင်ပြီးမြေပဲ ထုတ်လုပ်၍ ပြည်ပသို့ ရာနှုန်းပြည့်တင်ပို့ခြင်းလုပ်ငန်းသို့ သွားရောက်ခဲ့ပါသည်။



ထိုသို့ ရောက်ရှိစဉ် ကုမ္ပဏီ၏ ဒါရိုက်တာ ဦးကောင်းခန့်ဇင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ ပြည်ပသို့ တန်ဖိုးမြှင့်နှမ်း တိုးမြှင့်တင်ပို့နိုင်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ပြောကြားခဲ့ပြီး လိုအပ်သည်များ ဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသော မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ ရေပြည့်ကျေးရွာအုပ်စုရှိ ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော Good Brothers' Co.,Ltd ၏ နွားသားစပ်မွေးမြူခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းသို့ ရောက်ရှိစဉ် ကုမ္ပဏီ၏ အရောင်းတာဝန်ခံ ဦးမျိုးမြင့်ထွန်းက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ဒေသခံတောင်သူများနှင့် နွားမွေးဖက်ပေးလုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်နိုင်ရေး၊ အခြားမြို့နယ်များသို့လည်း နွားမွေးမြူရေး တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ပြောကြားခဲ့ပြီး လိုအပ်သည်များ ဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးကာ မွေးမြူရေးခြံအတွင်း လှည့်လည် ကြည့်ရှုအားပေးခဲ့ပါသည်။



## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မူဝါဒဆိုင်ရာအစည်းအဝေး ကျင်းပပြုလုပ်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၄/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ဇွန်လ ၄ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် ၁၈၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံး၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းနှင့်ကော်မရှင်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုမူဝါဒများ အဓိထား ဆွေးနွေးနိုင်ရန် ကျင်းပခဲ့ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေခြင်း၊ ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းတို့မှ တစ်ဆင့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပါသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးပြည်နယ် / ရင်းနှီးမြှုပ်နှံမှုကော်မတီများ အနေဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို စိစစ်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသည့် ဌာနများ၏ စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများစသည်တို့ကို အတည်ပြုခဲ့ပါသည်။ ထို့ပြင် ကြန့်ကြာနေသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ ပညာရေးဝန်ဆောင်မှုနှင့် ရာသီသီးနှံ စိုက်ပျိုး ထုတ်လုပ်ခြင်းစသည်တို့ကိုလည်း ဆွေးနွေးခဲ့ကြပြီး အထောက်အကူပြုနိုင်မည့် မူဝါဒ အစီအမံများကို ချမှတ်ခဲ့ပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဒညင်းကုန်းမီးခံအုတ်စက်ရုံသို့ သွားရောက်ကြည့်ရှုအားပေး

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးလှစိုး တို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန်လ ၆ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက် လျှက်ရှိသည့် မြေအုတ်အစားထိုးဖြစ်သော အပေါ့စား သဲကွန်ကရစ်အုတ်၊ ဖိအားမြင့်ခံ သဲကွန်ကရစ် အုတ်နှင့် အဆင့်မြင့် မီးခံအုတ်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စက်ရုံမှ တာဝန်ရှိသူများနှင့် စက်ရုံ၏ လုပ်ငန်းလည်ပတ်မှုနှင့် ကုန်ထုတ်လုပ်မှု အခြေအနေများကို လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ဆက်လက်၍ စက်ရုံမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးရီက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို စက်ရုံအစည်းအဝေးခန်းမ၌ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများနှင့်ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတို့က ကုန်ထုတ်လုပ်မှု မြှင့်တင်ရေး၊ ဈေးကွက်ပိုမိုရရှိရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းကျဆင်းစေရေးအတွက် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများတွင် စက်ရုံထုတ်အုတ်များ တိုးမြှင့်အသုံးပြုနိုင်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါစက်ရုံသည် တစ်နှစ်လျှင်အပေါ့စား သဲကွန်ကရစ်အုတ်၊ ဖိအားမြင့်ခံ သဲကွန်ကရစ် အုတ်နှင့် အဆင့်မြင့်မီးခံအုတ် ၃၁၅ သန်း ထုတ်လုပ်နိုင်ပြီး မြေအုတ်အစားထိုး အဆင့်မြင့် နည်းပညာသုံးအုတ်များ ထုတ်လုပ်ရာတွင် မြစ်သဲကို အခြေခံ သုံးစွဲခြင်းကြောင့် မြစ်ကြောင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေခြင်း၊ သဘာဝမြေဆီလွှာဆုံးရှုံးမှု သက်သာစေခြင်း၊ သဘာဝမြေ မျက်နှာပြင်ပျက်စီးမှု ကာကွယ်ပေးခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ ထုတ်လုပ်မှုကို လျှော့ချနိုင်ခြင်း၊ စိုက်ပျိုးမြေများ ဆုံးရှုံးခြင်းနှင့် သစ်တောများပြုန်းတီးခြင်းတို့ကို ကာကွယ်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် လေထုညစ်ညမ်းမှုတို့ကိုလည်း လျှော့ချနိုင်ကြောင်း သိရှိရပါသည်။



## ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များကိုတွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ကြည့်ရှုအားပေး၍ အခက်အခဲများကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး/ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦး သည် ပဲခူးတိုင်းဒေသကြီး၊ စီမံအုပ်ချုပ်ရေးကောင်စီ



အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များကို ဇွန် ၇ ရက်နေ့ နံနက်ပိုင်းတွင် ပဲခူး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ အစည်း အဝေးခန်းမ၌ တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ လွယ်ကူလျင်မြန် အဆင်ပြေချောမွေ့စေရေး၊ မြန်မာ နိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ် နည်းများနှင့်အညီ ဖြစ်စေရေး၊ ခွင့်ပြုပြီးလုပ်ငန်းများ ကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ် မတ် ဆောင်ရွက်ရေး၊ နိုင်ငံသားကုန်ထုတ်လုပ်ငန်း များ၊ ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အကူပြုစေမည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် တစ်ရပ် ဖြစ်ပေါ်လာစေရေးကိစ္စများကို ဆွေးနွေးပြော ကြားပါသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ/ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီး အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများနှင့် ပတ် သက်၍ ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအစဉ် များကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အတွက် ဆောင်ရွက်သွားမည့်ကိစ္စများကိုလည်းကောင်း ဆွေးနွေးပြောကြားပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာစုပေါင်းရုံးရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး သို့သွားရောက်၍ ရုံးလုပ်ငန်း ဆောင်ရွက်နေမှု အခြေ အနေများအား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာတွေ့ဆုံကာ အခက် အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပဲခူးပြည်တွင်း/ ပြည်ပစက်မှု နယ်မြေအတွင်းရှိ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဖြင့် ဆောင်ရွက်လျက်ရှိသော Karisma Apparel (Myanmar) Co.,Ltd ၏ CMP စနစ်ဖြင့် စက်ထိုးထည်ထုတ်လုပ်ခြင်း လုပ်ငန်းနှင့် Bellmart (Myanmar) Co.,Ltd ၏ CMP စနစ်ဖြင့် Sleeping Bag ချုပ်လုပ်ခြင်းလုပ်ငန်းများသို့လည်းကောင်း၊ ဘောနတ် ကြီးကျေးရွာအုပ်စုရှိ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံ မှုဖြင့် ဆောင်ရွက်လျက်ရှိသော i-Land Park Myanmar Limited ၏ စက်မှုဥယျာဉ် မြို့တော် တည် ထောင်ခြင်း လုပ်ငန်းသို့လည်းကောင်း သွား ရောက် ကြည့်ရှုအားပေးခဲ့ရာ ကုမ္ပဏီအသီးသီးတို့၏ တာဝန်ရှိ သူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ နှင့် လက်ရှိဖြစ်ပေါ်နေသော အခက်အခဲများကို ရှင်း လင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည် များကို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းပေးခဲ့ပါသည်။

## ရုရှား-မြန်မာအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင် အစည်းအဝေးကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

ရုရှား- မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေး ပူးတွဲကော်မရှင် အစည်းအဝေး ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်း အစည်းအဝေးကို ဇွန်လ ၉ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ် (၁) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မြန်မာဘက်မှ ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေး ပူးတွဲကော်မရှင် ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ပူးတွဲကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ပထမဦးစွာ ပူးတွဲကော်မရှင် ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး ပူးတွဲကော်မရှင်၏ အတွင်းရေးမှူးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင် က ရုရှား-မြန်မာနှစ်နိုင်ငံ အကြား စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ ရေးဆွဲထားခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာဌာနအလိုက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးတွင် ရုရှား-မြန်မာနှစ်နိုင်ငံ အချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေး ပူးတွဲကော်မရှင် အစည်းအဝေးကျင်းပ နိုင်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍ စီးပွားရေး တွေ့ဆုံညှိနှိုင်းမှုအစီအစဉ် ကျင်းပရေးကိစ္စရပ်များကိုလည်းကောင်း၊ နှစ်နိုင်ငံ အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ ရေးဆွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးခဲ့ပါသည်။



## စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များအား တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဇွန် ၁၂ ရက်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပါသည်။



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ လွယ်ကူလျင်မြန် အဆင်ပြေချောမွေ့စေရေး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး၊ ခွင့်ပြုပြီးလုပ်ငန်းများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရေး၊နိုင်ငံသားကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့်ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အကူပြုစေမည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေးကိစ္စများကိုဆွေးနွေး ပြောကြားပါသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ/တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်လင်းက တိုင်းဒေသကြီးအတွင်း ရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ နှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားမည့် ကိစ္စများကို လည်းကောင်း ဆွေးနွေးပြောကြားပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးသို့သွားရောက်၍ ရုံးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီးဝန်ထမ်းများနှင့်ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံကာ အခက်အခဲများကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မုံရွာစက်မှုဇုံအတွင်းရှိ မြန်မာနိုင်ငံသားရင်းနှီး မြှုပ်နှံမှုဖြင့် ဆောင်ရွက်လျက်ရှိသော NCY International Co.,Ltd ၏ ဆန်နှင့် သီးနှံကြိတ်ခွဲရေးသုံးစက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ရာ ကုမ္ပဏီ၏ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် လက်ရှိဖြစ်ပေါ်နေသော အခက်အခဲများကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးခဲ့ပါသည်။

မုံရွာမြို့တွင် ရှိနေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအား သီးခြားစီတွေ့ဆုံပြီး လုပ်ငန်းရှင်များက တင်ပြသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်းကူညီဆောင်ရွက်ပေးခဲ့ပါသည်။

# ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များအားတွေ့ဆုံပြီး ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကြည့်ရှုအားပေး၍ လုပ်ငန်းရှင်များ၏ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဖွန်လ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များအား ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ မလိခအစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပါသည်။



ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ လွယ်ကူလျင်မြန် အဆင်ပြေချောမွေ့စေရေး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ခွင့်ပြုပြီးလုပ်ငန်းများကိုလည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရေး၊ နိုင်ငံသား ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အကူပြုစေမည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေး ကိစ္စများကို ဆွေးနွေးပြောကြားပါသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ/ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်က ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုဆွေးနွေး ပြောကြားပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များကလည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိလိုသည်များကိုမေးမြန်းခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ဖွန်လ ၁၃ ရက်နေ့က ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ် အတွင်းရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသော ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် KEP Logistics Co., Ltd ၏ ကုန်စည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုနှင့် ကုန်စည် သိုလှောင်ရေးစခန်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့ရာ Kachin Entrepreneurs' Public Co., Ltd ၏ အမှုဆောင်ဒါရိုက်တာ ဦးရီလီမီ နှင့် KEP Logistics Co., Ltd ၏ အမှုဆောင်ဒါရိုက်တာ ဒေါ်အယ်မာဂျာဘရိမ် တို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် လက်ရှိကြုံတွေ့နေရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြကြပါသည်။ တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးခဲ့ပါသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာတွေ့ဆုံကာ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ သပြေဝကျေးရွာအုပ်စုရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသော ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဖြစ်သည့် Clean Power Energy Co.,Ltd ၏ IPP (BOO)စနစ်ဖြင့် ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး တည်ဆောက်၍ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း



ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့်အတူ ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နေကြသည့် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံပြီး လုပ်ငန်းရှင်များက တင်ပြသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်း ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

လုပ်ငန်းသို့ရောက်ရှိခဲ့ရာ ကုမ္ပဏီ၏ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းခဲ့ပြီး ကုမ္ပဏီက တင်ပြသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ (၅/၂၀၂၁)ကြိမ်မြောက် အစည်းအဝေးကျင်းပ

COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၁) ကို ဇွန်လ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံ မှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၌ (၁) ကျင်းပပြုလုပ်ခဲ့ပါသည်။



အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌနှင့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့်သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ချေးငွေရယူထားသူများ၏ သုံးစွဲမှုအပေါ် စိစစ်ဆောင်ရွက်မှုများနှင့် ချေးငွေ ရယူထားသူများ၏ တင်ပြချက်ဆိုင်ရာကိစ္စများ၊ ပြန်လည် လည်ပတ်လာပြီဖြစ်သည့် စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်ပေးရန် ကိစ္စများ၊ မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့လာစေရေး စီမံချက် (Myanmar Economic Recovery Plan-MERP) (မူကြမ်း) ရေးဆွဲခြင်းဆိုင်ရာကိစ္စများ၊ ဝန်ကြီး ဌာနအဖွဲ့အစည်းများမှ လုပ်ငန်းကော်မတီသို့ တင်ပြလာသည့် အခက်အခဲကိစ္စရပ်များနှင့် သက်ဆိုင် ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပါ သည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက COVID-19 ကြောင့် စီးပွားရေး သက်ရောက်မှုများ ကုစားရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများက ပြန်လည်တင်ပြလာသည့် အချက်များနှင့်စပ်လျဉ်း၍ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ရန်ကုန်တိုင်းဒေသကြီးနှင့် သီလဝါအထူးစီးပွားရေးဇုန်ရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသို့ သွားရောက်ကြည့်ရှုအားပေး

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် နိုင်ငံတကာအဆင့်မီ ဆေးဝါး ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်နေသည့် လုပ်ငန်းစက်ရုံများသို့ ဇွန်လ ၂၄ ရက်နေ့တွင် သွားရောက်ကြည့်ရှုအားပေးခဲ့ပါသည်။

ထိုသို့သွားရောက်ကြည့်ရှုရာတွင် စက်ရုံများမှ တာဝန်ရှိသူများက စက်ရုံလုပ်ငန်းလည်ပတ်နေသည့် အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပါသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို အားပေးရန်နှင့် အခက်အခဲများကို လိုအပ်သည့် အကူအညီများပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်းနှင့် ကုန်ထုတ်လုပ်မှု မြှင့်တင်ရေး၊ သွင်းကုန်အစားထိုး အရည်အသွေးမြင့် ဆေးဝါးအမျိုးအစားများ ထပ်မံတိုးချဲ့ ထုတ်လုပ်နိုင်ရေး၊ သုတေသနဆိုင်ရာလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ လုပ်ကိုင်နိုင်ရေး၊ ဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ပို့ချနိုင်ရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေးတို့ကို ဆွေးနွေး ပြောကြားခဲ့ပြီး အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါသည်။ နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်၍ သီလဝါအထူးစီးပွားရေးဇုန်အတွင်း လုပ်ငန်းလည်ပတ်မှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ပါသည်။



## ရခိုင်ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံသူများအား တွေ့ဆုံ၍ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက် သွယ် ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သည် ဇွန်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်၊ စစ်တွေ မြို့နယ်အတွင်းရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသော ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီး မြှုပ်နှံမှုဖြစ် သည့် Inn Pauk Wa Co., Ltd ၏ ဟိုတယ်တည် ဆောက်ရေးလုပ်ငန်း နေရာသို့ သွားရောက်ကြည့်ရှု အားပေးခဲ့ပါသည်။ ထိုသို့ ရောက်ရှိစဉ်ကုမ္ပဏီ၏ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေ အနေများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ် တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များ ဆွေးနွေး၍ ပေါင်းစပ် ညှိနှိုင်းပေးကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ များအား လှည့် လည်ကြည့်ရှုခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့နယ်အတွင်းရှိ ရာနှုန်းပြည့် နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုဖြင့် BXT International Co., Ltd က ဆောင်ရွက် လျက်ရှိသော မြေဖို့မြေယာဖော်ထုတ်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှု အားပေးခဲ့ရာ ကုမ္ပဏီ၏ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် လက်ရှိကြုံတွေ့ နေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြခဲ့ပြီး အဆိုပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါသည်။



## ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များအား ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးတွေ့ဆုံ၍လုပ်ငန်းများ လွယ်ကူချောမွေ့စေရေး အလေးထားဆောင်ရွက်ရန် မှာကြား

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဇွန်လ ၂၅ ရက်နေ့ မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များအား ရခိုင်ပြည်နယ်၊စစ်တွေမြို့ရှိပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပါသည်။



ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူလျင်မြန် အဆင်ပြေချောမွေ့စေရေးနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အလေးထားဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပြန်ပေးသည့် စံပြုလုပ်ထုံး လုပ်နည်းနှင့်အညီလိုက်နာဆောင်ရွက်ရန်ကိစ္စများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများမှ အရေးကြီးသည့် ပြဋ္ဌာန်းချက်များ၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒဆိုင်ရာကိစ္စများ၊ ပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ခွင့်ပြုပြီးလုပ်ငန်းများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေး ပြောကြားပါသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းက ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးပြောကြားပါသည်။

ထို့နောက်တက်ရောက်လာကြသည့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များကလည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံ၍ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

# မြန်မာနှင့်ရုရှား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ၊ ခရီးသွားကဏ္ဍများတွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည်

စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်သည် ခရီးစဉ်အတွင်း မြန်မာ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကိစ္စရပ်များကို အစိုးရတာဝန်ရှိသူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးသည် မော်စကိုမြို့တွင် ရှိနေစဉ် မြန်မာ-ရုရှားချစ်ကြည်ရေးအသင်း၏ စီစဉ်မှုဖြင့် ရုရှားလုပ်ငန်းရှင်များအားတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှု ဦးစားပေးကဏ္ဍများ၊ ရုရှားနိုင်ငံမှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံသူများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီပေးထားသည့် နှစ်ရှည်မြေ ငှားရမ်းခွင့်နှင့် အခွန်ကင်းလွတ်ခွင့် သက်သာခွင့်များကို ရှင်းလင်းပြောကြားခဲ့သည်။ ရုရှားလုပ်ငန်းရှင်များက မြန်မြန်ဆန်ဆန်နှစ်ဖက်အကျိုးရှိစွာ ကုန်သွယ်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ပါက ရှယ်ယာထည့်ဝင်နိုင်မည့် ဥပဒေစည်းကမ်းများ၊ မြန်မာနိုင်ငံဘဏ်များတွင် စာရင်းဖွင့်လှစ်ရန် ကိစ္စရပ်များ၊ ရုရှားနှင့်မြန်မာအကြား ပို့ကုန်၊ သွင်းကုန်များကို တိုက်ရိုက်သယ်ယူ ပို့ဆောင်နိုင်ရန် လိုအပ်သည့် အခြေအနေများနှင့် ဘဏ္ဍာရေးနှင့်ကူးသန်း ရောင်းဝယ်မှု အာမခံထားရှိရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် စပ်လျဉ်း၍ ဆန်နှင့်ရေထွက်ကုန်များ၊ ချုပ်ပြီး အဝတ်အထည်များ အပါအဝင် မြန်မာပို့ကုန်များ ပိုမိုဝယ်ယူရေးတို့ကို ဆွေးနွေးခဲ့ကြပြီး၊ ရုရှားနိုင်ငံမှ မြန်မာနိုင်ငံတွင် မြို့ပတ်ရထား လျှပ်စစ်ကား၊ ဓါတ်ရထားတို့ဖြင့် အများပြည်သူသယ်ယူ ပို့ဆောင်ရေးအတွက်



ပုံ-မော်စကိုမြို့ရှိ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ရုံးခွဲတွင် စိန့်ပီတာစဘတ်အစိုးရ၏ ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ Viacheslav Kalganov အား တွေ့ဆုံစဉ်

အခြေခံအဆောက်အဦများ ဆောက်လုပ်ခြင်း လုပ်ငန်း၊ နေကြာဆီစိုက်ပျိုးထုတ်လုပ်၍ ဆီကြိတ်ခွဲထုတ်လုပ်မည့် လုပ်ငန်းများ၊ အသေးစားရေနံချက်စက်ရုံများ အပါအဝင် ဒီဇယ်ဆီ၊ လေယာဉ်ဆီ အပါအဝင် ကတ္တရာစေးပါ တစ်ပါတည်း ထုတ်လုပ်ပေးမည့် ရေနံချက်စက်ရုံများ၊ ကွန်တိန်နာကားနှင့် ကုန်တင်ကားအမျိုးမျိုးတပ်ဆင်သည့် လုပ်ငန်းများ၊ တန်ချိန် ၁၀၀၀၀ အထိ သိုလှောင်နိုင်သည့် Tank များ ထုတ်လုပ်၍ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများတွင်ပူးပေါင်းရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မည့် အလားအလာများအား ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် ဇွန်လ ၂၆ ရက်နေ့တွင် တာတာစတန်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr. Aleksey Savelchev၊ တာတာစတန် ခရီးသွား လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ Ms. Aigul Balakhontseva တို့နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ကုန်းတွင်း ရေနံနှင့်သဘာဝဓါတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အကျိုးတူရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် တာတာစတန်နှင့် မြန်မာအကြား ခရီးသွားကဏ္ဍ တိုးမြှင့်ရေးအတွက်ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ကုန်းတွင်းနှင့် ကမ်းနီး၊ ကမ်းဝေးရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ကွက်သစ်များအား တင်ဒါခေါ်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများ၊ တာတာစတန်အနေဖြင့် ရေနံနှင့်သဘာဝဓါတ်ငွေ့ ထုတ်လုပ်မှုကဏ္ဍတွင် ခေတ်မီနည်းစနစ်များ သုံးစွဲထုတ်လုပ်၍ အောင်မြင်နေသောကြောင့် မြန်မာနိုင်ငံ၏ ကုန်းတွင်း ရေနံနှင့်သဘာဝဓါတ်ငွေ့ ထုတ်လုပ်သည့် လုပ်ငန်းများတွင် လာရောက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့အပြင် နှစ်နိုင်ငံ၏ နာမည်ကျော်ခရီးစဉ်ဒေသများကို နှစ်ဖက် ပြည်သူများသို့အပြန်အလှန်အသိပေးနိုင်မည့်Tourism Promotion အဖွဲ့များ အပြန်အလှန်စီစဉ်စေလွှတ်ရေး ကိစ္စများကိုလည်း ဆွေးနွေးခဲ့သည်။ ဆွေးနွေးရာတွင် ဒုတိယဝန်ကြီးနှင့်အတူ မြန်မာ-ရုရှားဗိုလ်မှူးချုပ် အောင်သော်(ငြိမ်း)နှင့် ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံမှူးကြီး ဦးဇော်လင်းဦးတို့လည်း ပါဝင်တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဗိုလ်မှူးချုပ်အောင်သော်(ငြိမ်း) နှင့်အတူ ဇွန်လ ၂၂ ရက်နေ့တွင် ရုရှားနိုင်ငံ၏ ရေနံလုပ်ငန်း ထိပ်တန်းဦးဆောင်ကုမ္ပဏီတစ်ခု ဖြစ်သည့် အပြင် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင် ကမ္ဘာ့အကြီးဆုံး ကုမ္ပဏီဖြစ်သည့် Rosneft ရေနံကုမ္ပဏီသို့ သွားရောက်၍ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့အား မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝ ဓါတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာ၌ လွယ်ကူလျင်မြန်ချောမွေ့စွာလုပ်ကိုင်နိုင်အောင် မူဝါဒများ ချမှတ်၍ ကူညီပံ့ပိုးဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီရင်းနှီးမြှုပ်နှံသူများကို ပေးသည့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့အပြင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ မြန်မာနိုင်ငံ၏ ကုန်းတွင်းနှင့် ကမ်းနီး၊ကမ်းဝေး ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ကွက်အသစ်များကို တင်ဒါဖိတ်ခေါ်ရန် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇွန်လ ၂၃ ရက်နေ့တွင် မော်စကိုမြို့ရှိ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ရုံးခွဲတွင် စိန့်ပီတာစဘတ်အစိုးရ၏ ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ Viacheslav Kalganov အား တွေ့ဆုံ၍ စိန့်ပီတာစဘတ်နှင့် မြန်မာနိုင်ငံ

အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ရာ အပြန်အလှန်ငွေလွှဲပြောင်း ပေးချေရေးကိစ္စရပ်များ၊ သင်္ဘောလိုင်းများနှင့် ကွန်တိန်နာလိုင်းများ ပြေးဆွဲမှုအခြေအနေများ၊ ခရီးသွားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ အထူးသဖြင့် ကာလတိုအတွင်း နှစ်ဖက်မြန်မြန် ဆန်ဆန်အကျိုးရှိမည့် ကုန်သွယ်မှုများကို ပူးပေါင်းရှာကြံလုပ်ဆောင်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

ထို့အပြင် ဒုတိယဝန်ကြီးသည် ဇွန်လ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် Novosibirsk မြို့၊ Marriott ဟိုတယ်၌ ဆိုက်ဘေးရီးယား၏ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ Mr. Pavel Ostroverhov ဦးဆောင်သော အဖွဲ့အား မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ ဗိုလ်မှူးချုပ်အောင်သော်(ငြိမ်း)နှင့် ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံမှူးကြီးဦးဇော်လင်းဦးတို့နှင့်အတူတွေ့ဆုံ၍ မြန်မာနိုင်ငံမှ ဆန်များ ဝယ်ယူရေး၊ ပုဇွန်နှင့် ငါးမွေးမြူရေးအစာထုတ်လုပ်သည့်လုပ်ငန်း၊ ဩဂဲနစ်ဓါတ်မြေဩဇာထုတ်လုပ်သည့် လုပ်ငန်း၊ လျှပ်စစ်ဓါတ်အား ထုတ်လုပ်နိုင်သည့် ရေနွေးငွေ့ဘွိုင်လာစနစ်များ တပ်ဆင်ထုတ်လုပ်သည့် လုပ်ငန်း၊ မြန်မာနိုင်ငံတွင် နေကြာစိုက်ပျိုး၍ နေကြာဆီ ထုတ်လုပ်သည့် လုပ်ငန်းများတွင် ပူးပေါင်းရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း မြန်မာ-ရုရှားနှစ်နိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များအကြား B2B စီးပွားရေးတွေ့ဆုံပွဲအား အွန်လိုင်းပုံစံဖြင့် ကျင်းပရန်နှင့် နိုဝင်ဘာလ သို့မဟုတ် ဒီဇင်ဘာလတွင်တတိယအကြိမ်မြောက် မြန်မာ-ရုရှားအစိုးရအချင်းချင်း ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု ပူးတွဲကော်မရှင် အစည်းအဝေးအား နှစ်နိုင်ငံဝန်ကြီးအဆင့် ဦးဆောင်၍ နေပြည်တော်တွင် ကျင်းပရန် မြန်မာနိုင်ငံဆိုင်ရာရုရှားသံရုံး၊ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့နှင့်ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ B2B စီးပွားရေးတွေ့ဆုံပွဲနှင့် တတိယအကြိမ်မြောက် မြန်မာ-ရုရှားအစိုးရ အချင်းချင်း ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲ ကော်မရှင် အစည်းအဝေးတို့တွင် ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးခဲ့သည့် အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ပြီး၊ အဆိုပါ တွေ့ဆုံပွဲနှင့်အစည်းအဝေးများတွင် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရအဖွဲ့အစည်းများမှတာဝန်ရှိသူများအနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရေးအတွက် ထိထိရောက်ရောက်ဆွေးနွေး ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

# DICA သတင်းများ

## ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးခွဲကို ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြား

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်သည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (ဧရာဝတီတိုင်းဒေသကြီး ဦးစီး မှူးရုံးခွဲ)သို့ ဧပြီ ၂၁ ရက်၊ နံနက်ပိုင်းတွင် သွားရောက် စစ်ဆေးခဲ့ပြီး၊ ဝန်ထမ်းများနှင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံ၍ ဝန်ထမ်းများ၏ လိုအပ်ချက်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။



ထို့နောက်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးခွဲ) အဆောက်အဦအသစ် ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။



ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် သည် ပုသိမ်စက်မှု ဥယျာဉ်တည်ဆောက်ရေး စီမံကိန်း (Pathein Industrial City-PIC) သို့ သွားရောက်ခဲ့ရာ တာဝန်ရှိပုဂ္ဂိုလ်များက စီမံကိန်းနှင့် သက်ဆိုင်သည့် အချက်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရှင်းလင်းတင်ပြမှုများအပေါ် ညွှန်ကြားရေးမှူးချုပ်ကစက်မှုဇုန်များပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ကူညီပံ့ပိုးပေးသွားမည့် အခြေအနေများကို ပြန်လည်၍ ရှင်းလင်းမှာကြားခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးရှိ ဝန်ထမ်းများအား ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် တွေ့ဆုံပြီး ပဲခူးမြို့ရှိ စက်ရုံများအား လှည့်လည်ကြည့်ရှု

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်သည် ဧပြီလ ၂၃ ရက်၊ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ ရောက်ရှိခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ပါသည်။ ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကိုကိုလတ်က ဝန်ထမ်းရေးရာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပါသည်။




ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အရေးပါပုံနှင့် လက်ရှိ ရင်းနှီးမြှုပ်နှံသူများအပေါ် ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရေးအတွက်ကြိုးပမ်းဆောင်ရွက်ကြရန် အလေးထား မှာကြားခဲ့ပါသည်။ ထို့အပြင် မိမိတို့ တိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လုပ်ငန်းများကို တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရဘဲ၊ ဝန်ထမ်းများအားလုံး စည်းလုံး ညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။



ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် သည် ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ဝန်ထမ်းအိမ်ရာများအား သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များအား လမ်းညွှန်မှာကြားခဲ့ပါသည်။ ထိုမှတစ်ဆင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ပဲခူးမြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက် လျက်ရှိသော စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်ကြည့်ရှုပြီး စက်ရုံများ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အခက်အခဲများကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့ပါသည်။

**COVID-19 Fund မှ ထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ် မန္တလေးတိုင်းဒေသကြီး စိစစ်ကြပ်မတ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ**



COVID - 19 Fund မှ ထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာအသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေး အစည်းအဝေးကို ၂၈-၄-၂၀၂၁ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဒေါက်တာ မင်းဇော်ဦးက အစည်းအဝေး ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် တိုင်းဒေသကြီး စိစစ်ကြပ်မတ်ရေး အဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် COVID -19 ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များ ကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးမှ မြို့နယ်အလိုက်စိစစ် ကြပ်မတ်ရေးအဖွဲ့ ဖွဲ့စည်းပေးနိုင်ပါရန် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အဖွဲ့ဝင်လျာထားစာရင်းနှင့်အတူ တင်ပြရန်နှင့် ချေးငွေရယူထားသည့် လုပ်ငန်းအမျိုးအစားနှင့် သက်ဆိုင်သည့်ဌာနမှ မြို့နယ်ဦးစီးမှူးများ (သို့မဟုတ်) သင့်တော်သော ပုဂ္ဂိုလ်တစ်ဦးအား တာဝန်ပေးဆောင်ရွက်ရန် ဆွေးနွေး ဆုံးဖြတ်ကြပါသည်။

**မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/ ၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကျင်းပ**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/ ၂၀၂၁) ကြိမ်မြောက် အစည်း အဝေးကို ၂၀၂၁ ခုနှစ် မေလ ၆ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး EC အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ကို၊ ကော်မတီအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးကောင်စီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ဆောင်ရွက်လျှက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ တည်ဆောက်ရေး သက်တမ်းတိုးမြှင့်ခွင့် တင်ပြမှုများကို စိစစ်ခွင့်ပြုခဲ့ပါသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော အဖွဲ့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသို့ လေ့လာရေးခရီးသွားရောက်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ လုပ်ငန်းညှိနှိုင်း အစည်းအဝေး၏ ဒုတိယနေ့ လုပ်ငန်းလေ့လာရေးခရီးစဉ် အဖြစ် ၂၀၂၁ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့သည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း နှင့် ဆန်စပါးကြိတ်ခွဲ ထုတ်လုပ်ခြင်းလုပ်ငန်းတို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။ လေ့လာရေးအဖွဲ့တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ဦးစီးမှူးများလည်း ပါဝင်ခဲ့ကြပါသည်။



## ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ(၄/၂၀၂၁)ကြိမ်မြောက် အစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏(၄/ ၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၁ ခုနှစ် မေလ ၁၂ ရက်နေ့ နံနက် ၁၀၀၀ နာရီတွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသည် စက်မှုကဏ္ဍတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁) ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လုပ်ငန်း(၁)ခု တို့ကို အတည်ပြုပေးခဲ့ပါသည်။ အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ အရည်အသွေး မီတန်းမြင့်ဆန်နှင့် ဆန်ကွဲထုတ်လုပ်၍ ရာနှုန်းပြည့် ပြည်ပတင်ပို့ခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်း လုပ်ငန်းတို့ဖြစ်ပါသည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏မတည်ငွေရင်းပမာဏမှာ မြန်မာကျပ်ငွေ ၂၅၀၀ သန်းနှင့် အမေရိကန်ဒေါ်လာ ၁.၆၄၃ သန်းဖြစ်ပြီး လုပ်ငန်းစုစုပေါင်း(၂)ခု တို့မှ ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်း ၆၃၅ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ (၃)ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေး ဆုံးဖြတ်ခဲ့ကြပါသည်။



## COVID-19 Fund မှ ထုတ်ချေးထားသည့် ချေးငွေများ အကျိုးရှိစွာအသုံးချမှုအပေါ် မကွေးတိုင်းဒေသကြီး စိစစ်ကြပ်မတ်ရေးအဖွဲ့နှင့် ချေးငွေရယူထားသည့် လုပ်ငန်းရှင်များ တွေ့ဆုံပွဲကျင်းပ

Coronavirus Disease 2019 (COVID-19) သက်ရောက်မှုကြောင့် ထိခိုက်မှုရှိသော စီးပွားရေး လုပ်ငန်းများအား COVID-19 Fund မှ ထုတ်ပေးထား သည့်ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ် စိစစ် ကြပ်မတ်ရန်နှင့် ချေးငွေအပြည့်အဝ ပြန်လည်ရရှိရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး စိစစ် ကြပ်မတ်ရေး အဖွဲ့သည် ၂၀၂၁ ခုနှစ် မေလ ၁၂ ရက်နေ့နှင့် ၁၃ ရက်နေ့တို့တွင် မကွေးတိုင်းဒေသကြီး ကုန်သည်များ နှင့် စက်မှုလုပ်ငန်းရှင်များအသင်းခန်းမတွင် ချေးငွေ ရယူ ထားသည့် လုပ်ငန်းရှင်များကို လေးသုတ်ခွဲ၍ တွေ့ဆုံ ခဲ့ပါသည်။

COVID-19 ချေးငွေကို ၂၀၂၀ ပြည့်နှစ် ဧပြီလ တွင် ပထမအကြိမ်၊ ဩဂုတ်လတွင် ဒုတိယအကြိမ် အဖြစ် မကွေးတိုင်းဒေသကြီးမှ လုပ်ငန်းရှင်များ လျှောက် ထားခဲ့ကြပါသည်။ ထိုသို့ လျှောက်ထားရာ တွင် လျှောက်လွှာများ ကနဦး စိစစ်လက်ခံခြင်းကို တာဝန်ယူဆောင်ရွက်ရသည့် မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ဟိုတယ် နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့က အားဖြည့် ကူညီဆောင်ရွက် ခဲ့ကြပါသည်။ မြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင် သက်ဆိုင်ရာပညာရှင်များကစိစစ်ပြီး သက်မှတ် ချက်များနှင့် ကိုက်ညီသည့် လုပ်ငန်းများကို Coronavirus Disease 2019 (COVID-19) သက်ရောက်မှု ကြောင့်ထိခိုက်မှုရှိသော စီးပွားရေးလုပ်ငန်းများ အပေါ် ကုစား ရေးကော်မတီက ချေးငွေထုတ်ချေးခွင့် ပြုခဲ့ပါ သည်။ မကွေးတိုင်းဒေသကြီးတွင် ကော်မတီ၏ ချေးငွေထုတ် ချေးခွင့်ရရှိခဲ့သော လုပ်ငန်းပေါင်း ၃၇၅ ခု အနက် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့ စီးပွားရေး ဘဏ်ခွဲအသီးသီးတွင် ၃၃၉ ခုနှင့် ပုဂ္ဂလိက ဘဏ်တွင် ၈ ခုတို့ အမှန်တကယ် ချေးငွေ ထုတ်ယူ ခဲ့ပါသည်။

ချေးငွေရယူထားသည့် လုပ်ငန်းရှင်များ အနေ ဖြင့် ရယူထားသည့် ချေးငွေများကို ၎င်းတို့၏ လုပ်ငန်း များတွင် အမှန်တကယ် အသုံးချမှသာ COVID-19 သက်ရောက်မှုကြောင့် ထိခိုက်နိုင်သည့် စီးပွားရေး လုပ်ငန်းများ အနေဖြင့် လုပ်ခလစာများ ပေးချေနိုင် ကာ လုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ စဉ် ဆက်မပြတ် လုပ်ဆောင်နိုင်မည်ဖြစ်သလို နိုင်ငံတော် ၏ ရည်ရွယ်ချက်ကိုလည်း ထိရောက်စေမည် ဖြစ်ပါ သည်။

ထို့အပြင် ချေးငွေများကို ချေးငွေပြန်လည် ပေးဆပ်ရမည့် ကာလရောက်သည့် အခါတွင်လည်း တာဝန်ကျေပွန်စွာ ပေးဆပ်ကြရမည် ဖြစ်ပါသည်။ သို့မှသာ COVID-19 သက်ရောက်မှုကြောင့် စီးပွားရေး လုပ်ငန်းများ သက်ရောက်မှုအပေါ်ကုစားရေး ရံပုံငွေ ကို နိုင်ငံတော်အနေဖြင့် အကျိုးရှိစွာ စဉ်ဆက်မပြတ် အသုံးချသွားနိုင်မည် ဖြစ်သလို နိုင်ငံ၏ စီးပွားရေး ကျားကန်မှုကို အောင်မြင်စေမည် ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး COVID-19 ချေးငွေ စိစစ် ကြပ်မတ်ရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီးမှ လုပ်ငန်းရှင်များအနေဖြင့် ချေးယူထားသည့် ချေးငွေ အပေါ် အကျိုးရှိ စွာအသုံးချရေး၊ တာဝန်ကျေပွန်သည့် လုပ်ငန်းရှင်များဖြစ်စေခြင်းဖြင့် မကွေးတိုင်းဒေသကြီး ၏ ပုံရိပ်ကောင်းဖြစ်စေရေးအတွက် ဆွေးနွေးခြင်း၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ချပြ ခြင်းဖြင့် တွေ့ဆုံပွဲကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ ပါသည်။

## COVID-19 Fund မှ ထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့၊ မွန်ပြည်နယ်နှင့် ချေးငွေရယူထားသော လုပ်ငန်းရှင်များ တွေ့ဆုံပွဲကျင်းပ

Coronavirus Disease 2019 (COVID-19) သက်ရောက်မှုကြောင့် ထိခိုက်မှုရှိသော စီးပွားရေးလုပ်ငန်းများအား COVID-19 Fund မှ ထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့၊ မွန်ပြည်နယ်နှင့် ချေးငွေ ရယူထားသော လုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စိစစ်ကြပ်မတ်ရေးအဖွဲ့၊ အဖွဲ့ဝင်များနှင့် လုပ်ငန်းရှင် (၆၂) ဦးတို့ တက်ရောက်ခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲတွင် ရှေးဦးစွာ စိစစ်ကြပ်မတ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် COVID-19 Fund မှ ထုတ်ပေးထားသည့် ချေးငွေများနှင့် ပတ်သက်ပြီး လုပ်ငန်းရှင်များ သိရှိရန် လိုအပ်သည့် အချက်များကို စိစစ်ကြပ်မတ်ရေးအဖွဲ့၊ အဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်များမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးရှိ ဝန်ထမ်းများအားတွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား လှည့်လည်ကြည့်ရှု

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် မေလ ၁၄ ရက် နေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးလုပ်ငန်းများ စစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းနှီးစွာ တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားခဲ့ပါသည်။



ညွှန်ကြားရေးမှူးချုပ်က ဝန်ထမ်းများ စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းတာဝန်များကို စိတ်ကောင်း၊ စေတနာကောင်းဖြင့် အစဉ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှာ ရုံးအဂ်ါနှင့် ညီညွတ်သည်ကို တွေ့ရှိရပြီး ရုံး သာယာလှပရေးနှင့် လုံခြုံရေးကိုလည်း အလေးထားရန် လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများကို ဥပဒေနှင့်အညီ ကူညီပံ့ပိုး ပေးစေလိုပါကြောင်း၊ မိမိတို့ ဒေသ၏ အားသာချက်များကို အခြေခံ၍ ရင်းနှီးမြှုပ်နှံ မှုများကို ဆွဲဆောင်မြှင့်တင်ပေးရမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် သည် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ဝန်ထမ်းအိမ်ရာများကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များအား လမ်းညွှန်မှာကြားခဲ့ပါသည်။ ထိုမှ တစ်ဆင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းဆောင်ရွက်နေသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသို့ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ အခက်အခဲများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။

## မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကျင်းပ

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၁ ခုနှစ် မေလ ၁၉ ရက်နေ့တွင် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



အစည်းအဝေးသို့ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ကော်မတီ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အတည်ပြုမိန့်ဖြင့် ဆောင်ရွက်နေသော ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များလုပ်ငန်း(၁)ခုကို တည်ဆောက်ရေးကာလ တိုးမြှင့်ပေးရန်နှင့် ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁) ခု၏ အတည်ပြုမိန့်ကို ပြင်ဆင်ခွင့်ပြုကြီးကြပ်ရေးအဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၏ မီးဘေးကာကွယ်ရေး သင်တန်းနှင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်မှု ပြုလုပ်

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံး၏ မီးဘေး ကာကွယ်ရေး သင်တန်းနှင့်မီးငြိမ်းသတ်ခြင်း သရုပ်ပြ လေ့



ကျင့်မှုကို ၂၀၂၁ ခုနှစ် မေလ ၂၀ ရက်နေ့ နံနက် ၀၉:၃၀ နာရီချိန်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပပြုလုပ်ခဲ့ရာ ဘားအံမြို့နယ် မီးသတ်ဦးစီးမှူး ဦးမောင်ညွန့်နှင့် တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ ကရင်ပြည်နယ် ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ကရင်ပြည်နယ် ဦးစီးမှူးရုံးခန်းမတွင် ဘားအံမြို့နယ် မီးသတ်ဦးစီးမှူးက မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်း၊ အရေးပေါ်မီးငြိမ်းသတ်မှု နည်းစနစ်များ၊ မီးလောင်မှု ဖြစ်ပွားရာတွင် လွတ်မြောက်အောင် ကြိုးစားခြင်းနှင့် အရေးပေါ်ကုသခြင်းများ၊ မီးသတ်ဆေးဗူး အမျိုးအစားများနှင့် အသုံးပြုပုံ၊ ထိန်းသိမ်းထားသိုပုံများကို အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားပါသည်။

ယင်းနောက် ကရင်ပြည်နယ်ဦးစီးမှူး ရုံးဝင်းအတွင်း မီးသတ်ဆေးဗူး အသုံးပြု၍ မီးငြိမ်းသတ်ပုံ အဆင့်ဆင့်ကို ဝန်ထမ်းတစ်ဦးခြင်းအား လက်တွေ့ ရှင်းလင်းပြသ လေ့ကျင့်ပေးခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၂/၂၀၂၁)အစည်းအဝေးကျင်းပ

(၂/၂၀၂၁) ကြိမ်မြောက် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအစည်းအဝေးကို ၂၀၂၁ ခုနှစ် မေလ ၂၁ ရက်နေ့ မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေး၌ မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် မကွေးတိုင်း ဒေသကြီးအတွင်း လာရောက် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများ လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် ကူညီဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့်လည်း လျှောက်ထားလာသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ စိစစ်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးသည် ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသော လုပ်ငန်းရှင်များအတွက် စီးပွားရေးဝန်းကျင်ကောင်းတစ်ခု ဖြစ်လာစေရေးအတွက် သက်ဆိုင်ရာဌာနအလိုက်နှင့် ဌာနများ အချင်းချင်း ချိတ်ဆက်ပူးပေါင်းကာ ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများပေးခြင်း၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို စိတ်စေတနာ အပြည့်ဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် အမှာစကား ပြောကြားခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ အတွင်းရေးမှူးက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၇၊ တိုင်းဒေသကြီး/ ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ရာတွင် လိုက်နာ ကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများကို ကော်မတီသို့ ရှင်းလင်းခဲ့ပြီး ကော်မတီဝင်များက မေးမြန်းသည့် သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ ၂၀၂၁ ခုနှစ် ဇွန်လ ၁ ရက်နေ့အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၅ ခု (စုစုပေါင်း ရင်းနှီး မြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၅.၃၃ သန်း) နှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၀ ခု (စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏကျပ် ၁၂၅၇၆.၈ သန်း) တို့အား အတည်ပြုမိန့် ထုတ်ပေးနိုင်ခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်း ၂၀၇၁ ဦးကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ မကွေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး (မကွေးမြို့နယ် စုပေါင်းရုံး (ဒုတိယထပ်)၊ ပြည်တော်သာ(၁) လမ်း၊ ပြည်တော်သာရပ်ကွက်၊ မကွေးမြို့) ဖုန်း ၀၆၃-၂၀၂၈၇၄၈ သို့ ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်များတွင် မီးလောင်ကျွမ်းမှုဖြစ်စဉ် ဖြစ်ပွားခဲ့သော စက်ရုံများ၏ လုပ်ငန်းရှင် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၊ အဖွဲ့ဝင်(၃)၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်များတွင် မီးလောင်ကျွမ်းမှုဖြစ်စဉ်ဖြစ်ပွားခဲ့သော စက်ရုံများ၏ လုပ်ငန်းရှင်ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ၂၀၂၁ခုနှစ်၊ မေလ ၂၆ ရက်နေ့၊ မွန်းလွဲ ၁ နာရီတွင် ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ စိမ်းလဲ့မေလမ်းသွယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က ဗွီဒီယိုကွန်ဖရင့် စနစ်ဖြင့် ပါဝင်ဆွေးနွေးခဲ့ပြီး စက်ရုံများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေးအတွက် လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီတို့ ညှိနှိုင်းဆောင်ရွက် ထားမှုအခြေအနေနှင့် မူဝါဒခံယူဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။



## COVID-19 Fund မှ ထုတ်ပေးထားသည့်ချေးငွေများအကျိုးရှိစွာအသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ COVID-19 Fund မှ ချေးငွေများထုတ်ယူထားသည့် စားသောက်ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန်တိုင်းဒေသကြီး Coronavirus Disease 2019 (COVID-19) ကြောင့် ထိခိုက်မှုရှိသော စီးပွားရေးလုပ်ငန်းများအား COVID-19 Fund မှ ထုတ်ပေးထားသည့်ချေးငွေများအကျိုးရှိစွာ အသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ COVID-19 Fund မှ ချေးငွေများထုတ်ယူထားသည့် စားသောက်ကုန် လုပ်ငန်းရှင်များအား ၂၀၂၁ ခုနှစ်၊ မေလ ၂၇ ရက်နေ့၊ မွန်းလွဲ ၁ နာရီတွင် ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ စိမ်းလဲ့မေ လမ်းသွယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးခန်းမတွင် တွေ့ဆုံခဲ့ပါသည်။

ထိုသို့ တွေ့ဆုံရာတွင် ချေးငွေများ ထုတ်ယူထားသည့် စားသောက်ကုန်လုပ်ငန်းရှင်များ အနေဖြင့် COVID-19 Fund မှ ထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာ အသုံးချမှုရှိ မရှိ၊ ချေးငွေပြန်လည်ပေးဆပ်နိုင်မည့် အခြေအနေနှင့် တွေ့ကြုံရသည့် အခက်အခဲများအား ဆွေးနွေးခဲ့ကြပါသည်။



## ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၁)ကြိမ်မြောက် အစည်းအဝေးကျင်းပ

ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/ ၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၁ ခုနှစ် မေလ ၂၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာကော်မတီဥက္ကဋ္ဌဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော အရာရှိကြီးများနှင့် သက်ဆိုင်ရာ ကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်း၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့် ခွင့်ပြုရန် တင်ပြလာခြင်းနှင့် တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများက လုပ်ငန်းဆိုင်ရာတင်ပြချက်များအပေါ်ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

ယခုအစည်းအဝေးမှ အတည်ပြုခွင့်ပြုလိုက်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ပဲခူးမြို့နယ်အတွင်း ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း ၈၅၀ ဦးခန့် ဖန်တီးပေးနိုင်မည်ဖြစ်သဖြင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်လာမည်ဖြစ်သည်။



## ပဲခူးမြို့နယ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာရန် အလားအလာကောင်းများရှိ

ယခုအခါ ပဲခူးတိုင်းဒေသကြီးအတွင်း တည်ငြိမ် အေးချမ်းမှုများ ရရှိလာသည်နှင့်အမျှ ပဲခူးမြို့နယ်အတွင်းရှိ ပြည်တွင်း/ပြည်ပ ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်နေပြီ ဖြစ်ကြောင်း သိရသည်။ ပဲခူးမြို့နယ်အတွင်းရှိ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် လုပ်သားအင်အား ၅၅၀၀၀ ကျော်အလုပ်ခွင်ဝင်ရောက်လျက်ရှိပြီး အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖော်ဆောင်ပေးနိုင်လျက် ရှိသည်။

ပဲခူးမြို့နယ်သည် အရှေ့အနောက် စီးပွားရေးစင်္ကြံပေါ်တွင် တည်ရှိနေပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်သော အချက်အခြာကျသည့် ဒေသတွင်တည်ရှိပြီး ယခုရက်ပိုင်းအတွင်း ပဲခူးမြို့နယ် ကလိကျေးရွာအနီးရှိ ပြည်တော်သာ စက်မှုနယ်မြေသို့ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရေး လာရောက်ဆွေးနွေးညှိနှိုင်းမှုများ ရှိနေကာ အလားအလာကောင်းများ ဖြစ်ထွန်းနိုင်ချေရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပဲခူးတိုင်း ဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားပါသည်။

လာရောက်ဆွေးနွေးမှုပြုလုပ်သည့် လုပ်ငန်းများအနက်အများစုမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံအခြေစိုက် ကုမ္ပဏီများမှဖြစ်ကာ အထည်ချုပ်စက်ရုံများဖွင့်လှစ်နိုင်ရေးအတွက်ဖြစ်ကြောင်း သိရှိရသည်။



## ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လျက်ရှိသည့် Ocean Tiger Co., သို့ သွားရောက်၍ ကွင်းဆင်းဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦး စီးဌာနကဦးဆောင်၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့မှ




ကိုယ်စား လှယ်များပါဝင်သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ပင်လယ်စာပြုပြင် ထုတ်လုပ်ခြင်းနှင့်ရေခဲရိုက်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော Ocean Tiger Co., Ltd သို့ သွားရောက်၍ ကွင်းဆင်းဝန်ဆောင်မှု ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

Ocean Tiger Co., Ltd သည် ရာခိုင်နှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု ဖြစ်ပြီး စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်တွင် နှစ်ရှည်မြေနှင့် စက်ရုံငှားရမ်း၍ လုပ်ငန်းဆောင်ရွက် နေခြင်းဖြစ်ပါသည်။ ဒေသအတွင်းမှ ထွက်ရှိသော ငါး၊ ပုစွန်၊ ဂဏန်းကုန်ကြမ်းများကို ပြုပြင်အေးခဲပြီး တရုတ် (တိုင်ပေ)၊ ဂျပန်၊ အမေရိကန်နိုင်ငံများသို့ တင်ပို့ရောင်းချလျက် ရှိပါသည်။

ကုမ္ပဏီအနေဖြင့် စီးပွားဖြစ်စတင်ဆောင်ရွက်မည် ဖြစ်ကြောင်း တင်ပြလာသည့်အတွက် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါသည်။

## ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အတွင်း COVID-19 Fund မှ ထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာအသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့နှင့်ချေးငွေရယူထားသည့် လုပ်ငန်းရှင်များ၏ ပထမအကြိမ် တွေ့ဆုံပွဲကျင်းပ

Coronavirus Disease 2019(COVID-19) သက်ရောက်မှုကြောင့် ထိခိုက်မှုရှိသော စီးပွားရေးလုပ်ငန်းများအား COVID-19 Fund မှ ထုတ်ပေးထားသည့်ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ်



စိစစ်ကြပ်မတ်ရေးအဖွဲ့၊ နေပြည်တော်နှင့် ချေးငွေရယူထားသည့် လုပ်ငန်းများ၏ ပထမအကြိမ် တွေ့ဆုံပွဲအခမ်းအနားကို ၂၀၂၁ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်ဦးစီးမှူးရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

တွေ့ဆုံပွဲအခမ်းအနားကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် စိစစ်ကြပ်မတ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ချေးငွေထုတ်ယူထားသည့် လုပ်ငန်းရှင်များ သိရှိနိုင်ရေးအတွက် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပြီး စိစစ်ကြပ်မတ်ရေးအဖွဲ့ဝင်များနှင့် ဖိတ်

ကြားထားသည့် လုပ်ငန်းရှင်များ၊ စုစုပေါင်း လူဦးရေ ၄၀ ခန့် တက်ရောက်ခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်စိစစ်ကြပ်မတ်ရေးအဖွဲ့၏ ချေးငွေ ရယူထားသည့် လုပ်ငန်းများသို့ သွားရောက်၍ မြေပြင်ကွင်းဆင်း ဝန်ဆောင်မှု ဆောင်ရွက်မည့်အစီအစဉ်များ၊ လုပ်ငန်းရှင်များဖက်မှ ချေးငွေရယူအသုံးပြုမှု အခြေအနေ၊ လုပ်ငန်းလည်ပတ်မှု အခြေအနေ၊ ချေးငွေပြန်လည်ပေးဆပ်ရန်အတွက် ပြင်ဆင်ထားရှိရန် လိုအပ်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များ၏ မေးမြန်းလာသည့်အချက်များအပေါ် ဆွေးနွေးဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၁) ကြိမ်မြောက်အစည်းအဝေးကျင်းပ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့်အတည်ပြုချက်အပေါ် ဆွေးနွေးစိစစ်မှုပြုနိုင်ရန်အတွက် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၁ ခုနှစ် ဇွန်လ ၈ ရက်နေ့ မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ ပြည်နယ်ဥပဒေချုပ်ဦးရဲလွင် အပါအဝင်အဖွဲ့ဝင်(၇)ဦးနှင့် အထူးဖိတ်(၁)ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် UHM Development Co., Ltd. ၏ တည်ဆောက်ရေးကာလ ထပ်မံတိုးမြှင့်ခွင့်ပြုပါရန်နှင့် Top Form Myanmar Co., Ltd. ၏ မြေငှားစာချုပ် မှတ်ပုံတင်ရန် သတ်မှတ်ထားသည့် ကာလကို ဖြေလျှော့ပေးရေးနှင့်စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးပါရန် တင်ပြလာခြင်းတို့ကို ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။



## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားပစ္စည်းထုတ်လုပ်သည့် Wiawis Myanmar Co.,Ltd. မှ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်

ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း လုပ်ငန်းလုပ်ဆောင်လျက်ရှိသောအားကစားပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရေး လုပ်ငန်းတစ်ခုဖြစ်သည့် Wiawis Myanmar Co., Ltd. ကို မတည်ငွေရင်းတိုးမြှင့်၍ ဝန်ထမ်းများ ထပ်မံခန့်ထားရန်နှင့် ကုန်ချောများ တိုးမြှင့်ထုတ်လုပ်နိုင်ရန် (၁၄-၆-၂၀၂၁) ရက်နေ့တွင် ခွင့်ပြုမိန့်ပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါကုမ္ပဏီအနေဖြင့် ပဲခူးမြို့နယ် အတွင်း စက်ရုံဖွင့်လှစ်၍ အိုလံပစ်အားကစားပြိုင်ပွဲသုံး စက်ဘီးများ၊လေးနှင့်မြားစသည်တို့ကို အမေရိကန်ဒေါ်လာ ၆ သန်း ရင်းနှီးမြှုပ်နှံကာ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းမှုများရရှိလာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပုံမှန်အတိုင်းလည်ပတ်လျက်ရှိရာ တည်ရှိပြီး လုပ်ငန်းများအနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုများထပ်မံတိုးမြှင့်လာကြောင်း သိရသည်။




## အေးကိုမိသားစု ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်နှင့် UHM Development Co., Ltd.သို့ ကွင်းဆင်းစစ်ဆေး

ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏တာဝန်ရှိသူများပါဝင်သောကွင်းဆင်း စစ်ဆေးရေးအဖွဲ့သည် ဘားအံမြို့နယ်၊ ကရင်ပြည်နယ်ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်များဖြင့် BOT စနစ်ဖြင့် လမ်းပြုပြင်ဖောက်လုပ်၍ လမ်း၊ တံတားအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော Family Aye Ko Construction Co., Ltd. နှင့် ဘားအံမြို့၊ ကမ်းနားလမ်းတွင် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့်အဆင့်မြင့် ဟိုတယ်တည်ဆောက်လုပ်ကိုင်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော UHM Development Co., Ltd. များသို့ ၂၀၂၁ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် သွားရောက်ကွင်းဆင်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း Kayin CCI နှင့် ညီနောင်အသင်းများ၏ စီးပွားရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲသို့ တက်ရောက်

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၏ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းတိုးသည် ၂၀၂၁ ခုနှစ် ဇွန်လ ၂၅ ရက်နေ့ မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်၊ ဘားအံမြို့၊ ကမ်းနားလမ်းရှိ Perfect Hotel တွင် ကျင်းပပြုလုပ်ခဲ့သည့် ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း Kayin CCI နှင့် ညီနောင်အသင်းများ၏ စီးပွားရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲသို့ Coronavirus Disease 2019 (COVID-19) သက်ရောက်မှုကြောင့် ထိခိုက်မှုရှိသော စီးပွားရေးလုပ်ငန်းများအား COVID-19 Fund မှထုတ်ပေးထားသည့် ချေးငွေများအကျိုးရှိစွာ အသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေးအဖွဲ့(ကရင်ပြည်နယ်)မှ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အရာထမ်းများနှင့် အတူ တက်ရောက်ခဲ့ပါသည်။



ရှေးဦးစွာ ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း Kayin CCI နှင့် ညီနောင်အသင်းများမှ လက်ရှိ COVID-19 ကပ်ရောဂါကာလအတွင်း ကြုံတွေ့နေရသည့်အခက်အခဲများနှင့် ဌာနဆိုင်ရာများမှ ကူညီပေးစေလိုသည့် ကိစ္စရပ်များကို တင်ပြခဲ့ကြပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာအရာရှိများမှ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။



ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၏ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းတိုးမှလည်း တက်ရောက်လာကြသည့် လုပ်ငန်းရှင်များအား ဌာနမှ ကူညီဆောင်ရွက်ပေးနိုင် သည့် ကိစ္စရပ်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများကို ဆွေးနွေးပြောကြားပေးခဲ့ပါသည်။ ထို့နောက် ဆွေးနွေးပွဲအား မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့ပါသည်။

## နိုင်ငံခြားသားများ မြန်မာနိုင်ငံသို့ လာရောက်နိုင်ရန် ပြည်ဝင်ဗီဇာရရှိရေး၊ Relief Flight ဖြင့် လိုက်ပါခွင့်ရရှိရေးနှင့် ဗီဇာသက်တမ်းတိုး ထောက်ခံပေးမှုအခြေအနေများ

မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများ၊ ကုမ္ပဏီများနှင့်အကျိုးတူပူးပေါင်းလျက် ရှိသည့် ကုမ္ပဏီများ၊ ဝန်ကြီးဌာနများနှင့်ပူးတွဲ အကောင်အထည် ဖော်လျက်ရှိသည့် ကုမ္ပဏီအဖွဲ့အစည်းများမှ ဒါရိုက်တာ၊ ရှယ်ယာရှင်၊ ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများနှင့် မိသားစုဝင်များသည် COVID-19 ကပ်ရောဂါကြောင့် နိုင်ငံတကာလေယာဉ်များ ဝင်ရောက်ခွင့်ပိတ်ထားသည့် ကာလအတွင်း သက်ဆိုင်ရာ နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်နိုင်ရန် ပြည်ဝင်ဗီဇာရရှိရေးနှင့် Relief Flight ဖြင့် လိုက်ပါခွင့်ရရှိရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သဘောထားမှတ်ချက်တောင်းခံလာခြင်းနှင့် ကုမ္ပဏီများမှ အမှာစာတင်ပြခြင်းများအား လက်ခံဆောင်ရွက်လျက် ရှိပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသို့ လာရောက်လိုသည့် နိုင်ငံခြားသား အနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အမည်မည်းစာရင်းတွင် ပါဝင်ခြင်းရှိ-မရှိ စိစစ်ပြီးနောက် ပြန်ကြားချက်ရရှိပါက နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သက်ဆိုင်ရာ ဌာနများ၏ လုပ်ထုံးလုပ်နည်း၊ တည်ဆဲဥပဒေများနှင့် ညီညွတ်ပါက ဆောင်ရွက်ပေးနိုင်ပါရန် သဘောထားမှတ်ချက်နှင့် အမှာစာများ ပေးပို့လျက် ရှိပါသည်။

ထို့အပြင် အဆိုပါ ပုဂ္ဂိုလ်များအနေဖြင့် မြန်မာနိုင်ငံအတွင်း ပြည်နေထိုင်ခွင့်နှင့် ဗီဇာသက်တမ်းတိုးခြင်းဖြင့် ဆက်လက်နေထိုင်နိုင်ရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ တည်ဆဲဥပဒေများနှင့် ညီညွတ်ပါက ကန့်ကွက်ရန်မရှိပါကြောင်းနှင့် လိုအပ်သလိုဆက်လက်ဆောင်ရွက်နိုင်ပါရန် ဗီဇာသက်တမ်းတိုး ထောက်ခံချက် အမှာစာများ ပေးပို့လျက် ရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ ကုမ္ပဏီရေးရာဌာနခွဲအနေဖြင့် နိုင်ငံခြားသားများနှင့် ပတ်သက်၍ ၂၀၂၁ ခုနှစ်၊ ဇွန်လအတွင်း အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

| စဉ် | ဆောင်ရွက်ထားရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|
| | ဝန်ကြီးဌာန/ကုမ္ပဏီ | အမှာစာ | ကုမ္ပဏီ | နိုင်ငံခြားသားဦးရေ | |
| (က) | နိုင်ငံခြားရေးဝန်ကြီး ဌာန | ၄၁ | ၁၃၇ | ၂၇၁ | မြန်မာနိုင်ငံသို့ ပြည်ဝင်ခွင့်ရရှိရေးနှင့် Relief Flight ဖြင့် လိုက်ပါခွင့်ရရှိရေး |
| (ခ) | ကုမ္ပဏီမှ တင်ပြစာ | ၆၇ | ၇၈ | ၂၇၈ | |
| | **စုစုပေါင်း (RF)** | **၁၀၈** | **၂၁၅** | **၅၄၉** | |
| (ဂ) | ဗီဇာသက်တမ်းတိုး ထောက်ခံမှု | ၂၁ | ၂၀၉ | ၃၀၁ | |
| | **စုစုပေါင်း** | **၁၂၉** | **၄၂၄** | **၈၅၀** | |

# FERD သတင်းများ

## အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ လမ်းပြမြေပုံအကောင်အထည်ဖော်မှု ကာလလယ်သုံးသပ်ချက် အစီအရင်ခံစာအား Virtual Launch ပြုလုပ်

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ လမ်းပြမြေပုံ အကောင်အထည်ဖော်မှု ကာလလယ် သုံးသပ်ချက် အစီရင်ခံစာအား Virtual Launch ပြုလုပ်ခြင်း အခမ်းအနားကို ၂၀၂၁ ခုနှစ် ဧပြီလ ၂၈ ရက် နေ့တွင်ကျင်းပခဲ့ရာ အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ စုစုပေါင်း ကိုယ်စားလှယ် ၂၀၀ ဦးခန့် ပါဝင်တက်ရောက်ခဲ့ပါသည်။ အဆိုပါ Virtual Launch တွင် အာဆီယံအတွင်းရေးမှူးချုပ်၊ H.E. Dato Lim Jock Hoi နှင့် အာဆီယံဆိုင်ရာ EU သံအမတ်ကြီး H.E. Igor Driesmans တို့က အမှာစကား ပြောကြားခဲ့ပါသည်။




အေအီးစီ ၂၀၂၅ (၂၀၁၆-၂၀၂၅) လမ်းပြမြေပုံတွင် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ သွင်ပြင်လက္ခဏာရပ် (၅) ချမှတ်ထားပြီး ကဏ္ဍ (၂၃) ခုရှိ လုပ်ငန်းစဉ်ပေါင်း ၁၇၀၀ ကျော်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ အေအီးစီ၂၀၂၅ လမ်းပြမြေပုံပထမနှစ်ဝက် (၂၀၁၆-၂၀၂၀) ကာလအထိ လုပ်ငန်းစဉ်များ၏ ၅၄.၁ ရာခိုင်နှုန်းကို အကောင် အထည်ဖော်ပြီးစီးခဲ့ပြီ ဖြစ်ပါသည်။ အေအီးစီ ၂၀၂၅ လမ်းပြမြေပုံ အကောင်အထည်ဖော်မှု ကာလလယ် သုံးသပ်ချက် အစီရင်ခံစာအား Virtual Launch ပြုလုပ်ခြင်း ရည်ရွယ်ချက်မှာ လမ်းပြမြေပုံ၏ ပထမနှစ်ဝက်အတွင်း ဆောင်ရွက်ပြီးစီးခဲ့ခြင်းများ၊ ဒုတိယ နှစ်ဝက်အတွက် ရှေ့ဆက်လက် ဆောင်ရွက်ရန် အကြံပြုချက်များ အပါအဝင် အေအီးစီ၏ ဖြစ်ပေါ် တိုးတက်မှုများကို ပုဂ္ဂလိကကဏ္ဍအပါအဝင် Stakeholders များ သိရှိစေရန် ဖြစ်ပါသည်။ ကာလလယ် သုံးသပ်ချက် အစီရင်ခံစာကိုhttps://asean.org/storage/ 2021/ 04/ mid-term-review-report.pdf တွင် ရယူနိုင်ပါသည်။



အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ၏ Alternate SEOM leader ၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါ်စောကလျာစု ဦးဆောင်သည့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ပါသည်။

## ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် (SPV) ၏ Board of Directors' Meeting (1/2021) နှင့် The Annual General Meeting of Shareholders of 2021 အစည်းအဝေးများကျင်းပ

ထားဝယ်အထူးစီးပွားရေးဇုန် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ထားဝယ်အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသို့ ဝန်ဆောင်မှု များပေးအပ်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံမှ Foreign EconomicRelations Department-FERD၊ ထိုင်းနိုင်ငံမှ Neighbouring Countries Economic Development Cooperation Agency- NEDA နှင့် ဂျပန်နိုင်ငံမှ Japan Bank for International Cooperation- JBIC တို့အကြား ပူးပေါင်းတည်ထောင်ထားသည့် ထားဝယ် အထူး စီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက် (SPV) ၏ Board of Directors' Meeting (1/2021) နှင့် The Annual General Meeting of Shareholders of 2021 အစည်းအဝေး များကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီး ဌာန၌ Virtual စနစ်ဖြင့် ကျင်းပသည်။

အဆိုပါ အစည်းအဝေးများသို့ မြန်မာဘက်မှ ဒါရိုက်တာများအဖြစ် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင် နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေး မှူးချုပ် ဦးကျော်ကျော်နိုင်တို့က ဦးဆောင်၍ လည်း ကောင်း၊ ထိုင်းနိုင်ငံ NEDA ၏ President ဖြစ်သူ Mr.Perames Vudthitornetiraks နှင့် ဂျပန်နိုင်ငံ JBIC ၏ Director General ဖြစ်သူ Mr. Naoki Tamaki တို့က ဦးဆောင်၍ လည်းကောင်း မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ SPV ၏ ဒါရိုက်တာများ၊ ရှယ်ယာ ရှင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပါဝင်တက် ရောက်သည်။

အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေး ဇုန်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် SPV ကုမ္ပဏီ၏ ရှေ့ဆက်လက်ဆောင်ရွက် သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ SPV ကုမ္ပဏီ၏ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ ဘဏ္ဍာ ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးညှိနှိုင်းကြသည်။



## တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့်အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင် တွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ညွှန်ကြားရေးမှူးချုပ်သည်၂၀၂၁ခုနှစ်၊ မေလ ၁ ရက်နေ့ နံနက် (၁၀:၀၀) နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Mr. Tan Shufu (Economic and Commercial Counsellor)၊ Mr. Zhang Long (First Secretary)၊ Mr.Huang Taijing (Third Secretary) နှင့် Ms. Wang Kun (Third Secretary) တို့နှင့် ရန်ကုန်မြို့၌ တွေ့ဆုံ၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ တရုတ်နိုင်ငံ အကူအညီများဖြင့် အကောင်အထည် ဖော်မည့် စီမံကိန်းများကို ဆိုင်းငံ့ခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ကုန်စည်များလွယ်ကူချောမွေ့စွာ တင်သွင်းတင်ပို့နိုင်ရေးကိစ္စရပ်များ၊ရင်းနှီး မြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ COVID-19 နှင့် လတ်တလောနိုင်ငံရေး မတည်ငြိမ်မှုများကြောင့် ဖြစ်ပေါ်သည့် ဆိုးကျိုးသက်ရောက်မှုများကို ကုစားရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာသင်ဆုနှင့်သင်တန်းများ ဆက်လက်ပံ့ပိုးပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။


ထို့နောက် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံသံရုံးမှ Ms. Nabanita Chakrabarti(Deputy Chief of Mission)နှင့် Mr. Jitendra Rawat (First Secretary, Development Cooperation)တို့နှင့် နေ့လည်စာ သုံးဆောင်ရင်း အမေရိကန်ဒေါ်လာ ၅၀,၀၀၀ ထက်မပိုသော မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များအတွက် စီမံကိန်း ၃၂ ခုကို အဆိုပြုထားပြီးဖြစ်၍ အလျင် အမြန်အကောင်အထည်ဖော်နိုင်ရေး ကိစ္စရပ်များ၊ အမေရိကန်ဒေါ်လာ ၂ သန်း ထက်မပိုသော အသေးစားဖွံ့ဖြိုးမှုစီမံကိန်းများ(Small Development Project - SDP) အတွက် မိမိတို့နိုင်ငံမှ အဆိုပြုထားသည့် စီမံကိန်း ၂၃ ခုနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ COVID-19 ကာကွယ်ကုသဆေးများ ပံ့ပိုးရောင်းချပေးရေးဆိုင်ရာကိစ္စရပ်များ၊လူ့စွမ်းအားအရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာသင်ဆု ပေးအပ်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက်အမှတ်(၁၁)၊ကမ္ဘာအေးဘုရားလမ်း ရန်ကုန်မြို့ရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနနှင့် JBIC တို့ ပူးတွဲတည်ထောင်ထားသည့် PPV Co. Ltd အတွက် The Tokyo Enterprise Co. Ltd မှ ရုံးခန်းအဆောက်အဦ ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်နေသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး Project Promoting Vehicle (PPV) အရ ဆောင်ရွက်မည့် လုပ်ငန်းများသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်သောကြောင့် လတ်တလော နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပွားနေသော်လည်း ရုံးတွင်း ပြင်ဆင်မှုလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း အတတ်နိုင်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ပါသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်ရုံးရှိ Dawei SEZ Company Limited, Special Purpose Vehicle - SPV မြန်မာရုံးခွဲနေရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

## အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများ အထူးအစည်းအဝေးသို့ မြန်မာနိုင်ငံအဆင့်မြင့်စီးပွားရေးအရာရှိ ပါဝင်တက်ရောက်

မြန်မာနိုင်ငံ၏ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်သည် ၂၀၂၁ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် video conferencing စနစ်ဖြင့် ကျင်းပခဲ့သည့် အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ အထူးအစည်းအဝေးသို့ ရုံးအမှတ် (၁)၊ နေပြည်တော်မှ ပါဝင်တက်ရောက်ခဲ့သည်။



အဆိုပါ အစည်းအဝေးတွင် အာဆီယံ-အီးယူ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အတွက် ကြိုတင်ညှိနှိုင်းလျက်ရှိသည့် မူဘောင်တွင် ပါဝင်မည့် စာသားများအပေါ်တွင် လည်းကောင်း၊ အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်အတွက် ကြိုတင်ညှိနှိုင်းလျက် ရှိသည့် ရည်ညွှန်းစာတမ်းတွင်ပါဝင်မည့် နယ်ပယ်များ အပေါ်တွင် လည်းကောင်း အာဆီယံ၏ ဘုံရပ်တည်ချက်ရရှိရေးအတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် ဂျပန်နိုင်ငံ၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိဖြစ်သူ Dr. Aki Tamura က ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့နှင့် ၁၂ ရက်နေ့တို့တွင် Japan External Trade Organization (JETRO) မှ ဦးဆောင်၍ ကျင်းပခဲ့သည့် Supply Chain Resilience (SCR) Forum ၏ ဆွေးနွေးရရှိချက်များကို တင်ပြခဲ့ပြီး ဇူလိုင်လတွင် ကျင်းပမည့် ဒုတိယအကြိမ် SCR Forum တွင် ဆွေးနွေးမည့် အကြောင်းအရာများ အပေါ်အာဆီယံမှ အကြံပြုရေး ကိစ္စများအပေါ် ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှတာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။



## စီးပွားရေးရာကော်မတီသို့ တင်ပြမည့် စာချုပ်စာတမ်းများ၏ အင်္ဂလိပ်ဘာသာ အရေးအသားနှင့် ဥပဒေအသုံးအနှုန်း မှန်ကန်မှုရှိစေရေး ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် စိစစ်သည့် အစည်းအဝေးကျင်းပ

စီးပွားရေးရာကော်မတီသို့ တင်ပြမည့် စာချုပ်စာတမ်းများ၏ အင်္ဂလိပ်ဘာသာ အရေးအသားနှင့် ဥပဒေအသုံးအနှုန်းမှန်ကန်မှုရှိစေရေး ပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်ဖြင့် စိစစ်သည့် အစည်းအဝေးကို ၂၀၂၁ ခုနှစ် မေလ ၂၇ ရက် နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ရုံးအမှတ်(၁)၌ ကျင်းပခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က အစည်းအဝေးသို့ တက်ရောက်လာကြသော သက်ဆိုင်ရာ ဌာနများမှ ကိုယ်စားလှယ်များအား ကျေးဇူးတင်ရှိပါကြောင်း၊ စာချုပ်စာတမ်းများစိစစ်ရာတွင်နှောင့်နှေးမှုမရှိစေရေး အလေးထား၍ ပူးပေါင်း ဆောင်ရွက်ပေးစေလိုပါကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တွင် ပါဝင်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန (FERD) နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်အရာရှိများနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၃)ဦး တို့ တက်ရောက်ခဲ့ကြပါသည်။

ယင်းအစည်းအဝေးတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်ထားပြီးဖြစ်သည့် စီးပွားရေးရာကော်မတီသို့ တင်ပြမည့် စာချုပ်စာတမ်း စုစုပေါင်း (၂၈) စောင်၏ အင်္ဂလိပ်ဘာသာအရေးအသားနှင့် ဥပဒေအသုံးအနှုန်း မှန်ကန်မှုရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် စိစစ်ခဲ့ပါသည်။



## မြန်မာ- အမေရိကန် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမူဘောင် သဘောတူစာချုပ် (TIFA) ယာယီရပ်တန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင်သဘောတူစာချုပ် (TIFA) ကို ယာယီရပ်တန့်ထားခြင်းကြောင့် Generalized System of Preferences (GSP) ခံစားခွင့်နှင့် အခြားဖြစ်ပေါ်လာနိုင်သည့် အကျိုး သက်ရောက်မှုများအပေါ် ဆွေးနွေးသုံးသပ်နိုင်ရန် အစည်းအဝေးတစ်ရပ်ကို Virtual စနစ်ဖြင့် ၂၀၂၂ ခုနှစ်၊ မေလ ၂၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် TIFA ယာယီရပ်တန့်ထားခြင်းကြောင့် သက်ရောက်နိုင်သည့် အခြေအနေများ၊ လက်ရှိကြုံတွေ့နေရသည့် အခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် အခြေအနေများအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ပါသည်။





## အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၏ (၂/၅၂)ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင် ပါဝင်တက်ရောက်

မြန်မာနိုင်ငံ၏ အာဆီယံအဆင့်မြင့်စီးပွားရေး အရာရှိဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်သည် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ Video Conferencing ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံအဆင့်မြင့်စီးပွားရေး အရာရှိများ၏ (၂/၅၂) ကြိမ်မြောက် အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်စီးပွားရေးအရာရှိများနှင့် ကိုယ်စားလှယ်များ၊အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ဒုတိယ အထွေထွေ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ပါသည်။





အစည်းအဝေးတွင် အာဆီယံ၏ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ထောက်ပံ့မှုကွင်းဆက် တည်ငြိမ်စေရန် ရည်ရွယ်အကောင်အထည်ဖော်လျက်ရှိသည့် အကောက်ခွန် မဟုတ်သော အတားအဆီးများဖယ်ရှားရေး နားလည်မှု စာချွန်လွှာ အရ စားသောက်ကုန်များကို မရှိမဖြစ်လိုအပ်သည့် အရေးကြီးကုန်စည်များအဖြစ် သတ်မှတ်ခြင်း၊ဘရူနိုင်း နိုင်ငံက အာဆီယံ ဥက္ကဋ္ဌအဖြစ်တာဝန်ယူစဉ်အတွင်း ဦးစားပေးဆောင်ရွက်မည့်စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ အေအီးစီ ၂၀၂၅ လမ်းပြမြေပုံ အကောင်အထည်ဖော်မှုအောက်ရှိ ၂၀၂၁ ခုနှစ်အတွက် ဦးစားပေးအကောင်အထည်ဖော်ရမည့် လုပ်ငန်းများ အကောင်အထည်ဖော်မှု အခြေအနေများ၊ အာဆီယံဘက်စုံ ပြန်လည် ထူထောင်ရေးမူဘောင်နှင့်လုပ်ငန်းစဉ်တို့၏ အကောင်အထည်ဖော်မှုအခြေအနေများ၊ချုပ်ဆိုပြီးသည့် အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် နောင်အနာဂတ်၌ ချုပ်ဆိုမည့် အာဆီယံ စီပွားရေးဆိုင်ရာ သဘောတူ စာချုပ်များတွင် အသက်ဝင်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ တစ်ပြေးညီ ဖြစ်စေရေးအတွက် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့် တီမောလတ်စ်တေနိုင်ငံက အာဆီယံသို့ ဝင်ရောက်ရန် လျှောက်ထားမှုအတွက် အာဆီယံစီးပွားရေး အသိုက်အဝန်းအနေဖြင့် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါသည်။ ထို့ပြင် အဆင့်မြင့် စီးပွားရေးအရာရှိများ၏ လမ်းညွှန်မှုအောက်ရှိ ဘာသာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းများ အကောင်အထည်ဖော်မှု တင်ပြချက်များ အပေါ် ညှိနှိုင်းဆွေးနွေး လမ်းညွှန်မှုများ ပြုလုပ်ခဲ့ပါသည်။

ထို့အပြင် ၂၀၂၁ ခုနှစ် ဇွန်လ ၁၄ ရက်နေ့မှ ၁၅ ရက်နေ့အထိ အာဆီယံ-အမေရိကန်၊ အာဆီယံ-ကိုရီးယား၊အာဆီယံ-ဂျပန်၊အာဆီယံ-ကနေဒါ၊အာဆီယံ အပေါင်းသုံး၊ အာဆီယံ- အိန္ဒိယနှင့် အာဆီယံ -တရုတ် အဆင့်မြင့်စီးပွားရေးအရာရှိ အစည်းအဝေးများကိုလည်း ဆက်လက်ကျင်းပခဲ့ရာ ပါဝင်တက် ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးများတွင် အာဆီယံနှင့် ဆောင်ရွက်နေသည့် လွတ်လပ်သောကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှုများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများနှင့် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ဒေသတွင်း စီးပွားရေး ပြန်လည်ထူထောင်မည့် အစီအစဉ်များကို အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ အကြား ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

## Video Conferencing ဖြင့် ကျင်းပပြုလုပ်ခဲ့သော Joint Consultative Meeting (JCM) သို့ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ပါဝင်တက်ရောက်

အာဆီယံမဏ္ဍိုင် (၃) ရပ်မှ အဆင့်မြင့်အရာရှိများ၏ ပူးတွဲညှိနှိုင်းအစည်းအဝေး (Joint Consultative Meeting - JCM) ကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့၊ မွန်းလွဲပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးရှိ နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင်၊ လူမှုယဉ်ကျေးမှုမဏ္ဍိုင်တို့မှ အဆင့်မြင့်အရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ပါသည်။ အဆိုပါ အစည်းအဝေးသို့ အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ မြန်မာနိုင်ငံ ကိုယ်စားပြုအနေဖြင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်စောကလျာစု ပါဝင်တက်ရောက်ခဲ့ပါသည်။



အစည်းအဝေးတွင် ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေး ဆိုင်ရာကိစ္စများ၊ အာဆီယံအသိုက်အဝန်းပုံစံ ၂၀၂၅ အတွက် မဏ္ဍိုင် (၃) ရပ်မှ ကာလလယ် သုံးသပ်ချက်များနှင့် အကြံပြုချက်များ၊ စတုတ္ထစက်မှုအသွင်ကူးပြောင်းရေးအတွက် ရေးဆွဲလျက်ရှိသည့် Consolidated Strategy ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ ၂၀၂၁ ခုနှစ်အတွင်းကျင်းပမည့် (၃၈) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အရေးပေါ်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာဆီယံတုံ့ပြန်မှု အစီအစဉ်ထုတ်ပြန်ကြေညာနိုင်ရေးကိစ္စ၊အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ အစည်းအဝေးများ လက်ခံကျင်းပရေး ဆိုင်ရာကိစ္စ၊ COVID-19 ကမ္ဘာ့ကပ်ရောဂါကို တုံ့ပြန်ရန် ဒေသတွင်း၌ ဆောင်ရွက်လျက်ရှိသည့်အာဆီယံဘက်စုံ ပြန်လည် ထူထောင်ရေးမူဘောင်နှင့် အဆိုပါ မူဘောင်၏ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများ၊ COVID-19 ကမ္ဘာ့ကပ်ရောဂါ တုံ့ပြန်ရေး ရန်ပုံငွေနှင့် ကာကွယ်ဆေးဝယ်ယူမှု အခြေအနေ၊ ASEAN Travel Corridor Arrangement မူဘောင် ရေးဆွဲနိုင်ရေး၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေနှင့် အရေးပေါ် ကျန်းမာရေးနှင့်အသစ် ပေါ်ထွန်းလာသည့် ရောဂါများအတွက် အာဆီယံစင်တာ ထူထောင်ရေး ကိစ္စများ၊ အာဆီယံမဏ္ဍိုင်များအကြားနှင့် ကဏ္ဍများ အကြား ပေါင်းစပ်ညှိနှိုင်းရမည့် ကိစ္စရပ်များနှင့် အာဆီယံ ပေါင်းစပ်ဆက်သွယ်မှု မဟာစီမံကိန်း ၂၀၂၅ ၏ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ပါသည်။


အဆိုပါ အစည်းအဝေးတွင် ၂၀၂၂ ခုနှစ်၌ အာဆီယံ အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်မည့် ကမ္ဘောဒီးယားနိုင်ငံက ကျင်းပရန် လျာထားသည့် အစည်းအဝေးများနှင့်စပ်လျဉ်းပြီး အကျဉ်းချုပ် တင်ပြခဲ့ပါသည်။

# ပြည်တွင်းစီးပွားရေးသတင်းများ

## မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြား

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပထမ (၆) လနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမ (၆) လပတ် နှိုင်းယှဉ်ပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အရေအတွက် (၁၇)ခုလျော့နည်းခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုပမာဏ အားဖြင့် ကျပ် ၈၉.၃၁၁ ဘီလီယံ ပိုမိုခဲ့သည့်အတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏအားဖြင့် ၇.၈% ပိုမိုများပြားခဲ့ပါသည်။ ထိုသို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုခဲ့ခြင်းမှာ စက်မှုလုပ်ငန်းကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်ခဲ့ခြင်းကြောင့် ဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပထမ (၆) လ ပတ်အား ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၅၄% ကျဆင်းခဲ့ပါသည်။ ထိုသို့ ကျဆင်းရခြင်းမှာ ယခင်နှစ် အလားတူကာလထက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၀၅)ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၁.၄၇၄ ဘီလီယံ လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။




## ၂၀၂၂ ခုနှစ်၌ မြန်မာ့လူဦးရေ၏ ထက်ဝက်နီးပါး ဆင်းရဲမှုဒဏ်ခံရနိုင်

COVID-19 ကပ်ရောဂါနှင့် နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် လာမည့်နှစ်တွင် မြန်မာ့လူဦးရေ၏ ထက်ဝက်နီးပါးမှာ ဆင်းရဲမှုဒဏ် ခံရနိုင်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့အတူ စီးပွားရေးလုပ်ငန်းများ ရပ်နားထားရသည့်အတွက် လူဦးရေ ၁၂ သန်းမှာ စီးပွားရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ ခံရနိုင်ကြောင်းနှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များမှာ ထိခိုက်မှုဒဏ် အဆိုးဆုံးခံရနိုင်ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံအနေဖြင့် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ဆင်းရဲမှုလျှော့ချရေးအတွက် သိသိသာသာ အောင်မြင်မှုများ ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်တွင် ဆင်းရဲမှုနှုန်းမှာ ၄၈.၂ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၂၄.၈ ရာခိုင်နှုန်းထိ ကျဆင်းအောင် ဆောင်ရွက်နိုင်ခဲ့ ကြောင်း ဖော်ပြထားသည်။ ၂၀၂၀ ပြည့်နှစ် နှစ်စကတည်းကပင် အိမ်ထောင်စုများ၏ ငါးပုံလေးပုံဖြစ်သည့် ၈၃.၃ ရာခိုင်နှုန်းမှာ ဝင်ငွေကျဆင်းလျက်ရှိသည်ကို တွေ့ရှိရကြောင်းနှင့် အသေးစားနှင့်မိသားစုပိုင် စီးပွားရေးလုပ်ငန်းများမှာ ထိခိုက်မှုများ ပိုမိုခံစားရကြောင်း ဖော်ပြထားသည်။

COVID-19 ကပ်ရောဂါကြောင့် ဝင်ငွေကျဆင်းနေပြီး လူမှု-စီးပွားဘဝထိခိုက်မှုများ ခံစားရမှုအပြင် လက်တလော နိုင်ငံရေးအခြေအနေများကြောင့် လူမှု-စီးပွားထိခိုက်မှုများ ပိုမိုဆိုးရွားစေခဲ့သည့်အတွက် စက်တင်ဘာလတွင် ကုန်ဆုံးမည့် လက်ရှိဘဏ္ဍာနှစ်၌ပင် စီးပွားရေးကျဆင်းမှုမှာ ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိနိုင်ကြောင်းနှင့် ၂၀၂၂ ခုနှစ် အစောပိုင်းတွင် ဆင်းရဲမှုနှုန်းမှာ ၂၀၀၅ ခုနှစ်ကနှုန်းထားသို့ ဆိုးရွားစွာရောက်ရှိကျဆင်းနိုင်ကြောင်း ဖော်ပြထားသည်။

***Source*** : UNDP report(April 2021)- COVID-19, COUP D’etat AND POVERTY



## H&M က မြန်မာနိုင်ငံမှ အထည်များ ပြန်လည်မှာယူသွားမည်

ဆွီဒင်အခြေစိုက် ကမ္ဘာ့ဒုတိယအကြီးဆုံး အထည်လက်လီကုမ္ပဏီတစ်ခုဖြစ်သည့် H&Mအနေဖြင့် မြန်မာနိုင်ငံမှ အထည်များ ပြန်လည်မှာယူသွားမည် ဖြစ်ကြောင်း ကြေညာခဲ့သည်။ မြန်မာနိုင်ငံတွင် စစ်တပ်က အာဏာသိမ်းယူပြီးနောက် မြန်မာနိုင်ငံမှ အထည်များ ဝယ်ယူမှုကို ယာယီရပ်ဆိုင်းထားခဲ့ပြီး နောက်ယခုကဲ့သို့ ကြေညာချက် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

မှာယူသွားရန် ဆုံးဖြတ်ခဲ့ရခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။

လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် မြန်မာနိုင်ငံတွင် လုပ်ငန်းများ လည်ပတ်ရန် အကန့်အသတ်များ ဖြစ်ပေါ်လျက်ရှိပြီး အထူးသဖြင့် ကုန်ကြမ်းတင်သွင်းမှုနှင့် ကုန်ချောပြန်လည်တင်ပို့ရေးတို့တွင် စိန်ခေါ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ဖော်ပြထားသည်။




H&M နှင့် လုပ်ငန်းချိတ်ဆက် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံမှ အထည်ချုပ်စက်ရုံများမှာ စစ်တပ်နှင့် တိုက်ရိုက်ဆက်စပ်မှုများ မရှိသည့်အပြင် H&M မှ အမှာစာများ မရရှိပါက မြန်မာနိုင်ငံမှ စက်ရုံများ ပိတ်သိမ်းရပြီး ထောင်ပေါင်းများစွာသော အထည်ချုပ် လုပ်သားများ အလုပ်လက်မဲ့ ဖြစ်လာနိုင်သည့်အတွက် ယခုကဲ့သို့ မြန်မာနိုင်ငံမှ အထည်များ ပြန်လည်

H&M သည် လွန်ခဲ့သော ၇ နှစ်ကျော်ကပင် မြန်မာနိုင်ငံရှိ အထည်ချုပ်စက်ရုံ ၄၅ ရုံမှ အထည်များကို မှာယူ၍ ကမ္ဘာတစ်ဝန်းတင်ပို့လျက် ရှိသည်။

Source: https://www.reuters.com/article/us-myanmar-politics-h-m-suppliers-idUSKBN2B0124

## အိုင်ယာလန်နိုင်ငံ ဖက်ရှင်အမှတ်တံဆိပ် Primark ကုမ္ပဏီ မြန်မာနိုင်ငံသို့ ကုန်အမှာစာအသစ်များ ပြန်လည်မှာယူသွားမည်

နိုင်ငံတကာတွင် အဝတ်အထည်နှင့် ဖက်ရှင် ပစ္စည်းမျိုးစုံ ရောင်းချသော အိုင်ယာလန်နိုင်ငံမှ **Primark** အမှတ်တံဆိပ် ကုမ္ပဏီသည် ပြီးခဲ့သည့် မတ်လအတွင်း မြန်မာနိုင်ငံမှ ကုန်ပစ္စည်း အမှာစာ အသစ်များမှာယူခြင်းကို ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့သော်လည်း ယခုအခါ ဆွီဒင်နိုင်ငံမှ H&M ကုမ္ပဏီနှင့် ဒိန်းမတ်နိုင်ငံမှ Bestseller ကုမ္ပဏီများကဲ့သို့ မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းအမှာစာ အသစ်များ ပြန်လည်စတင်မှာယူတော့မည်ဖြစ်ကြောင်း၊ ၎င်းတို့ ကုန်မှာယူလျက်ရှိသော စက်ရုံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် အလုပ်အမားများ၏ အသက်မွေဝမ်းကျောင်း အလုပ်များ မပျောက်ပျက်သွားစေရန်နှင့် ဖောက်သည်လုပ်ငန်းရှင်များအနေဖြင့် ယခင်ကုန်အမှာစာများကို ကောင်းမွန်စွာ လုပ်ဆောင်ပေးနိုင်ခဲ့သဖြင့် ၎င်းတို့အား အသိအမှတ်ပြုသည့်အနေဖြင့် ကုန်အမှာစာအသစ်များမှာယူရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဗြိတိသျှ အစိုးရနှင့်လေ့လာ စောင့်ကြည့်သူ စီးပွားရေး ကျွမ်းကျင်ပညာရှင်များ၏ အကြံပေးချက်များအရ မြန်မာနိုင်ငံဘက်ရှိ ကုန်သည်များနှင့်လည်း အဆက်အသွယ်မပြတ်ပြုလုပ်၍ အခြေအနေများစောင့်ကြည့်လျက်ရှိကြောင်း၊ သို့သော် အခြားတစ်ဖက်၌ Beldian-German – Dutch ဖက်စပ် ကုမ္ပဏီတစ်ခု ဖြစ်သော C&A ဖက်ရှင်ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံရှိ ၎င်းတို့၏ ဖောက်သည် ကုန်သည်များ၊ စက်ရုံများနှင့် ပေးအပ်ထားသော ကတိကဝတ်များကို လေးစားမည်ဟု ပြောကြားထားသော်လည်း ကုန်အမှာစာ အသစ်များအား ခေတ္တရပ်ဆိုင်းထားဆဲဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ စုစုပေါင်း လူဦးရေ ထက်ဝက်ခန့်သည် ၂၀၂၂ ခုနှစ် တွင် ဆင်းရဲနွမ်းပါးမှုအခြေအနေများနှင့် ရင်ဆိုင်ရနိုင်သည်ဟု United Nations ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက် ရေးအစီအစဉ် (UNDP)မှ ခန့်မှန်းထားကြောင်း၊ ထို့ကြောင့် အဝတ်အထည်၊ ဖက်ရှင်ကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော အခြေအနေများကြောင့် စီးပွားရေးလုပ်ငန်းများကို ပုံမှန်အတိုင်း ဆက်လက်လည်ပတ်ရန် စိုးရိမ်မှုများ ရှိသော်လည်း ပြန်လည်သုံးသပ်လျက်ရှိပါသည်။




Source:https://www.ecotexitile.com/2021051927803/fashion-retail-news/promark-resumes-placing-orders-in-myanmar.html

## မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် တောင်ကိုရီးယားအခြေစိုက် ကုမ္ပဏီများ၏ လုပ်ငန်းများပြန်လည်ရုတ်သိမ်းရန် အစီအစဉ်မရှိ

နိုင်ငံရေးသမားများနှင့် လူထုအုပ်စုများ ပါဝင်သော Posco ၏ အကြီးဆုံး အစုရှယ်ယာရှင် National ension Service (NPS) ၏ ကန့်ကွက်မှုများကြောင့် မရေရာမှုနှင့် မငြိမ်သက်မှုများ ကြားမှ ပင်လက်ရှိ ဥက္ကဋ္ဌ Mr. Choi Jeong-woo သည် ၎င်း၏ ဥက္ကဋ္ဌရာထူး ဒုတိယသက်တမ်း (၂၀၂၄ ခုနှစ်၊ မတ်လ အထိ) ကို ဆက်လက်အတည်ပြု ရယူဆောင်ရွက်နိုင်ခဲ့ပြီး၊ ဂေဟာစနစ်နှင့်သက်ဆိုင်သည့် စီးပွားရေး စီမံကိန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် တောင်ကိုရီးယားနိုင်ငံ အစိုးရ၏ အာရုံစိုက်မှုနှင့်အညီ ဈေးကွက်ဝယ်လိုအားကို ဂေဟာစနစ်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက် မှုကို လျှော့ကျပေးနိုင်မည့် Eco Friendly Vehicle မော်တော်ယာဉ်များနှင့် ဆောက်လုပ်ရေး ပစ္စည်းများ အတွက် ပိုမိုအာရုံစိုက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရပါသည်။



လက်ရှိ မြန်မာ့နိုင်ငံရေး အခြေအနေများအရ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသော ကိုရီးယား ကုမ္ပဏီများအား နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် သက်ဆိုင်ရာ အသိုက်အဝန်းများက ဝေဖန်ဖိအားပေးမှုများကို ရင်ဆိုင်ရလျက်ရှိပါသည်။ ကိုရီးယားသမ္မတနိုင်ငံအခြေစိုက်ထိပ်တန်းဘဏ် (၂) ခုဖြစ်သော Shinhan ဘဏ်နှင့် Hana ဘဏ်တို့သည် မြန်မာစစ်တပ်နှင့် ဆက်နွယ်နေသော စီးပွားရေးလုပ်ငန်းများသို့ ချေးငွေနှင့် ရင်းနှီးမြှုပ်နှံမှုများ ထောက်ပံ့ပေးခြင်းဖြင့် မြန်မာစစ်တပ်၏ စီးပွားရေးကို သွယ်ဝိုက်၍ ငွေကြေး ထောက်ပံ့နေကြောင်း ၂၀၂၁ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင်ထုတ်ဝေသည့် Korea Herald သတင်းစာ၌ "Shinhan, Hana accused of Indirectly financing Myanmar Military Businesses" ခေါင်းစဉ်ဖြင့် ဝေဖန်ရေးသား ဖော်ပြထားပါသည်။




ထို့ပြင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသော တောင်ကိုရီးယားဘဏ်များအား ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို လျှော့ချရန်နှင့် ဒုတိယအရံ အစီအစဉ်များကို ဆောင်ရွက်ထားကြရန် တောင်ကိုရီးယား ဘဏ္ဍာရေးလုပ်ငန်း အသိုက်အဝန်းမှ တွန်းအားပေးလျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ထုတ် The Korean Time သတင်းစာတွင် ဖော်ပြမှုအရ သိရှိရပြီး၊ တောင်ကိုရီးယား ဘဏ္ဍာရေး ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး အခြေအနေများအရ ၎င်းတို့၏ လုပ်ငန်းများအတွက် စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသဖြင့် အခြေအနေများကို မျက်ခြေမပြတ် လေ့လာစောင့်ကြည့်လျက်ရှိသော်လည်း လုပ်ငန်းများ ပြန်လည်ရုတ်သိမ်းရန် အစီအစဉ်မရှိသေးကြောင်း သိရှိရပါသည်။

*Source: Ministry of Trade, Industry and Energy, Korea Custom Services, Ministry of Land, Infrastructure and Transport, The Korea Times, The Korea Herald, Yonhap News*

# နိုင်ငံတကာ
# စီးပွားရေးသတင်းများ

## အင်ဒိုနီးရှား-စင်ကာပူ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုစာချုပ် အသက်ဝင်

ရင်းနှီးမြှုပ်နှံမှုများ သိမ်းယူခြင်းမှ အကာအကွယ်ပေးခြင်းနှင့် အခွန်နှစ်ထပ် ပေးဆောင်ရခြင်း မှ အကာအကွယ်ပေးခြင်းတို့ အပါအဝင် အင်ဒိုနီးရှား-စင်ကာပူ နှစ်နိုင်ငံသဘောတူစာချုပ်များသည် ၂၀၂၁ ခုနှစ်တွင် အသက်ဝင်မည်ဖြစ်သည်။ Singapore-Indonesia Bilateral Investment Treaty သည် ၂၀၂၁ ခုနှစ် မတ်လ ၉ ရက်နေ့တွင် အသက်ဝင်ခဲ့ သဖြင့် အင်ဒိုနီးရှားနိုင်ငံအတွင်း စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။


Singapore-Indonesia Bilateral Investment Treaty ကို ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေး ထိုးခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံစီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်စေရန် ရည်ရွယ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

စာချုပ်အသက်ဝင်လာခြင်းကြောင့် နှစ်နိုင်ငံ ငွေကြေးများ ခိုင်မာစေမည်ဖြစ်ကာ ရင်းနှီး မြှုပ်နှံမှုများလည်း မြှင့်တင်နိုင်မည် ဖြစ်ကြောင်းသိရှိရသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများအနက် စင်ကာပူနိုင်ငံသည် ၆ နှစ် ဆက်တိုက်ထိပ်ဆုံးမှ ရပ်တည်ခဲ့သည့် အပြင် COVID-19 ကပ်ရောဂါ ကာလအတွင်း၌ပင် အင်ဒိုနီးရှားနိုင်ငံ၌ စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ၅၀% မြင့်တက်ခဲ့သည်။

အရှေ့တောင်အာရှ၏ အကြီးဆုံး ဒစ်ဂျစ်တယ် စီးပွားရေးစနစ်ကို ပိုင်ဆိုင်ထားသည့် အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံ၏ အသိပညာ၊ အတတ်ပညာများနှင့်ဈေးကွက်ချိတ်ဆက်မှုအတွေ့အကြုံများ ပေါင်းစပ်ကာအင်ဒိုနီးရှားနိုင်ငံအတွင်းနိုင်ငံတကာနည်းပညာကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် ဖိတ်ခေါ်လာနိုင်မည် ဖြစ်ကြောင်းသိရှိရသည်။

Singapore- Indonesia Bilateral Investment Treaty အသက်ဝင်လာသည့်အတွက် လာမည့် ငါးနှစ်အတွင်း နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုမှာ ၁၈ ရာခိုင်နှုန်းမှ ၂၂ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားသည်။

အင်ဒိုနီးရှား (သို့မဟုတ်) စင်ကာပူနိုင်ငံတို့နှင့် သံတမန်ဆက်ဆံရေးမရှိသည့် တတိယနိုင်ငံ တစ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများနှင့် Holding Company များ (စင်ကာပူနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည့် Holding Co., များသည် မိခင်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် စီးပွားရေး လုပ်ငန်းဆောင်ရွက်ထားခြင်း မရှိခြင်းနှင့် အပြန်အလှန်အားဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည့် Holding Company များသည် မိခင်နိုင်ငံဖြစ်သည့် စင်ကာပူနိုင်ငံတွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်ထားခြင်းမရှိခြင်း) အနေဖြင့် စာချုပ်ပါ အခွင့်အရေးများကို ရရှိနိုင်မည်မဟုတ်ကြောင်း သိရှိရပါသည်။



Source: https://www.aseanbriefing.com/news/the-indonesia-singapore-bilateral-investment-treaty-comes-into-effect/

## ဖိလစ်ပိုင်နိုင်ငံ၌ အခွန်နှုန်းထားများ လျှော့ချ

အရှေ့တောင်အာရှနိုင်ငံများအနက် အခွန်နှုန်းထားအမြင့်ဆုံးဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ အနေဖြင့် Corporate Recovery and Tax Incentives for Enterprises (CREATE) Act ပြဋ္ဌာန်းပြီး အခွန်နှုန်းထားများ လျှော့ချပေးခဲ့သည်။

မူလ Corporate Income Tax Rate မှာ ၃၀% မှ ယခုအခါ လုပ်ငန်းကြီးများအတွက် ၂၅% နှင့် အသေးစားလုပ်ငန်းများအတွက် ၂၀% သို့ လျှော့ချပေးခဲ့ခြင်းဖြစ်သည်။

COVID-19ကပ်ရောဂါကာလအတွင်း၌ ထိခိုက်မှုများရှိခဲ့သည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို ပြန်လည် မြှင့်တင်နိုင်ရန်ရည်ရွယ်၍ CREATE Act ကို ၂၀၂၁ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။

*Source : Philippines targets foreign investment with Singapore-style tax law (cnbc.com)*



## AEC Blueprint 2025 Highlights

အာဆီယံဒေသအတွင်း ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်သုံးစွဲမှုနှုန်းမှာ ၂၀၁၈ ခုနှစ်တွင် စွမ်းအင် သုံးစွဲမှု ၁၄% ရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၂၃%သို့ ရောက်ရှိရန် မျှော်မှန်းထားသည်။ အာဆီယံဒေသ အတွင်း စီးပွားရေးလုပ်ငန်း တစ်ခုစတင်ရန်ကြာချိန် မှာ ဒေသအတွင်း မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကြောင့် ၂၀၁၇ ခုနှစ်တွင် ၂၄.၅ ရက် ကြာမြင့်ခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၁၄.၅ ရက်သာ ကြာမြင့်ကြောင်း ဖော်ပြထားသည်။

COVID-19 ကပ်ရောဂါကြောင့် အာဆီယံဒေသအတွင်း ထိခိုက်မှုများ ရှိခဲ့ပြီး ၂၀၂၀ ခုနှစ် တွင် အာဆီယံ၏ အသားတင်ကုန်ထုတ်လုပ်မှု တန်ဖိုး (GDP) သည် ၃.၃% ကျဆင်းခဲ့သည်။ ထို့အတူ ၂၀၂၀ ခုနှစ်တွင် နိုင်ငံတကာညွှေ့သည် ဝင်ရောက်မှုနှုန်းမှာ




၈၁.၈% နှင့် ၂၀၂၀ ခုနှစ် ပထမ ၃ လပတ်မှ တတိယ ၃ လပတ်အတွင်းကုန်သွယ်မှုနှုန်းမှာ ၇.၄ % သို့ ကျဆင်းခဲ့ပြီး၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ ၃၃.၂% ကျဆင်းခဲ့သည်။

## အာဆီယံ စီးပွားရေးမဏ္ဍိုင်က Circular Economy ဆိုင်ရာမူဘောင်ကို ရေးဆွဲလျက်ရှိ

အာဆီယံ စီးပွားရေးမဏ္ဍိုင်အနေဖြင့် စီးပွားရေး အဝန်းအဝိုင်းမူဘောင်(Framework on Circular Economy for the ASEAN Economic Community) ကို ၂၀၂၁ ခုနှစ် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ်ဆောင်ရွက်ရန်သတ်မှတ်ထားသည့် စီးပွားရေးဦးစားပေးကိစ္စရပ် အနေဖြင့် ရေးဆွဲလျက်ရှိပါသည်။




စီးပွားရေး အဝန်းအဝိုင်း (Circular Economy) ဆိုသည်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့် ထုတ်လုပ်မှုနှင့် သုံးစွဲမှု ဆိုင်ရာပုံစံသစ်တစ်ခု ဖြစ်ပါသည်။

အာဆီယံတွင် Circular Economy ကို စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအနေဖြင့် ပလပ်စတစ် အသုံးပြုမှု လျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်စီးပွားရေးအရာရှိများက စတင် ဆွေးနွေးခဲ့ပါသည်။ သို့သော် စားသုံးသူအကာအကွယ်ပေးခြင်းကြောင့် စဉ်ဆက်မပြတ်သုံးစွဲမှု မြင့်မားလာခြင်းနှင့်အတူ ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို စဉ်ဆက်မပြတ် မြင့်တင်ရန် သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းမှုသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်လာပါသည်။ သို့ပါ၍ အာဆီယံစီးပွားရေးမဏ္ဍိုင်အနေဖြင့် အာဆီယံ၏ စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထုတ်လုပ်မှုကွင်းဆက်များ ခိုင်မာစေရန်အတွက် အာဆီယံစီးပွားရေးမဏ္ဍိုင်၏ စီးပွားရေးအဝန်းအဝိုင်းမူဘောင်ကို ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ ၂၀၂၁ ခုနှစ် စီးပွားရေးဦးစားပေးကိစ္စရပ်အဖြစ် ရေးဆွဲ၍ အာဆီယံ၏ ကဏ္ဍအချင်းချင်း ချိတ်ဆက်ဆောင် ရွက်သွားမည် ဖြစ်ပါသည်။

အဆိုပါ အာဆီယံစီးပွားရေးမဏ္ဍိုင်၏ စီးပွားရေးအဝန်းအဝိုင်းမူဘောင် ရေးဆွဲရန်ကိစ္စကို ၂၀၂၁ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုခဲ့ပြီး ဖြစ်ပါသည်။ မူဘောင်၏ ပထမမူကြမ်းကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနှင့် အရှေ့အာရှစီးပွားရေး သုတေသနအဖွဲ့ မှပူးပေါင်းရေးဆွဲခဲ့ပြီး၊ ဇွန်လ၃၀ရက်နေ့တွင် အာဆီယံစီးပွားရေးမဏ္ဍိုင်၏ ကဏ္ဍဆိုင်ရာအဖွဲ့များကိုချပြ ဆွေးနွေးခဲ့ပါသည်။ အပြီးသတ်မူဘောင်ကို ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပမည့်(၂၀)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးတွင် အတည်ပြုချက်ရယူပြီး အာဆီယံထိပ်သီးအစည်းအဝေးမှ မှတ်တမ်းတင်နိုင်ရေးအတွက် တင်ပြမည်ဖြစ်ပါသည်။ မူဘောင်အား အာဆီယံ၏ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များအတွက် အခြေခံအဖြစ်လည်းကောင်း၊ အာဆီယံ ၂၀၂၅ အလွန် လုပ်ငန်းစဉ်များအတွက် အခြေခံအဖြစ်လည်းကောင်း အသုံးပြုသွားမည်ဖြစ်ပါသည်။

## စည်းမျဉ်းအခြေပြု အာဆီယံအသိုက်အဝန်း ထူထောင်ရန် ရည်ရွယ်

အာဆီယံပဋိညာဉ်စာတမ်းအသက်ဝင်ခဲ့သည်မှာ ၂၀၂၁ ခုနှစ် နှစ်ကုန်တွင် ၁၃ နှစ်ပြည့်မြောက်မည်ဖြစ်ပြီး အာဆီယံပဋိညာဉ်စာတမ်းသည် အာဆီယံကို ခိုင်မာကောင်းမွန်သည့်အဖွဲ့အစည်း အဖြစ် ဖော်ဆောင်နိုင်စေရန် ရှင်းလင်းတိကျသည့် မျှော်မှန်းချက်များ ချမှတ်ပေးနိုင်ခဲ့ကြောင်း၊ သို့သော်လည်း အာဆီယံ ပဋိညာဉ်စာတမ်းကို စည်းမျဉ်းအခြေပြု အာဆီယံ အသိုက်အဝန်း(rules-based ASEAN Community) အဖြစ်ထူထောင်နိုင်ရန် ရည်မှန်းရေးဆွဲခဲ့သည့် အတွက် အဆိုပါ ရည်မှန်းချက်ကို အပြည့်အဝပုံဖော်နိုင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အများအပြား ကျန်ရှိလျက်ရှိကြောင်း ဖော်ပြထားသည်။

အာဆီယံက ကျင့်သုံးခဲ့သည့် လမ်းစဉ်မှာ "non-legalistic" ဖြစ်ပြီး Declarations, Concords, Blueprints နှင့် Programmes of action ကဲ့သို့သော စည်းနှောင်မှုမရှိသည့် Soft Laws များကိုသာ သုံးစွဲလျက်ရှိကြောင်း ဖော်ပြထားသည်။ အဆိုပါ Soft Laws များမှာ စည်းနှောင်မှုမရှိသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အချိန်ကာလ သတ်မှတ်ချက်များဖြင့် အဖွဲ့ဝင်များကို တွန်းအားပေး ဆောင်ရွက်ထားကြောင်း ဖော်ပြထားသည်။

စည်းမျဉ်းအခြေပြု အာဆီယံအသိုက်အဝန်း Rules-based ASEAN Community အဖြစ် ထူထောင် နိုင်ရန် စတင်ပုံဖော်နိုင်ပြီ ဖြစ်သည့်အတွက် ကောင်းမွန်သည့်လက္ခဏာ ဖြစ်ပါကြောင်း၊ ASEAN Treaties ကို ပြည်တွင်း ဥပဒေအဖြစ် ပြဋ္ဌာန်းရန် လိုအပ်ခြင်းမရှိသော်လည်း အာဆီယံ၏ ညွှန်ကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်တွင်း မူဝါဒ ချမှတ်ရခြင်းကဲ့သို့သော ရှင်းလင်းလွယ်ကူ မြန်ဆန်သည့် လုပ်ဆောင်ချက်များကို ဆောင်ရွက်ရန် လိုအပ်ပြီး ထိုသို့ဆောင်ရွက်ခြင်း ရှိ၊ မရှိ စောင့်ကြည့်မည့် နည်းလမ်းတစ်ရပ် ပါဝင်မည်ဖြစ်သည်။

အာဆီယံ အသိုက်အဝန်းအတွင်း လုပ်ငန်းဆောင်ရွက်မည့်သူများအနေဖြင့် အာဆီယံက ချမှတ်ထားသော စည်းမျဉ်းများကို သိရှိနိုင်ရန်အတွက် အသိပညာဖြန့်ဝေခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**Source**: ASEANFocus -Rethinking Law in ASEAN's Rules-based Order(Tan Hsien-Li)



# COVID-19 အလွန် ပြန်လည်ထူထောင်ရေးကာလတွင် နိုင်ငံအလိုက် စီးပွားရေး တိုးတက်မှုနှုန်းများ အပြောင်းအလဲရှိ


COVID-19 အလွန် ပြန်လည်ထူထောင်ရေး ကာလတွင် ကျန်းမာရေးဆိုင်ရာ အကြပ်အတည်း၊ စီးပွားရေးပုံစံနှင့် အထူးပြုဆောင်ရွက်သည့် ကဏ္ဍများ စသော အချက်အလက်များအပေါ် မူတည်၍ နိုင်ငံအလိုက် အပြောင်းအလဲများရှိမည်ဖြစ်သည်။

ဖွံ့ဖြိုးပြီးစီးပွားရေးများအနေဖြင့် အိမ်ထောင်စုများနှင့် လုပ်ငန်းများအား ငွေကြေးထောက်ပံ့ခြင်း၊ ဗဟိုဘဏ်များအနေဖြင့် ငွေတိုက်စာချုပ်များ ရောင်းချခြင်း၊ ငွေချေးမှုဆိုင်ရာ ရန်ပုံငွေထူထောင်ခြင်းနှင့် ဘဏ်တိုးနှုန်းများ လျှော့ချခြင်းများကြောင့် စီးပွားရေးဆိုင်ရာ ပြန်လည်ထူထောင်ခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးပြီး နိုင်ငံများအနေဖြင့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မူဝါဒဆိုင်ရာအားကောင်းခိုင်မာမှုနှင့် ၂၀၂၁ ခုနှစ်အတွင်း ကာကွယ်ဆေး ရရှိနိုင်မှုအပေါ်မူတည်၍ ထိခိုက်ဆုံးရှုံးမှုများ အနေဖြင့် COVID-19 မဖြစ်ပွားမီကာလနှင့် နှိုင်းယှဉ်ပါက အနည်းငယ်သာ ရှိမည်ဟု ခန့်မှန်းသည်။


အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ် ဒုတိယနှစ်ဝက်ခန့်တွင် ၂၀၁၉ ခုနှစ်၏ အခြေအနေကဲ့သို့ တိုးတက်မှုမျိုး ပြန်လည် ရရှိမည်ဖြစ်ပြီး ဥရောပဒေသများနှင့် ဗြိတိန်နိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ၂၀၁၉ ခုနှစ်၏ အခြေအနေ အောက်တွင်သာတည်ရှိမည်ဟု ခန့်မှန်းသည်။

(ဇစ်မြစ်- International Monetary Fund-IMF)




## ကမ္ဘာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

၂၀၂၁ ခုနှစ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု(FDI)သည် COVID-19 ကပ်ရောဂါကြောင့် သိသာစွာကျဆင်းနိုင်မည် ဖြစ်သည်။ အဆိုပါ အခြေအနေသည် ၂၀၁၅ ခုနှစ် နောက်ပိုင်း ပထမဆုံး အခြေအနေ အဖြစ် အမေရိကန်ဒေါ်လာ ၁ ထရီလီယံ အောက်သို့ ရောက်ရှိခြင်း ဖြစ်ပြီး ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း အထိ ဆက်လက်ကျဆင်းမည်ဟု ခန့်မှန်းသည်။ ၂၀၂၁ ခုနှစ်တွင် ခန့်မှန်း FDI သည် ၂၀၁၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၂ ထရီလီယံမှ အမေရိကန်ဒေါ်လာ ၈၀၀ ဘီလီယံအထိ ကျဆင်းခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၆၀ ရာခိုင်နှုန်း ဖြစ်ပါသည်။ နိုင်ငံတကာနှင့် ဒေသတွင်း၏ FDI အခြေ အနေမှာ ၂၀၂၀ပြည့်နှစ်နှင့် ၂၀၂၁ခုနှစ်တွင် သိသာစွာ ကျဆင်းမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် ထက် ၄၀ ရာခိုင်နှုန်း ကျဆင်းမည်ဟု UNCTAD မှ ခန့်မှန်းသည်။





Source: World Investment Report 2020,

## ၂၀၂၂ ခုနှစ် ကမ္ဘာ့စီးပွားရေးအလားအလာများ

UNCTAD ၏ Handbook of Statistics အရ ၂၀၂၂ ခုနှစ် ကမ္ဘာ့စီးပွားရေး အလားအလာများအား သုံးသပ်ရာတွင် ကပ်ရောဂါ၏ အနုတ်သဘောဖြင့် ကာလရှည်ကြာ အကျဘက်သို့ ဦးတည်နေမည်ဖြစ်သည်။ သို့သော် ၂၀၂၁ ခုနှစ်အလွန် ရှုမြင်သုံးသပ်ချက်သည် မသေချာမှုများတွင် အခြေခံနေပါသည်။ ထွန်းသစ်စ စက်မှုနိုင်ငံများနှင့် အာဆီယံနိုင်ငံများ အနေဖြင့် ပြန်လည်ဦးမော့နိုင်သည့်နှုန်း မြန်ဆန်နိုင်မည်ဟု သုံးသပ်ထားပါသည်။

- ၂၀၂၂ ခုနှစ်မတိုင်မီ FDI သည် U ပုံစံ ပြန်လည်အသက်ဝင်လာနိုင်ဖွယ်ရှိသော်လည်း မျှော်လင့် ချက်မျှသာဖြစ်ပြီး ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါ က လျော့နည်းနိုင်မည်ဖြစ်သည်။
- FDI စီးဝင်မှုသည် ၂၀၂၂ ခုနှစ်တွင် L ပုံစံ ကဲ့သို့ဖြစ်ပြီး လာမည့် ၃ နှစ်အတွင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် နည်းပါးသည်ဟု ခန့်မှန်းပါသည်။
- ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးဆဲ စီးပွားရေးလုပ်ငန်းများအနေဖြင့် ထိခိုက်နစ်နာမှု ပိုမိုများပြားလာမည် ဖြစ်ပြီး ဖွံ့ဖြိုးဆဲအာရှနိုင်ငံများအတွက် FDI သည် ၃၀ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်းခန့် ကျဆင်း နိုင်မည်ဖြစ်သည်။
- လက်တင်အမေရိကနှင့်ကာရစ်ဗီယံ ပင်လယ်ဒေသများတွင် ၄၀ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်းအထိ ကြီးမားစွာ ကျဆင်းမည်ဟု ခန့်မှန်းထားပါသည်။
- အာဖရိကနိုင်ငံများအနေဖြင့် ၂၅ ရာခိုင်နှုန်း မှ ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းမည်ဟု ခန့်မှန်းသည်။



## COVID-19 အလွန်ကာလ၌ တရုတ်ကုမ္ပဏီများ အာဆီယံတွင် ပိုမိုရင်းနှီးမြှုပ်နှံမည်

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံအကြား တင်းမာမှုများကြောင့် တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် လုပ်ငန်းရှင်များမှာ အရှေ့တောင်အာရှနိုင်ငံများသို့ ပြောင်းရွှေ့လိုကြသည်။ အာရှဒေသတွင် တရုတ်နှင့် အိန္ဒိယပြီးပါက အာဆီယံသည် တတိယအကြီးဆုံးဈေးကွက်ဖြစ်ပြီး လူဦးရေ သန်း ၆၆၀ ကျော်နေထိုင်သည်။

တရုတ်နိုင်ငံမှရင်းနှီးမြှုပ်နှံသူများမှာ အာဆီယံဒေသတွင် အဓိကအားဖြင့် ကဏ္ဍ(၅)ခု၌ ရင်းနှီးမြှုပ်နှံလိုကြပြီး အဆိုပါ ကဏ္ဍများမှာ ပိုးလမ်းမစီမံကိန်းအောက်မှဖော်ဆောင်မည့် အခြေခံ အဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုလုပ်ငန်း၊ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းတို့ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်အတွင်း အာဆီယံဒေသ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ၃၁ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သော်လည်း အာဆီယံဒေသတွင်း တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၅၁ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။

၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၀ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံအတွင်း တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၇၀ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ တရုတ်နိုင်ငံရှိ ကုမ္ပဏီများမှ အီးယူနှင့် အမေရိကန်နိုင်ငံသို့ ကုန်စည်များ တင်ပို့ရာတွင် အကောက်ခွန်ပေးဆောင်ရသည့်အတွက် ထိုသို့ ပေးဆောင်ရခြင်းကို ရှောင်ရှားနိုင်ရန် အရှေ့တောင်အာရှနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံလိုခြင်းဖြစ်သည်။

တရုတ်နိုင်ငံအခြေစိုက် ကုမ္ပဏီများအနေဖြင့် ယခုနှစ်ပိုင်းအတွင်း “China-plus-one” မဟာဗျူဟာကိုချမှတ်ခဲ့ပြီး တရုတ်နိုင်ငံအပြင် လုပ်အားခသက်သာသည့် ကမ္ဘောဒီးယားနိုင်ငံ ကဲ့သို့သော အရှေ့တောင်အာရှနိုင်ငံများတွင်ပါ ထုတ်လုပ်မှု လုပ်ငန်းများကို ချဲ့ထွင်လာကြသည်။

COVID-19 အလွန်ကာလတွင် တရုတ်၊ အမေရိကန်နှင့် အီးယူနိုင်ငံများ၏ ဆက်ဆံရေးမှာ ပိုမိုရှုပ်ထွေးလာနိုင်မည် ဖြစ်သည့်အတွက် အာဆီယံဒေသတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက် လာနိုင်ကြောင်း ခန့်မှန်းထားသည်။

Source: Khmer Times-Chinese firms ‘to increase post-pandemic ASEAN activity’

## ASEAN Collective Investment Schemes (CIS) Framework သို့ ဖိလစ်ပိုင်နိုင်ငံ ပါဝင်လာ

အားလုံးပါဝင်ပြီး ပိုမို ချိတ်ဆက်နိုင်စွမ်းရှိကာ ခိုင်မာတောင့်တင်းသည့်အာဆီယံအရင်းအနှီးဈေးကွက် ပေါ်ထွန်းလာစေရန် ရည်ရွယ်ဖွဲ့စည်းခဲ့ သည့် ASEAN Collective Investment Schemes (CIS) Framework သို့ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အဖွဲ့ဝင် အသစ်အဖြစ် ဝင်ရောက်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ The Securities and Exchange Commission Philippines (SEC Philippines) အနေဖြင့် အဖွဲ့ဝင်အသစ်အဖြစ် ပါဝင်လာခြင်းကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု ခိုင်မာအားကောင်းစေမည် ဖြစ်သည့် အပြင် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများလည်း ပိုမို ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပါသည်။ ထို့အတူ ဖိလစ်ပိုင် နိုင်ငံရှိ အရည်အသွေးရှိသည့် ကုမ္ပဏီများ အနေဖြင့် လက်ရှိအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံရှိ လက်လီရင်းနှီးမြှုပ်နှံသူ များကို ဘဏ္ဍာငွေများ တရားဝင် ရောင်းချနိုင်မည် ဖြစ်ပြီး၊ အလားတူ အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည် ဖြစ်သည်။

၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ တွင် မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်း နိုင်ငံတို့ သည် ASEAN Collective Investment Schemes (CIS) Framework ထူထောင်ရန်အတွက် နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ ASEAN Collective Investment Schemes(CIS)Framework သို့ အာဆီယံ နိုင်ငံများအားလုံး ပါဝင်လာစေရန် ရည်ရွယ်လျက် ရှိပြီး၊ ဒေသတွင်း အာဆီယံနိုင်ငံများ အားလုံး ASEAN Collective Investment Schemes (CIS) Framework တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လာမည်ဆိုပါက ဒေသတွင်း ပိုမိုထိရောက်ကောင်းမွန်သည့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုများ ဖြစ်ပေါ်လာစေမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

Source: https://www.pattayamail.com/thailandnews/philippines-joins-malaysia-singapore-and-thailand-in-asean-cis-framework-355623

## အရှေ့တောင်အာရှနိုင်ငံများအနက် ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်းစီးပွားရေး တိုးတက်မှု အမြန်ဆုံးနိုင်ငံဖြစ်ကြောင်း ADB ၏ အစီရင်ခံစာတွင်ဖော်ပြ

အာရှဖွံ့ဖြိုးရေးဘဏ် (ADB)မှ ထုတ်ပြန်ခဲ့သော အစီရင်ခံစာ၌ ဗီယက်နမ်နိုင်ငံအနေဖြင့် ကုန်ထုတ်လုပ်မှုပြန်လည်နလံထူနိုင်ခဲ့ခြင်းနှင့် ကုန်သွယ်မှုအခြေအနေ ပြန်လည်ကောင်းမွန်လာခြင်းတို့ကြောင့် ၂၀၂၁ ခုနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း ၆.၇ ရာခိုင်နှုန်းဖြင့် အရှေ့တောင် အာရှနိုင်ငံများအနက် စီးပွားရေးတိုးတက်မှု အမြန်ဆုံးနိုင်ငံ ဖြစ်လာနိုင်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ GDP တိုးတက်မှုနှုန်းသည် ၂၀၂၂ ခုနှစ်တွင် ၇ ရာခိုင်နှုန်းသို့ ရောက်ရှိရန် မျှော်မှန်း ထားပြီး ပျမ်းမျှတိုးတက်မှုနှုန်း ၅.၁ ရာခိုင်နှုန်း ရှိသော အရှေ့တောင်အာရှဒေသ အတွင်း၌ GDP တိုးတက်မှုနှုန်း အမြင့်ဆုံးနိုင်ငံ ဖြစ်လာနိုင်ပါကြောင်း ခန့်မှန်း ဖော်ပြခဲ့သည်ကို သိရှိရပါသည်။

နှေးကွေးရပ်တန့်လျက်ရှိသော ပြည်တွင်းစားသုံးမှုနှင့် COVID-19 ကပ်ရောဂါကြောင့် ပြည်ပဝယ်လိုအား နည်းနေခြင်းတို့သည် ဗီယက်နမ်နိုင်ငံ၏ ၂၀၂၀ ပြည့်နှစ်ရှိ စီးပွားရေး တိုးတက်မှုနှုန်းကို နှေးကွေးစေခဲ့ပါကြောင်း၊ သို့ရာတွင် ဗီယက်နမ်နိုင်ငံမှ ကပ်ရောဂါကို အောင်မြင်စွာ ထိန်းချုပ်နိုင်မှုကြောင့် တိုးတက်မှုအရှိန်အဟုန်သည် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်များတွင် ဆက်လက်အားကောင်း ခိုင်မာနေမည်ဖြစ်ပါကြောင်း၊ ADB ၏ ဗီယက်နမ်နိုင်ငံ ဆိုင်ရာ ဌာနေ ကိုယ်စားလှယ်ဖြစ်သူ Mr. Andrew Jeffries ဖြစ်သူမှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံ၏ထုတ်လုပ်မှုညွှန်းကိန်းသည် ၂၀၂၁ ခုနှစ်၊ မတ်လတွင် ၅၃.၆ သို့ မြင့်တက်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ လက်ရှိအချိန်အထိအမြင့်ဆုံး ဖြစ်ပါကြောင်း၊ ၂၀၂၁ ခုနှစ်တွင် အစိုးရမှ အဓိက အခြေခံအဆောက်အအုံ လုပ်ငန်းများအား ဆက်လက် အရှိန်မြင့်တင် ဆောင်ရွက်လျက်ရှိခြင်း နှင့်အတိုးနှုန်းနည်းခြင်းတို့သည် အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကို လှုံ့ဆော်ပေးသည့်အတွက် ဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍမှာ မြန်ဆန်စွာ တိုးတက်လာနိုင်သည်ဟု မျှော်မှန်းပါကြောင်း၊ ADB ၏ အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

မျှော်မှန်းထားသည်ထက် မြန်ဆန်သော တရုတ်နှင့် အမေရိကန်နိုင်ငံတို့၏ စီးပွားရေး ပြန်လည်ဦးမော့နိုင်မှုနှုန်းသည် ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်မှုနှင့် တိုးတက်မှုနှုန်း အလားအလာကို သိသာစွာ ကျယ်ပြန့်စေနိုင်ပါကြောင်း၊ ၂၀၂၁ ခုနှစ်တွင် GDP တိုးတက်မှုနှုန်း ၈.၁ သို့ ရောက်ရှိရန် ရည်မှန်းထား သော တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ်၊ ပထမ ၃ လအတွင်း အီးယူကို ကျော်လွန်၍ ပထမနေရာတွင်ရှိသည့် အမေရိကန်နိုင်ငံပြီးနောက် ဗီယက်နမ်နိုင်ငံ၏ ဒုတိယအကြီးဆုံး ပြည်ပပို့ကုန်ဈေးကွက် ဖြစ်လာပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ လက်လီရောင်းချမှုသည် ၂၀၂၁ ခုနှစ်၊ ပထမ ၃ လ အတွင်း ၅.၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းသည် စားသုံးသူများ၏ ယုံကြည်မှုကို ပြန်လည်ရရှိလာခြင်းကိုညွှန်ပြနေခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာဆီဈေးနှုန်းများ မြင့်တက်လာခြင်းနှင့်အတူ ပြည်တွင်းစားသုံးမှု မြင့်တက်လာခြင်းတို့သည် ငွေကြေးဖောင်းပွမှုနှုန်းကို ၂၀၂၁ခုနှစ်တွင် ၃.၈ ရာခိုင်နှုန်းနှင့် ၂၀၂၂ ခုနှစ်တွင် ၄ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ပါကြောင်း အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

သို့ရာတွင် ယခုနှစ်နှင့် ၂၀၂၂ ခုနှစ်တွင် COVID- 19 ကပ်ရောဂါ မျိုးဗီဇကွဲများ ထွက်ပေါ်လာခြင်းနှင့် အစိုးရ၏ ကာကွယ်ဆေးအစီအစဉ် နှောင့်နှေးမှုများကဲ့သို့ အခက်အခဲများ ဆက်လက်ရှိ နေဆဲဖြစ်ပါကြောင်း Mr. Jeffries မှပြောကြားခဲ့သည်ကို သိရှိရပါသည်။

ကမ္ဘာတစ်ဝှမ်း၌ COVID-19 ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်များ မညီမျှမှုကြောင့် ပြည်ပပို့ကုန်

အပေါ်မှီခိုသည့် ဗီယက်နမ်နိုင်ငံ၏ COVID-19 ကပ်ရောဂါကာလမတိုင်မီ ခိုင်မာအားကောင်းသော တိုးတက်မှုလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိနိုင်ရန် နှောင့်နှေးနိုင်ပါကြောင်း အစီရင်ခံစာ၌ သတိပေးဖော်ပြခဲ့ပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် ကပ်ရောဂါကြောင့် ဆင်းရဲမွဲတေမှုနှင့် ဝင်ငွေအပေါ် ထိခိုက်ဆုံးရှုံးမှုများကို သက်သာလျော့ပါးစေခြင်းဖြင့် အားလုံးပါဝင်သော တိုးတက်မှုနှုန်းကို ဆက်လက် ထိန်းသိမ်းထားနိုင်မည် ဖြစ်ပါကြောင်း၊ ကပ်ရောဂါကြောင့် ဗီယက်နမ်ပြည်သူများ၏ ဝင်ငွေကို ၄.၈ ရာခိုင်နှုန်း လျော့ကျစေခဲ့ပါကြောင်း၊ ဗီယက်နမ် အစိုးရအနေဖြင့် ချို့တဲ့သူများနှင့် ထိခိုက်လွယ်သူများအား ၎င်းတို့၏ သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်နိုင်ခြင်းဖြင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများပေးခြင်းနှင့် စီးပွားရေးလုပ်ငန်းများ စတင်နိုင်ရန် အသေးစားငွေချေး လုပ်ငန်းများသို့ လက်လှမ်းမီနိုင်ရန် ကူညီပေးခြင်း အစရှိသည့် နည်းလမ်းများပါဝင်သည့် ရေရှည်တည်တံ့ခိုင်မြဲသော မဟာဗျူဟာတစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ရန် ADB ၏ တိုက်တွန်းချက်ကို ADB ၏ အစီရင်ခံစာ၌ ဖော်ပြထားသည်ကို VNExpress သတင်းစာ၌ ရေးသား ဖော်ပြထားပါသည်။

Source: VN Express International, http://e.vnexpress.net/news/business/data-speaks/vietnam-to-lead-southeast-asia-in-growth-adb-4269618.html



## ၂၀၂၁ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း(၃.၆) ရာခိုင်နှုန်း ရောက်ရှိမည်ဟု IMF ခန့်မှန်း

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) သည် အာရှ၏ စတုတ္ထစီးပွားရေး အင်အား အကြီးဆုံးနိုင်ငံဖြစ်သော တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၁ ခုနှစ် အတွက် စီးပွားရေး တိုးတက်မှု အလား အလာကို မူလ ခန့်မှန်းခဲ့သည့် (၃.၁) ရာခိုင်နှုန်းမှ (၃.၆) ရာခိုင်နှုန်းသို့ သိသာစွာ မြှင့်တင်ပြောင်းလဲ တိုးမြှင့်၍ ခန့်မှန်းခဲ့ပါသည်၊ IMF သည် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ တွင် ကျင်းပခဲ့သော တောင်ကိုရီးယားနိုင်ငံနှင့် နှစ်ပတ် လည်တိုင်ပင်ဆွေးနွေးမှု၏ ရလဒ်နှင့် ပတ်သက်၍ အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်နှင့်အညီ လိုအပ်သည့် အချက်အလက်များကို ပြန်လည် ပြင်ဆင်ထုတ်ပြန် ခဲ့ခြင်း ဖြစ်ပါသည်။ တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် စီးပွားရေး ပြန်လည် နာလန်ထူတိုးတက် စေရန် ထူထောင်နိုင်မည်ဟု IMF က မျှော်မှန်းထားပြီး COVID ကာကွယ်ရေးနှင့် သက်ဆိုင်သည့် ဆေးပစ္စည်း များ၏ ပြင်ပဝယ်လိုအား ပိုမိုအားကောင်းလျက်ရှိ ကြောင်း သိရှိရပါသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့ (OECD) မှ တောင်ကိုရီးယား နိုင်ငံ ၏ ၂၀၂၁ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းကို ၃.၃ ရာခိုင်နှုန်းဟု ခန့်မှန်းထားပြီး၊ တောင်ကိုရီးယား ဗဟိုဘဏ် (BOK) မှ ၃ ရာခိုင်နှုန်းဟု ခန့်မှန်းထား သဖြင့် IMF ၏ ခန့်မှန်းချက်သည် OECD နှင့် BOK တို့၏ တိုးတက်ခန့်မှန်းချက်များထက် သာလွန်လျက် ရှိပါ သည်။ COVID-19 ကူးစက်ရောဂါ၏ စီးပွားရေးကို ရိုက်ခတ်မှုကြောင့် တောင်ကိုရီးယား စီးပွားရေးသည် ယမန်နှစ်က (-၁) ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပြီး၊ ယင်း သည် တောင်ကိုရီးယား နိုင်ငံအတွက် ၁၉၉၇-၉၈ ဘဏ္ဍာရေးအကြပ်အတည်း နောက်ပိုင်း အနိမ့်ဆုံး ကျဆင်းခဲ့မှုဖြစ်ကြောင်း၊ သို့ရာတွင် အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေးကျဆင်းမှု ရာခိုင်နှုန်း များလောက် မဆိုးရွားခဲ့ကြောင်း၊ ယခု ၂၀၂၁ ခုနှစ်တွင် ချစ်ပ်များနှင့် မော်တော်ယာဉ်များ၏ ဈေးကွက် ခိုင် မာစွာတိုးတက် တင်ပို့နိုင်မှုကြောင့် တောင် ကိုရီးယား နိုင်ငံသည် စီးပွားရေး ပြန်လည် နာလန်ထူ တိုးတက် မည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ် ကြောင်း၊ သို့ရာတွင် နိုင်ငံ၏ ပြည်တွင်းဝယ်လိုအားနှင့် အလုပ် အကိုင်ဈေးကွက်မှာ နှေးကွေးနေဆဲဖြစ်ပြီး ဝန်ဆောင်မှု ကဏ္ဍသည် ကူးစက်ရောဂါ၏ ရိုက်ခတ်မှုဒဏ်ကို အကြီးအကျယ်ခံခဲ့ရခြင်းလည်း ဖြစ်ပါသည်။

စီးပွားရေး ပြန်လည်တိုးတက်စေရန်အတွက် ဘဏ္ဍာရေးမူဝါဒ ကျယ်ပြန့်နိုင်မှုနှင့် ဘဏ္ဍာရေး အခြေ အနေများကို ထိန်းသိမ်းရန်၊ စီးပွားရေးကို ပိုမိုမြန်ဆန် စွာပုံမှန်ဖြစ်စေရန်၊ ဘဏ္ဍာရေးတည်ငြိမ်မှုကို ကာကွယ် ရန်နှင့်စိမ်းလန်းစိုပြည်ရေးနှင့် အားလုံးပါဝင်သော ဖွံ့ဖြိုးမှုကို မြှင့်တင်ရန် အထောက်အကူပြုသည့် မက်ခရိုစီးပွားရေးမူဝါဒများ ဆက်လက်လိုအပ်နေမှု တို့ကို IMF က အကြံပြုခဲ့ကြောင်း၊ IMF အုပ်ချုပ်ရေး ဒါရိုက်တာအများစုက BOK ၏ ငွေကြေးဆိုင်ရာ မူဝါဒ ရပ်တည်ချက်ကို ကျယ်ကျယ်ပြန့်ပြန့် သင့်လျော်သည် ဟု ရှုမြင်ကြကြောင်း၊ သို့ရာတွင် တောင်ကိုရီးယား အိမ်ထောင်စုများ အကြွေးများပြားလာမှုနှင့် ပတ်သက် ၍ IMF အနေဖြင့် စိုးရိမ်ပူပန်မှုများရှိကြောင်းကို ထုတ် ဖော်ပြောကြားခဲ့ပြီး ကြွေးမြီများလျင်မြန်စွာ ကြီးထွား လာပါက သက်ဆိုင်ရာအာဏာပိုင်များ အနေဖြင့် Prudential မူဝါဒများအား ထပ်မံတင်းကျပ်ရန် လို အပ်ကြောင်း အကြံပြုပြောကြားခဲ့ပါသည်။

စီးပွားရေးအကျပ်အတည်းများ ကာလကြာရှည် နေခြင်းကြောင့် BOK သည် ၎င်း၏ အဓိက အတိုးနှုန်း ကိုစံချိန်တင် လျှော့ချထားသည့် (၀.၅) ရာခိုင်နှုန်းတွင် ပင် ဆက်လက်ထားရှိကြောင်း၊ နှစ်စဉ် ငွေဖောင်းပွမှု ကို ၂ ရာခိုင်နှုန်းအထိ ထိန်းသိမ်းရန် ရည်ရွယ်ထား ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ငွေကြေး ဖောင်းပွမှုနှုန်းကို ၁.၃ ရာခိုင်နှုန်း ခန့်ရှိမည်ဟု BOK က ခန့်မှန်းထား

ကြောင်းနှင့် တောင်ကိုရီးယား၏ စားသုံးသူဈေးနှုန်းများ (Consumer Prices) သည် ၂၀၂၁ ခုနှစ်တွင် ၁.၂ ရာခိုင်နှုန်းသို့ မြင့်တက်နိုင်သည်ဟု IMF က ခန့်မှန်းထားကြောင်း သိရှိရပါသည်။

ကူးစက်ရောဂါ ဖြစ်ပွားမှုပေါ်မူတည်၍ စီးပွားရေးမရေရာမှုများသည် မြင့်မားနေဆဲဖြစ်သည်နှင့်အညီ ကူးစက်မှုနှုန်းအသစ်များနှင့် ပြည်တွင်း၌သာမက ပြည်ပတွင် ကာကွယ်ဆေးထိုးနှေးကွေးမှုသည် စီးပွားရေးအတွက် အဓိကကျသည့် ဘေးအန္တရာယ်များဖြစ်ကြပါသည်။ သို့ဖြစ်၍ Coronavirus ကူးစက်ရောဂါကို ထိန်းချုပ်နိုင်မှုနှင့် ပြင်ပဝယ်လိုအား ဆက်လက်မြင့် တက်စေရေးတို့သည် စီးပွားရေး ပြန်လည်နာလန်ထူ တိုးတက်စေရေးအတွက် အဓိက ပင်မဒေါက်တိုင်များပင် ဖြစ်ပါသည်။

Source: Ministry of Trade, Industry and Energy, Korea Custom Services, Ministry of Land, Infrastructure and Transport, The Korea Times, The Korea Herald, Yonhap News




Photo : http://www.koreaherald.com/view.php?ud=20210406001129

## တောင်ကိုရီးယား ပြည်တွင်း လေကြောင်းခရီးစဉ်တိုးတက်လာမှုနှင့် အစိုးရမှ လေကြောင်းကဏ္ဍအား ပံ့ပိုးပေးမည့်အခြေအနေ

တောင်ကိုရီးယားနိုင်ငံတွင် နိုင်ငံတကာ လေကြောင်းလိုင်းခရီးစဉ်များ ပြန်လည်တိုးတက်လာခြင်း မရှိသေးသော်လည်း ပြည်တွင်းလေကြောင်း ခရီးစဉ်ဝယ်လိုအားသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလက COVID-19 ကူးစက်ပြန့်နှံ့မှု ကာလမတိုင်မီ အနေအထားသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ မြေယာ၊ အခြေခံအဆောက်အဦနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနက ၂၀၂၁ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းတွင် ပြည်တွင်းလေကြောင်းလိုင်းများမှ ပြည်တွင်းခရီးစဉ်များကို အသုံးပြုခဲ့သည့် ခရီးသည် အရေအတွက်မှာ ၂.၃၁သန်းခန့်ရှိခဲ့သည့်အတွက် COVID-19 မဖြစ်မီကာလ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ၏ ပြည်တွင်း ခရီးသွား အရေအတွက် ၂.၄၉ သန်း နီးပါးပင်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ နှောင်းပိုင်းတွင် တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံး COVID-19 လူနာ ကို တွေ့ရှိခဲ့ခြင်းဖြစ်ရာ ယခင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ရှိခဲ့သည့် ပြည်တွင်းခရီးသွား အရေအတွက်သည် ၁.၅၃ သန်းနှင့် နှိုင်းယှဉ်လျှင် ယခုနှစ်တွင် ၃၅ ရာခိုင် နှုန်း တိုးတက်လာခြင်း ဖြစ်ပါသည်။

တောင်ကိုရီးယားနိုင်ငံသည် COVID-19 ကူးစက်ရောဂါ၏ ရိုက်ခတ်မှုကြောင့် ဆုံးရှုံးမှု အပြင်းအထန် ထိခိုက်ခံစားရသော လေကြောင်းလိုင်းများအား အကျပ်အတည်း ကာလအတွင်း ဆက်လက် ရှင်သန်နိုင်စေရန် လေကြောင်းလိုင်းများအတွက် လေယာဉ်ကွင်း အသုံးပြုခကို ၂၀၂၁ ခုနှစ်၊ ဇွန်လ အထိ အစိုးရက ဆက်လက်လျှော့ချပေးသွားမည် ဖြစ်ကြောင်း အခွန်ကို ကိုရီးယားဝမ် (၄၅.၇) ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၀.၆ သန်း) လျှော့ချပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ထို့ပြင် လေကြောင်း ခရီးသွားဝယ်လိုအား အခြေအနေကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် အခွန်လျှော့ချခြင်းကာလအား ထပ်မံတိုးမြှင့်ရန် သင့်/ မသင့်ကို ဆက်လက် စဉ်းစားပေးသွားမည်ဖြစ်ကြောင်း၊ မြေယာအခြေခံ အဆောက်အဦနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ၂၀၂၁ ခုနှစ် မတ်လ ၃ ရက်နေ့၌ ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ထို့ပြင် လေကြောင်းလုပ်ငန်း ပြန်လည်နာလန်ထူနိုင်ရေးကို အထောက်အကူပြုရန် တောင်ကိုရီးယားအစိုးရသည် COVID-19 ကူးစက်မှုကို တားဆီးနိုင်ခဲ့သော အခြားနိုင်ငံများနှင့်အတူ ခရီးသွားပူဖောင်း (သို့မဟုတ်) စစ်ဆေးမှု ကင်းလွတ်သည့် ခရီးသွားစကြီ (Travel Bubbles) အစီအစဉ်များကို အကောင် အထည်ဖော်ရန် တွန်းအားပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

*Source: Ministry of Trade, Industry and Energy, Korea Custom Services, Ministry of Land, Infrastructure and Transport, The Korea Times, The Korea Herald, Yonhap News*

## ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP ) အား ၂၀၂၂ ခုနှစ်မှစ၍ အာဏာသက်ဝင်လာစေရန် အဖွဲ့ဝင်နိုင်ငံများဆန္ဒရှိ

တရုတ်နိုင်ငံအနေဖြင့် RCEP သဘောတူစာချုပ်အား ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တိုက်တွန်းလျက်ရှိပြီး၊ အဖွဲ့ဝင်နိုင်ငံများသည်လည်း RCEP ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်အာဏာသက်ဝင်လာစေရန် ရည်ရွယ် ဆောင်ရွက်နေကြကြောင်း၊ RCEP အား အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက်တရုတ်အစိုးရ၏ အပြည့်အဝ ထောက်ခံအားပေးမှုနှင့် စာချုပ်၏ အရေးကြီးမှုကို ပြသနိုင်ရန် တရုတ်နိုင်ငံသည် RCEP အား အတည်ပြု လက်မှတ်ရေးထိုးမှုတွင် ဦးဆောင်ထားသည့် နိုင်ငံဖြစ်ပါကြောင်း တရုတ်နိုင်ငံ၊ ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Wang Shouwen က ၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။

အာရှနှင့် ပစိဖိတ်ဒေသတွင် အမေရိကန်နိုင်ငံ၏ လွှမ်းမိုးမှုကြီးထွားလာသည့် အခြေအနေအပေါ် တန်ပြန်ဆောင်ရွက်နိုင်ရန်အတွက် တရုတ်နိုင်ငံသည် RCEP အား ၂၀၁၂ ခုနှစ်မှ စတင် ထောက်ခံမှုပြုလုပ်ခဲ့ပြီး၊ ၂၀၁၇ ခုနှစ်တွင် RCEP ၏ တိုးတက်မှုအရှိန်အဟုန် ကောင်းမွန်လာခြင်းနှင့် ၎င်း၏ပြိုင်ဘက်အမေရိကန်နိုင်ငံတွင် ပစိဖိတ်ဖြတ်ကျော်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (TPP) မှ နုတ်ထွက်ခဲ့သော အခြေအနေတို့မှာ RCEP အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တရုတ်နိုင်ငံအပေါ် တွန်းအားများ ဖြစ်စေခဲ့ကြောင်း၊ ထိုကဲ့သို့ RCEP သဘောတူစာချုပ် အာဏာသက်ဝင်လာစေရန်မှာ အာဆီယံ အဖွဲ့ဝင်နိုင်ငံ (၆) နိုင်ငံနှင့် အာဆီယံနိုင်ငံများမဟုတ်သော ကျန်အဖွဲ့ဝင်နိုင်ငံ (၃) နိုင်ငံ တို့မှ အတည်ပြု လက်မှတ်ရေးထိုးရန် လိုအပ်မည်ဖြစ်ပါသည်။

Source: The Business Times

## တောင်ကိုရီးယားနိုင်ငံမှ ၂၀၂၁ ခုနှစ်တွင် Free Trade Agreement- FTA အထောက်အကူပြုစင်တာများ ဖွင့်လှစ်သွားရန် စီစဉ်

Coronavirus ၏ စိန်ခေါ်မှုများအကြား တောင်ကိုရီးယား ပို့ကုန်တင်ပို့သူများမှ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် (Free Trade Agreement - FTA) များကို ထိရောက် စွာ အသုံးပြု၍ ပို့ကုန်များ ပိုမိုတိုးချဲ့တင်ပို့နိုင်ကာ အကျိုးအမြတ်ပိုမိုရရှိစေရေး ရည်ရွယ်၍ FTA အထောက်အကူပြုစင်တာအသစ်များကို ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း၊ အဆိုပါ အစီအစဉ်အရ တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် အရှေ့တောင်အာရှဒေသ အတွင်း FTA အထောက်အကူပြု စင်တာများ ဖွင့်လှစ်ရန်နှင့် စိတ်ကြိုက် ညှိနှိုင်းဆွေးနွေးခြင်း အစီအစဉ်များကို ပြုလုပ်ရန်အတွက် ကိုရီယားဝမ် ၁၁.၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၀.၄ သန်း) သုံးစွဲရန် စီစဉ်လျက်ရှိကြောင်း ကိုရီးယားသမ္မတနိုင်ငံ၊ ကုန်သွယ်ရေး စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့ပါသည်။

***Source: Ministry of Trade, Industry and Energy, Korea Custom Services, Ministry of Land, Infrastructure and Transport, The Korea Times, The Korea Herald, Yonhap News***

## ၂၀၂၀-၂၀၂၁ ခုနှစ်တွင် သကြားဝယ်လိုအားနှင့် ရောင်းလိုအားမညီမျှမှုကြောင့် သကြားလိုအပ်ချက် မက်ထရစ်တန်ချိန် ၂.၈ သန်းခန့်ဖြစ်ပေါ်နိုင်

ကမ္ဘာ့နိုင်ငံများအနေဖြင့် ကိုဗစ် ၁၉ ကပ်ရောဂါမှ ပြန်လည်နာလန်ထူလာနိုင်သည့် အခြေအနေကြောင့် သကြားဈေးနှုန်းမှာလည်းမြင့်တက်လာပြီး၊ ခြောက်သွေ့သော ရာသီဥတုအခြေအနေနှင့် ထုတ်လုပ်မှုနည်းပါးခြင်းတို့မှာ ကမ္ဘာ့သကြား ရောင်းလိုအားအပေါ် အကြပ်အတည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ ရေနံဈေးနှုန်း မြင့်တက်မှုကြောင့် အစားထိုးကုန်စည်အဖြစ် ကြံမှ ထုတ်လုပ်သော အီသနောဝယ်လိုအား မြင့်တက်ခဲ့ခြင်းလည်း သကြားဈေးနှုန်းကို မြင့်တက်စေခဲ့ကြောင်း၊ နယူးယောက်တွင် ၂၂-၂-၂၀၂၁ ရက်နေ့၌ ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့သကြား ကုန်ကြမ်း (No. 11 Futures) ကြိုရောင်း/ ဝယ် အစုရှယ်ယာဈေးနှုန်း သည် (၄) နှစ် အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပြီး၊ ဈေးနှုန်းပိုမိုမြင့်တက်လာမည့် အရိပ်လက္ခဏာများကိုလည်း မြင်တွေ့နေရသည်ဟု ဈေးကွက် ကျွမ်းကျင်သူများက သုံးသပ်ကြပါသည်။

သကြားစားသုံးမှုသည် ကိုဗစ် ၁၉ ကပ်ရောဂါ မဖြစ်ပွားမီကာလများတွင် စားသုံးခဲ့သည့် ပမာဏသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိလာသည်ကို မြင်တွေ့ရသော်လည်း၊ ထိုင်းနိုင်ငံတွင် ကြံစိုက်ပျိုးမှု လျော့နည်းခဲ့ခြင်းနှင့် ဘရာဇီးနိုင်ငံမှ သကြားတင်ပို့မှုအခြေအနေ နှေးကွေးနေခြင်းတို့မှာ သကြားဈေးကွက်အပေါ် ရိုက်ခတ်လာနေကြောင်း၊ လက်ရှိအနေအထားမှာ ကမ္ဘာ့သကြားကုန်လက်ကျန် ကျဆင်းနေပြီး၊ သကြား တင်ပို့တင်သွင်းမှု ဆက်လက်ပြုလုပ်နိုင်စေရန် အတွက် ဈေးနှုန်းအမြင့်ဖြင့် ပေးချေရမည့် အခြေအနေရှိကြောင်း၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန် လုပ်ငန်းများအား ငွေကြေးဝန်ဆောင်မှုပေးသည့် ကုမ္ပဏီဖြစ်သည့် နယ်သာလန်အခြေစိုက် Rabobank ၏ ခန့်မှန်းချက်အရ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် သကြားဝယ်လိုအားနှင့် ရောင်းလိုအား မညီမျှမှုကြောင့် ကမ္ဘာ့သကြား လိုအပ်ချက်သည် မက်ထရစ်တန်ချိန် ၂.၈ သန်းခန့် ဖြစ်ပေါ်နိုင်ကြောင်း၊ ဤခန့်မှန်းချက်မှာ အိန္ဒိယ၊ ထိုင်းနှင့် ဥရောပနိုင်ငံများက သကြားထုတ်လုပ်မှု လျှော့ချခဲ့ပြီး နောက်ပိုင်းတွင် ပြန်လည်ပြင်ဆင် ခန့်မှန်းခဲ့ခြင်း ဖြစ်ပြီး၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာတွင် ၎င်း၏ ကြိုတင်ခန့်မှန်းချက်ဖြစ်သည့် မက်ထရစ် တန်ချိန် ၀.၃ သန်းထက် ပမာဏတိုးမြင့်လိုက်ခြင်း ဖြစ်ကြောင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ကမ္ဘာ့သကြား ပိုလျှံမှုသည် မက်ထရစ်တန်ချိန် ၄၄၅,၀၀၀ ခန့် ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။

ဝယ်လိုအားအခြေအနေမှာ ကမ္ဘာ့နိုင်ငံများသည် New Normal ပုံစံအသစ်ဖြင့် နေထိုင် သွားလာလုပ်ရှားရမှုများနှင့် နေသားကျလာပြီး ဖြစ်၍ သကြားစားသုံးမှု မြင့်တက်လာမည်ဟု ခန့်မှန်းထားကြသော်လည်း၊ တင်ပို့ရန် ကုန်သေတ္တာများကို လိုအပ်သလို မရရှိနိုင်ခြင်းနှင့် နိုင်ငံအချို့တွင် ကိုဗစ် ၁၉ ထိန်းချုပ်ရေး အစီအစဉ်များကို ပြန်လည်ချမှတ် ဆောင်ရွက်လာရခြင်းစသည့် လတ်တလော ဖြစ်ပေါ်ပြောင်းလဲလာသော အခြေအနေများသည် သကြားဈေးကွက်တွင် မသေချာမှုများလည်း ရှိနေသေးသည်ဟု ဈေးကွက် စောင့်ကြည့်သူ အချို့က သုံးသပ်ကြပါသည်။

မလေးရှားအခြေစိုက် MSM Malaysia Holdings သကြား သန့်စင်ရေးလုပ်ငန်း ဆောင်ရွက်သော ကုမ္ပဏီသည် သကြားဈေးနှုန်းတဖြည်းဖြည်း မြင့်တက်လာနေသည့် အခြေအနေကြောင့် တရုတ်၊ ဗီယက်နမ်၊ စင်ကာပူနှင့် တောင်ကိုရီးယားနိုင်ငံများရှိ ၎င်း၏ လုပ်ငန်းခွဲများကို လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပြီး၊ အင်ဒိုနီးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ လုပ်ငန်းသစ်များ တိုးချဲ့ရင်းနှီးမြှုပ်နှံနိုင်ရန် စောင့်ကြည့်လေ့လာလျက်ရှိကြောင်း သိရှိရပါသည်။

Source: The Business Times

## ကမ္ဘာ့ကော်ဖီစေ့ကုန်လက်ကျန် လျော့နည်းလျက်ရှိ

သဘော်ာဖြင့် ကုန်ပစ္စည်းတင်ပို့ရာ၌ ကုန်သေတ္တာများ ပြတ်လပ်မှု ဖြစ်ပေါ်နေသည့်အတွက် ကမ္ဘာ့စားနပ်ရိက္ခာကုန်သွယ်မှုတွင် ကမောက်ကမ ဖြစ်ပေါ်လျက်ရှိပြီး၊ အမေရိကန်နိုင်ငံတွင် ကော်ဖီစေ့တင်ပို့ ရောင်းချမှု ကျဆင်းလာကာ လက်ကားဈေးနှုန်းများ မြင့်တက် လျက်ရှိကြောင်း၊ အမေရိကန်နိုင်ငံ၏ ကော်ဖီစေ့ ကုန်လက်ကျန်အခြေအနေမှာလည်း ၆ နှစ်အတွင်း အနည်းဆုံးအဆင့်သို့ ရောက်ရှိနေကြောင်း၊ ကမ္ဘာ့ကော်ဖီစေ့ဝယ်လိုအား ပြန်လည်မြင့်တက်လာသော်လည်း ဘရာဇီးနိုင်ငံတွင် မိုးခေါင်မှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ကော်ဖီအထွက်နှုန်း အလွန်အမင်း ကျဆင်းခဲ့သည့်အတွက် လာမည့်လများအတွင်း ကမ္ဘာ့ကော်ဖီစေ့ ကုန်လက်ကျန်အခြေအနေမှာ ဝယ်လိုအားအပေါ် ဖြည့်ဆည်း ရောင်းချပေးနိုင်မည့် အခြေအနေ မရှိကြောင်း The Strait Time သတင်းစာ ၌ ဖော်ပြထားသည်။

လက်တင်အမရိကနိုင်ငံများမှ သဘော်ာတင်ပို့မှုစရိတ် နှစ်ဆကျော် မြင့်တက်လာသော အခြေအနေမှာ ကုန်သေတ္တာပို့ဆောင်မှုအပေါ် တွန့်ဆုတ်သွားစေသော အကြောင်းပြချက် တစ်ခုဖြစ်လာသည်ဟု အမေရိကန်၊ ဖလော်ရီဒါပြည်နယ်ရှိ ကော်ဖီစေ့ တင်သွင်း သည့် “Wolthers Douque” ကုမ္ပဏီ၏ ဥက္ကဋ္ဌ ChristianWolthersကပြောကြားခဲ့သည်။ နိုင်ငံတကာတွင် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့၍ စီးပွားရေး လုပ်ဆောင်ချက်များအား ပြန်လည်ခွင့်ပြုလာကြသဖြင့် ကော်ဖီဈေးကွက်တွင်လည်း ဈေးနှုန်းအတက်ဘက်သို့ ဦးတည်လာကြောင်း၊ လက်ရှိအခြေအနေမှာ ကော်ဖီစေ့လှော်သည့် လုပ်ငန်းများ အနေဖြင့် ဈေးနှုန်းတိုးမြှင့်မှုများ မပြုလုပ်သေးဘဲ ကုန်လက်ကျန်များကို ထုတ်ယူသုံးစွဲလျက်ရှိကြောင်း၊ သို့ရာတွင် ကုန်လက်ကျန်လျော့နည်း လာသည်နှင့်အမျှ ဘရာဇီးနိုင်ငံမှလည်း တင်သွင်းနိုင်မှု ကျဆင်းမည်ဆိုပါက ဈေးနှုန်းအပေါ် သက်ရောက်လာမည်ဟု သုံးသပ် ထားပါသည်။

ကော်ဖီစေ့တင်ပို့ရန် ကုန်သေတ္တာများကို စောင့်ဆိုင်းနေရသည့်အတွက် ကုန်တင်ပို့မှု အပိုင်းတွင် တုံ့ဆိုင်းလျက်ရှိသည်ဟု ဘရာဇီးနိုင်ငံ၏ အကြီးဆုံးကော်ဖီသိုလှောင်ရုံလုပ်ငန်း Dinamo က ပြောကြားခဲ့ပြီး၊ ဘရာဇီးနိုင်ငံ၏ Minas Gerais ပြည်နယ်ရှိ ကော်ဖီအဓိက စိုက်ပျိုးသည့်ဒေသတွင် ၎င်း၏လုပ်ငန်းခွဲတစ်ခုမှာ ကုန်သေတ္တာအခွံလွတ် ၁၈ လုံးရရှိရန် စောင့်ဆိုင်းနေရဆဲဖြစ်ပြီး၊ ဆိပ်ကမ်းများတွင် ဖြစ်ပေါ်နေသော အခက်အခဲများကြောင့် နောက်ထပ် ၁၅ ရက်ခန့် စောင့်ဆိုင်းရဖွယ်ရှိကြောင်း ပြောကြားပါသည်။

ရာသီဥတု ဆိုးရွားမှုကြောင့် ဘရာဇီး အာရေဘီကာကော်ဖီ အထွက်နှုန်းအပေါ် ထိခိုက်မှုဖြစ်ပေါ်ခဲ့ပြီး၊ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ကော်ဖီစေ့လိုအပ်ချက်မှာ အိတ်ပေါင်း ၁၀.၇ သန်းအထိ ရောက်ရှိနိုင်ကြောင်း၊ နယူးယောက်စတော့ခ်အိတ်ချိန်းတွင် အာရေဘီကာ ကော်ဖီ၏ Futures ဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလကုန်ပိုင်းမှစ၍ ၂၄ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း သိရှိရပါသည်။

Source: The Strait Times

## စင်ကာပူနိုင်ငံရဲ့သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ ဖြန့်ဖြူးရောင်းချရာ “ Pasir Panjang Wholesale Centre”

Pasir Panjang Wholesale Centre သည် စင်ကာပူအစိုးရမှ မတည်ရင်းနှီး တည်ဆောက် ခဲ့သော အစိုးရပိုင် Centre တစ်ခုဖြစ်ပြီး၊ လက်ရှိတွင် စင်ကာပူသို့ တင်သွင်းလာသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၏ ၄၀ ရာခိုင်နှုန်းခန့်မှာ ဤ Centre မှတစ်ဆင့် ပြည်တွင်း လက်လီဈေးကွက်သို့ ဆက်လက်ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်းနှင့်ကျန် ၆၀ ရာခိုင်နှုန်းမှာ Centre ပြင်ပရှိ ပုဂ္ဂလိကလုပ်ငန်းပိုင်၊ ကိုယ်ပိုင်သိုလှောင်ရုံများမှတစ်ဆင့်ဖြန့်ဖြူးရောင်းချ လျက်ရှိသည်။

Pasir Panjang Wholesale Centre သည် စင်ကာပူနိုင်ငံ၏ တောင်ဘက် ကမ်းရိုးတန်းတွင် တည်ဆောက်ထားသော Pasir Panjang ဆိပ်ကမ်း terminal ၏ မြောက်ဘက် ကပ်လျက်တွင်တည်ရှိပြီး စင်ကာပူချန်ဂီလေဆိပ်မှ ကီလိုမီတာ ၃၀ ခန့် အကွာအဝေးတွင် တည်ရှိပြီး အကျယ်အဝန်းမှာ ၁၅.၂ ဟက်တာခန့် ရှိသည်။

အဆိုပါ Centre ကို စင်ကာပူနိုင်ငံ Ministry of Sustainability and the Environment လက်အောက် ရှိ အစိုးရဌာနတစ်ခုဖြစ်သည့် စင်ကာပူ စားသောက်ကုန်အေဂျင်စီ (Singapore Food Agency-SFA) မှ စီမံခန့်ခွဲပြီး ယင်း SFA သည် CBM Pte Ltd ကုမ္ပဏီအားCentreစီမံခန့်ခွဲရေးကိုယ်စားလှယ်အဖြစ်လုပ်ငန်းဆောင်ရွက်ခွင့်ပြုထားပါသည်။ အဆိုပါCentreအတွင်းရှိ အဆောက်အဦများကို Block ၂၆ ခု ဖြင့် အောက်ပါအတိုင်း ပိုင်းခြားသတ်မှတ်ထားပါသည်။

အဆိုပါ Centre ရှိ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့်ကုန်ခြောက်ပစ္စည်းရောင်းချရန် သတ်မှတ်ထားသော Block များတွင် ကုမ္ပဏီများ၏ အရောင်းဆိုင်ခန်းများ၊ဆိုင်ခန်းငယ်များရှိပြီးလက်ကား ရောင်းချခြင်းသာမကလက်လီရောင်းချခြင်းများလည်း ရှိသည်။ ရုံးခန်း၊ ဆိုင်ခန်း၊ အအေးခန်း စသည်တို့ကို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများမှ ငှားရမ်းမှု စနစ်ဖြင့် အသုံးပြုဆောင်ရွက်ပြီး အချို့မှ ယာယီနေထိုင်ခွင့် လိုင်စင်များဖြင့် Centre တွင် နေထိုင်ကြသည်။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ သိုလှောင်သည့် အအေးခန်းအဆောက်အဦတွင် အအေးခန်း ၁ ခန်းငှားရမ်းခနှုန်းထားမှာ ၁ လလျှင် စင်ကာပူဒေါ်လာ ၁၀,၀၀၀ အနည်းဆုံးပေးချေရပြီး လက်ရှိတွင် ကြက်သွန်နီအားအိန္ဒိယ၊တရုတ်၊ဟော်လန်၊ သြစတြေးလျနှင့် ပါကစ္စတန်နိုင်ငံများမှ အများဆုံး တင်သွင်းလျက် ရှိသည်။

စင်ကာပူ စားသောက်ကုန် အေဂျင်စီ (Singapore Food Agency-SFA) သည် စားသောက်ကုန်စည်းမျဉ်းများ (Food Regulations ) သို့မဟုတ် Joint FAO/WHO Codex Alimentarius Commission မှ သတ်မှတ်ထားသောပိုးသတ်ဆေးနှင့်အဆိပ်အတောက်ဖြစ်စေသော ဓာတုဆေးအကြွင်း အကျန်များ ပါဝင်မှု သတ်မှတ်ချက်များနှင့်အညီ ကြပ်မတ် ဆောင်ရွက်လျက်ရှိပြီး စားသုံးရန် ဘေးကင်းလုံခြုံမှုရှိစေရေး ကြပ်မတ်စစ်ဆေးခြင်းမှအပ တင်သွင်းမှုနှင့် စပ်လျဉ်း၍ တင်းကြပ်သော စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားခြင်းမရှိပါ။ အဆိုပါဈေးကွက်သည် ဝယ်လိုအားရှိသော ဈေးကွက်တစ်ခု ဖြစ်ပြီး importer အများစုသည်ကုန်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်းတို့မှ တစ်ဆင့် စင်ကာပူသို့တင်သွင်းလာသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များအား စင်တာ သို့မဟုတ် အခြားနေရာများရှိ ပုဂ္ဂလိကလုပ်ငန်းပိုင်/ ကိုယ်ပိုင် အအေးခန်း သိုလှောင်ရုံများသို့ ပို့ဆောင် ကြပါသည်။ ထိုမှတစ်ဆင့်အပူချိန်ထိန်းညှိရန် လိုအပ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် အမျိုးအစားများအတွက် အအေးခန်းပါသည့် ကုန်တင်ယာဉ်များဖြင့် Super-market၊ ကုန်စိမ်းဈေးနှင့် ဈေးဆိုင်များသို့ ဖြန့်ဖြူးခြင်း Cold Chain Distribution System အား အသုံးပြုဆောင်ရွက်လျက် ရှိပါသည်။

Source: study report of Singapore Economic Attaché

## တောင်ကိုရီးယားနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ

**The Korean New Deal စီမံကိန်း**

ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် COVID-19 အလွန်ကာလတွင်စီးပွားရေးအရှိန်အဟုန်ဖြင့် ပြန်လည် နာလန်ထူ တိုးတက်စေရေးနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ ဖြစ်သော ပြင်သစ်၊ အမေရိကန်၊ တရုတ်နိုင်ငံတို့၏ COVID-19 အလွန် ကာလ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများအပါအဝင် နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်မှု စွမ်းအား တိုးတက်စေရန် ရည်ရွယ်၍ **The Korean New Deal** စီမံကိန်းများကိုရေးဆွဲဆောင်ရွက်ခဲ့ ကြောင်း၊ စီးပွားရေး လျှင်မြန်စွာတိုးတက်လျက် ကမ္ဘာ့ ရှေ့ဆောင် နိုင်ငံတစ်နိုင်ငံဖြစ်စေရေး၊ ကာဗွန်လျော့ချ သည့် စီးပွားရေး ဝန်းကျင်တစ်ရပ် ထူထောင်ရေး၊ အလုံးစုံပါဝင်သည့် စီးပွားရေးအသိုက်အဝန်း တည် ထောင်ရေးတို့ကို ဦးတည်လျက် ၂၀၂၅ ခုနှစ် အထိ (၁၆၀) ထရီလီယံ ( အစိုးရရန်ပုံငွေ ဝမ် ၁၁၄ ထရီလီယံ အပါအဝင်) အသုံးပြု၍ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး၊ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁.၉ သန်း ဖန်တီး ပေးနိုင်ရန် မျှော်မှန်းထားကြောင်း၊ စီမံကိန်းများကို Digital New Deal နှင့် Green New Deal ဟူ၍ ခွဲခြားထားပြီး၊ Digital New Deal အတွက် ကိုရီးယား ဝမ် (၅.၈) ထရီလီယမ်/ အလုပ်အကိုင်အခွင့်အလမ်း (၉၀၀,၀၀၀)၊ Green New Deal အတွက် ကိုရီးယား ဝမ် (၇၄) ထရီလီယမ်/ အလုပ်အကိုင်အခွင့်အလမ်း (၆၆၀,၀၀၀)၊ ထို့ပြင် လူမှုအသိုက်အဝန်းကွန်ရက် လုံခြုံရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် ရေးတို့အတွက် ကိုရီးယားဝမ်း (၂၈) ထရီလီယမ်/ အလုပ်အကိုင် အခွင့်အလမ်း(၃၄၀,၀၀၀)ခန့်ကို ဖန်တီး ပံ့ပိုး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရှိရပါ သည်။

The Korean New Deal စီမံကိန်း အကောင် အထည်ဖော်မှုအနေဖြင့် ဘဏ္ဍာရေး ကျောထောက် နောက်ခံ ပံ့ပိုးပေးခြင်း၊ မူဝါဒများကို လိုအပ်သကဲ့သို့ မွမ်းမံပြင်ဆင်ခြင်း၊ New Deal Fund ထူထောင်ခြင်း၊ ဒေသအလိုက် လိုအပ်ချက်ပေါ် မူတည်၍ စီမံကိန်းများ ပံ့ပိုးဆောင်ရွက်ပေးခြင်းတို့ကို ပုဂ္ဂလိကကဏ္ဍနှင့် ပြည်နယ်အစိုးရ အာဏာပိုင်တို့ ပူးပေါင်း၍ အကောင် အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

**Knowledge Sharing Program (KSP) အစီအစဉ်**

ယင်းအစီအစဉ်သည် တောင်ကိုရီးယားနိုင်ငံ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (MOEF) မှ ၂၀၀၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသိပညာမျှဝေ သည့် အစီအစဉ်ဖြစ်ပြီး၊ ၂၀၀၄ ခုနှစ်တွင် စီမံကိန်း (၁၁) ခုဖြင့် စတင်ခဲ့ရာမှ ၂၀၂၀ ခုနှစ်အထိ စီမံကိန်း ပေါင်း (၁၂၇၈) ခုကို အကောင်အထည်ဖော်နိုင်ခဲ့ပြီ ဖြစ် ကြောင်း၊ အဓိကအားဖြင့် မူဝါဒသုတေသန၊ နှစ်နိုင်ငံ/ နိုင်ငံတကာအဆင့်မြင့် မူဝါဒရေးရာ ဆွေးနွေးမှုများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး အရည် အသွေးမြှင့်တင်မှု အစီအစဉ်များကို ပံ့ပိုးပေး လျက်ရှိ ကြောင်း၊ KSP အစီအစဉ်များအနေဖြင့် အရှေ့ တောင် အာရှဒေသ၊ တောင်အာရှဒေသနှင့် အရှေ့မြောက် အာရှဒေသတို့တွင် (၄၅၄) ခု၊ ဥရောပနှင့် အာရှ အလယ်ပိုင်းဒေသတို့တွင် (၂၃၄) ခု၊ အရှေ့ အလယ် ပိုင်းဒေသနှင့် မြောက်အာဖရိကဒေသ တို့တွင် (၁၄၁)ခု ၊ လက်တင်အမေရိကနှင့် the Caribbean ဒေသတို့ တွင် (၂၉၇) ခု၊ Sub-saharan Africa ဒေသ တွင် (၁၅၀) ခု အသီးသီးအကောင်အထည်ဖော်ခဲ့ပြီး ဖြစ်ပါ သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် KSP အစီ အစဉ်၏ အချိန်ကာလအနေဖြင့် တစ်နှစ်ခွဲခန့်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် စတင်ကာ ၂၀၂၁ ခုနှစ် နိုဝင်ဘာလခန့်တွင် ပြီးစီးမည် ဖြစ်သည်။

**Economic Innovation Partnership Program (EIPP)**

ယင်းအစီအစဉ်သည် အဆင့်မြှင့်တင်ထားသော KSP Model (2.0) ဖြစ်ပြီး သက်ဆိုင်ရာ မိတ်ဖက်နိုင်ငံများသို့ လိုအပ်သည့် အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းများပံ့ပိုးပေးမှုမှသည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု စီးပွားရေး မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်စေရေး ဆောင်ရွက်သော စီမံကိန်းများဖြစ်ပါသည်။ KSP စီမံကိန်းများ၏ ကာလသည် ၁ နှစ်ဝန်းကျင်ဖြစ်ပြီး၊ EIPP စီမံကိန်းများ၏ ကာလသည် ၃ နှစ်နှင့် အထက် ဖြစ်ကြောင်း၊ Smart Cities ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ Digital New Deal ၊ Green New Deal ဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ စီးပွားရေးစဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးရေးအတွက် မူဝါဒပိုင်းဆိုင်ရာ အကြံဉာဏ်ပေးခြင်းများကို အဓိက ဦးတည်ဆောင်ရွက်သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်မည့် KSP/ EIPP စီမံကိန်းများအတွက် တောင်ကိုရီးယားနိုင်ငံ၊ MOEF ၏ မိတ်ဖက်ဝန်ကြီးဌာနများလက်အောက်ရှိ ODA ဆိုင်ရာအဖွဲ့အစည်း/ ဌာနများသည် ၂၀၂၁ ခုနှစ်၊ ဒုတိယနှစ်ဝက်ကာလ (ဇူလိုင်လ) တွင် Project Proposal များကို ပေးပို့လျှောက်ထားနိုင်ပြီး အဆင့်ဆင့် ရွေးချယ်မှုများပြုလုပ်၍ ၂၀၂၂ ခုနှစ်၊ နှစ်ဆန်းတွင် ရွေးချယ်မှုများကို ကြေညာမည်ဖြစ်ကာ ၂၀၂၃ ခုနှစ်တွင် စီမံကိန်းများ စတင်မည်ဖြစ်သည်။

Source: Discussions Points of 2nd Briefing on the Korean Economy meeting.

## ထိုင်းနိုင်ငံတွင် COVID-19 ကပ်ရောဂါဖြစ်ပွားနေသော်လည်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) လျှောက်ထားမှုတန်ဖိုးမြင့်တက်

COVID-19 ကပ်ရောဂါဖြစ်ပွားနေသော်လည်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI) သည် တိုးတက်နေကြောင်းနှင့် ပထမ(၃)လပတ်အတွင်း ရင်းနှီးမြှုပ်နှံမှုအတွက် လျှောက်ထားမှုတန်ဖိုး (Value) မှာ နှစ်အလိုက်တွင် (၁၄၃% ) တိုးတက်လာကြောင်း သိရှိရပါသည်။ ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့၏ ဒုတိယ အတွင်းရေးမှူးချုပ် Narit Therdsteerasukdi က အဆိုပါကာလအတွင်း FDI အတွက်တင်သွင်းသော လျှောက်ထားလွှာမှာ စုစုပေါင်းအားဖြင့် စီမံကိန်းပေါင်း (၁၉၁) ခုရှိကြောင်း၊ ၎င်းမှာ နှစ်အလိုက်တွင် (၂၃၁) ခုမှနေ၍ ကျဆင်းသွားခြင်း ဖြစ်ကြောင်း၊ ရာခိုင်နှုန်းအားဖြင့်ဆိုပါက (၁၇%) ကျဆင်းသွားခြင်း ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ သို့ရာတွင် ရင်းနှီးမြှုပ်နှံမှု ဘတ်ငွေ (၂၅.၆) ဘီလီယံမှနေ၍ ယခုနှစ် အတွက် ဘတ်ငွေ (၆၂) ဘီလီယံသို့ တိုးတက်ရရှိခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ပထမ(၃) လပတ်တွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အတွက် လျှောက်ထားမှုမှာ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ၏ (၄၈%) ရှိကြောင်း၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI) တန်ဖိုး (၁၂၃) ဘီလီယံ၏ (၅၀%) ရှိကြောင်း သိရှိရပါသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အတွက် လျှောက်ထားမှုများတွင် အဓိကအားဖြင့် Electrical Electronic Industry များမှာ အများဆုံးဖြစ်ပြီး စီမံကိန်းပေါင်း (၅၂) ခု ရှိကြောင်း၊ ၎င်းမှာ စုစုပေါင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) လျှောက်ထားမှုများ၏ (၂၇%) ရှိကြောင်း၊ ၎င်းနောက်တွင် သတ္တုထုတ်ကုန် Metal Product ထုတ်လုပ် သည့် လုပ်ငန်းများမှာ စီမံကိန်း (၄၅) ခု ရှိကြောင်း၊ စက်ကိရိယာ Machinery နှင့် သယ်ယူပို့ဆောင်ရေး ပစ္စည်းကိရိယာ Transport Equipment ထုတ်လုပ်သည့်လုပ်ငန်းမှာ (၂၄ %) ရှိကြောင်း သိရှိရပါသည်။

Me. Narit က တန်ဖိုးငွေဘတ် (၄၇) ဘီလီယံရှိသည့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI) လျှောက်ထားမှု (၁၅၄) ခုမှာ လက်ရှိ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကိုတိုးချဲ့သည့် စီမံကိန်းများဖြစ်ကြောင်း၊ ၎င်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ထိုင်းနိုင်ငံအပေါ် ဆက်လက်၍ ယုံကြည်မှုရှိနေကြောင်းကို ပြသနေခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအရ တောင်ကိုရီးယားကုမ္ပဏီများသည် ပထမ (၃) လပတ်တွင် စီမံကိန်း (၈) ခုအတွက် ဘတ်ငွေ (၁၀.၄၅) ဘီလီယံဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) လျှောက်ထားမှုတွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံအနေဖြင့် စီမံကိန်းပေါင်း (၃၇) ခု၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၁၀.၄) ဘီလီယံဖြင့် ဒုတိယ နေရာတွင်ရှိနေကြောင်း၊ စင်ကာပူနိုင်ငံအနေဖြင့် စီမံကိန်း (၂၈) ခု၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၁၀.၃) ဘီလီယံဖြင့် တတိယနေရာတွင်ရှိနေကြောင်း၊ နော်ဝေနိုင်ငံအနေဖြင့် စီမံကိန်း (၁) ခု၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၁၀) ဘီလီယံဖြင့် စတုတ္ထနေရာတွင် ရှိနေကြောင်း၊ ဟောင်ကောင်အနေဖြင့် စီမံကိန်း (၁၆) ခု၊ တန်ဖိုး အားဖြင့် ဘတ်ငွေ (၆.၂၇) ဘီလီယံဖြင့် ပဉ္စမနေရာတွင် ရှိနေကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် စီမံကိန်းပေါင်း (၃၃) ခု၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၄.၁၆) ဘီလီယံဖြင့် ဆဋ္ဌမနေရာတွင် ရှိနေကြောင်း သိရှိရပါသည်။

ကျန်ရှိသော ရင်းနှီးမြှုပ်နှံမှု လျှောက်ထားမှုများတွင် ထိုင်ဝမ်နိုင်ငံ စီမံကိန်း (၁၃) ခု၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၃.၆၉) ဘီလီယံ၊ နယ်သာလန်နိုင်ငံ စီမံကိန်း (၁၄) ခု၊ တန်ဖိုးအား ဖြင့် ဘတ်ငွေ (၃.၆၅) ဘီလီယံ၊ အမေရိကန်နိုင်ငံ စီမံကိန်း (၉) ခု၊ တန်ဖိုး

အားဖြင့် ဘတ်ငွေ (၃.၂၈) ဘီလီယံ၊ လူဇင်ဘတ်နိုင်ငံ စီမံကိန်း (၅) ခု၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၁.၇၃) ဘီလီယံ တို့ဖြစ်ကြကြောင်း သိရှိရပါသည်။

အစိုးရက ပစ်မှတ်ထားရည်မှန်းထားသည့် ကဏ္ဍများအရ ဒီဂျစ်တယ်လုပ်ငန်း Industry မှာ စီမံကိန်း (၂၅)ခု၊ တန်ဖိုးအားဖြင့် ဘတ်ငွေသန်း (၁၆၀) ၊ ဆေးဖက်ဆိုင်ရာ လုပ်ငန်း Medical Industry မှာ စီမံကိန်း (၁၄)ခု၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၁၃.၄) ဘီလီယံ၊ Petro Chemical and Chemicals လုပ်ငန်းများမှာ စီမံကိန်း(၁၃)ခု၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၅.၈၆) ဘီလီယံ၊ Automation and Robotic လုပ်ငန်းတို့တွင် စီမံကိန်း (၁)ခု၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၃) သန်း တို့ဖြစ်ကြောင်း သိရှိရပါသည်။ လေကြောင်းလုပ်ငန်း Aviation Industry တွင် စီမံကိန်း (၁) ခု၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၉၇) သန်း၊ Bio-Economy တွင် စီမံကိန်း (၁)ခု၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၁၇)သန်း၊ Electrical Electronic လုပ်ငန်း တွင် စီမံကိန်း (၂၇)ခု၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၁၄.၆) ဘီလီယံ ၊ Automobile and Parts တွင် စီမံကိန်း (၂၃)ခု၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၇.၄၉) ဘီလီယံ၊ ခရီးသွားလုပ်ငန်းတွင် စီမံကိန်း (၂)ခု၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၈.၁၇) ဘီလီယံ၊ Farm and Food Processing လုပ်ငန်းများတွင် စီမံကိန်း (၁၉) ခု၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၄.၂၃) ဘီလီယံတို့ ထည့်ဝင်ထားကြောင်း သိရှိရပါသည်။

ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ (BOI) မှ ပထမ (၃) လအတွင်း အတည်ပြုထားသော လျှောက်ထားမှု စီမံကိန်းစုစုပေါင်း (၂၀၈) ခုရှိကြောင်း၊ ၎င်းမှာ ယမန်နှစ်ကာလတူတွင် ရှိခဲ့သော စီမံကိန်းပေါင်း (၂၇၇) ခု ထက် (၂၅%) လျှော့နည်းသွားခြင်းဖြစ် ကြောင်းသိရှိရပါသည်။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ဘတ်ငွေ (၆၂.၅) ဘီလီယံရှိခဲ့ပြီး ၎င်းမှာ ယမန်နှစ်ကာလတူက ရှိခဲ့သော ဘတ်ငွေ (၇၀) ဘီလီယံထက် (၁၁%) ကျဆင်းသွားခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ဂျပန်နိုင်ငံ အနေဖြင့် အတည်ပြုထားသော ရင်းနှီးမြှုပ်နှံမှု စီမံကိန်း (၅၇) ခု၊ တန်ဖိုးအားဖြင့် (၁၄.၄) ဘီလီယံဖြင့် ထိပ်ဆုံးတွင် ရှိနေကြောင်း၊ ၎င်းနောက်တွင် တရုတ် နိုင်ငံမှ စီမံကိန်း (၂၅) ခု၊ တန်ဖိုးအားဖြင့် (၁၄.၂) ဘီလီယံ ဖြင့်ရှိနေကြောင်း၊ ၎င်းနောက်တွင် တောင်ကိုရီးယားမှ စီမံကိန်း (၄) ခု၊ တန်ဖိုးအားဖြင့် (၁၀.၄) ဘီလီယံ ဖြင့်ရှိနေကြောင်း၊ ဆက်လက်ပြီး နော်ဝေမှ စီမံကိန်း (၁)ခု၊ တန်ဖိုးအားဖြင့် (၁) ဘီလီယံဖြင့် လည်းကောင်း၊ ဟောင်ကောင်မှ စီမံကိန်း (၁၈) ခု၊ တန်ဖိုးအားဖြင့် (၉.၇၁) ဘီလီယံဖြင့် ရှိနေကြောင်း သိရှိရပါသည်။

Source: Report of Thai Economic Attaché

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် COVID-19 ကမ္ဘာ့ကပ်ရောဂါကာလအတွင်း စီးပွားရေးဆိုင်ရာ အချက်အလက်များ

ကမ္ဘာ့စီးပွားရေး ဒုတိယအကြီးဆုံးနိုင်ငံ ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နိုင်ငံအတွင်း ၂၀၁၉ ခုနှစ်၊ဒီဇင်ဘာလနှောင်းပိုင်းကာလများအတွင်း စတင်ဖြစ်ပွားခဲ့သည့် COVID-19 ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု ကာကွယ်ထိန်ချုပ်နိုင်ရန် လိုအပ်သည့် စီမံဆောင်ရွက်မှုများ စနစ်တကျချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံအတွင်း COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ထိခိုက်ခံခဲ့ရ သည့် လုပ်ငန်းများအပေါ် လိုအပ်သည့် ကူညီထောက်ပံ့မှုများ၊ ဖြေလျှော့ပေးမှုများ အပါအဝင် နိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာစေမည့် စီမံဆောင်ရွက်မှုများ စနစ်တကျချမှတ်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ရာ တရုတ်နိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဒုတိယလေးလပတ်ကာလမှစတင်၍ နိုင်ငံ၏ အဓိက စီးပွားရေး အညွှန်းကိန်းများ ဖြစ်သည့် ပြည်တွင်း သုံးစွဲမှု၊ လက်လီရောင်းချမှု၊ စက်မှုလုပ်ငန်းများမှ ထုတ်လုပ်ထွက်ရှိမှု၊ ရင်းနှီးမြှုပ်နှံမှုအပါအဝင် ဆက်စပ် အညွှန်းကိန်းများ မျှော်မှန်းထားသည်ထက် တိုးတက် ဖွံ့ဖြိုးလာခဲ့ပြီး ၂၀၂၀ ပြည့်နှစ်အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့် တစ်ခုတည်းသောနိုင်ငံအဖြစ်သို့ ရောက်ရှိလာခဲ့သည်။

**စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာစေရေး အစိုးရ၏ မူဝါဒနှင့် ဝန်ကြီးဌာနများ၏ လုပ်ဆောင်ချက်များ**

နိုင်ငံအတွင်း COVID-19 ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုများကြောင့် ထိခိုက်ခြင်း ခံခဲ့ရသည့် လုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် လိုအပ်သည့် စီမံဆောင်ရွက်မှုများအား လိုက်ပါ ဆောင်ရွက်ပေးခဲ့သည်။

**တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည်** မရှိမဖြစ်လိုအပ်သည့် ပစ္စည်းများရောင်းချပေးခြင်း၊ သယ်ယူပို့ဆောင်သည့်လုပ်ငန်းများ၊ အီလက်ထရောနစ်စနစ် (e-commerce) ကုန်စည် ရောင်းချသည့် လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာ၌ ရောဂါကာကွယ်နိုင်မည့် ပစ္စည်းများ အသုံးပြုဆောင်ရွက်စေခြင်း၊ နိုင်ငံအတွင်းရှိ နိုင်ငံခြားကုမ္ပဏီများ အတွက် ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးခြင်း တို့ကို ဆောင်ရွက်ပေးခဲ့သည်။

**စက်မှုနှင့် သတင်းအချက်လက်နည်းပညာဝန်ကြီးဌာနသည်** အသေးစား၊ အလတ်စား လုပ်ငန်းများ အဆင့်မြင့် ဒစ်ဂျစ်တယ်နည်းပညာစနစ်သို့ ကူးပြောင်းနိုင်ရေး၊ ဘဏ်များမှ ချေးငွေလျှောက်ထားနိုင်ရေး အတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့သည်။

**အမျိုးသားဖွံ့ဖြိုး တိုးတက်မှု ကော်မရှင်**မှ လုပ်ငန်း များဆောင်ရွက်ရာတွင် အသုံးပြုသည့် စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ခများ လျှော့ချပေးခဲ့သည်။

**အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင် အဖွဲ့**သည် လုပ်ငန်းများမှတ်ပုံတင်ခြင်း အပါအဝင် လျှောက်ထား ဆောင်ရွက်ရသည့် လုပ်ထုံးလုပ်နည်းများ ရိုးရှင်းလွယ်ကူအောင် ဆောင်ရွက်ပေးခဲ့သည်။

**လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုလုံခြုံရေးဝန်ကြီးဌာန၊ အိမ်ယာနှင့် ကျေးလက်မြို့ပြ ဖွံ့ဖြိုးရေး၊ အခွန်စီမံခန့်ခွဲရေးဝန်ကြီးဌာန** တို့သည် လုပ်ငန်းများနှင့် သက်ဆိုင်သည့် လူမှုရေး အာမခံကြေးများအား လျှော့ချခြင်း၊ ကင်းလွတ်ခွင့်ပြုခြင်း၊ အိမ်ယာအတွက် ပေးချေမှုများ အချိန်ဆိုင်း ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

**ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ**အနေဖြင့် ပြည်ပကုန်သွယ်မှုဆိုင်ရာ ချေးငွေများ တိုးမြှင့်ခွင့်ပြုခြင်း၊

ဈေးငွေ ဆိုင်းငံ့ခွင့်မူဝါဒကို အပြည့်အဝ အကောင်အထည်ဖော်ခြင်း၊ ဗိုင်းရပ်စ်ကူးစက်မှု ပျံ့နှံ့မှုကြောင့် ပြင်းထန်စွာ ထိခိုက်ခြင်းခံရသည့် အသေးစားလုပ်ငန်းများအတွက် ချေးငွေထုတ်ချေးခြင်း တို့ကို ဆောင်ရွက်ပေးခဲ့သည်။

အလားတူပင် **စီးပွားရေးအာမခံကုမ္ပဏီများ**အနေဖြင့် ကာလတို တင်ပို့မှုများအပေါ် ကြွေးမြီ အာမခံဝန်ဆောင်မှုပေးခြင်း၊ စပေါ်ငွေနှုန်းလျှော့ချခြင်း၊ အခက်အခဲများနှင့် ကြုံတွေ့နေရသည့် ကုမ္ပဏီများအား အခွန်အခများ လျှော့ချပေးခဲ့ပါသည်။ အဆိုပါစီမံဆောင်ရွက်မှုများအား ပြည်တွင်း၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား/ နိုင်ငံခြားသား ခွဲခြားမှုမရှိဘဲ တပြေးညီ ဆောင်ရွက်ပေးခဲ့သည်။

**စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးဆိုင်ရာ စီမံဆောင်ရွက်မှုများ**

၂၀၂၀ ပြည့်နှစ်၊ မေလ ၂၁ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် (၁၃)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ယက် (13th National People's Congress-NPC)နှင့် (၁၃) ကြိမ်မြောက် တရုတ်နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် (13th National Committee of Chinese People's Political Consultative Conference-CPPCC) တတိယအကြိမ်နှစ်ပတ်လည် အစည်းအဝေး၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် Li Keqiang မှ နိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့ လာစေရန် ၂၀၂၀ ပြည့်နှစ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား အစိုးရ၏ လုပ်ငန်းအစီရင်ခံစာအဖြစ် တင်သွင်းခဲ့ပါသည်။

အဆိုပါအစီရင်ခံစာ၌ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ကမ္ဘာ့စီးပွားရေးနှင့် ကုန်သွယ်မှု ပတ်ဝန်းကျင်တွင် ကြီးမားသည့် မသေချာမှုများ ဖြစ်ပေါ်လျက်ရှိရာ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်နိုင်မှု အခြေအနေအား ခန့်မှန်းရန်ခက်ခဲလျက် ရှိသည့်အတွက် ၂၀၂၀ ပြည့်နှစ်အတွင်း ပြည့်မီရန် လိုအပ်သည့် စီးပွား ရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အချက်အလက်များ သီးခြားသတ်မှတ်ထားခြင်းမပြုဘဲ အလုပ်အကိုင် ဖန်တီးမှု၊ ဘဏ္ဍာရေးကဏ္ဍ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် မျှော်မှန်းထားသည့် လုပ်ဆောင်မှုများ တည်ငြိမ်မှုရရှိစေရန် အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလုပ်အကိုင် လုံခြုံ စိတ်ချရမှု၊ လူမှုဘဝမှု၏ အခြေခံလိုအပ်ချက်များ၊ ဈေးကွက်လည်ပတ်မှု၊ အစားအစာနှင့် စွမ်းအင်လုံခြုံစိတ်ချရမှု၊ စက်မှုလုပ်ငန်းနှင့် တန်ဖိုးချိတ်ဆက် ကူးပြောင်းမှုများ တည်ငြိမ်မှုရရှိစေရန်၊ အစိုးရယန္တရား တည်ငြိမ်စွာ လည်ပတ်မှုရှိစေရန် ဦးစားပေး၍ စီးပွားရေး တည်ငြိမ်မှုရရှိစေရန် အဓိကထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၂၀၂၀ ပြည့်နှစ်အတွင်း ပိုမိုထိရောက်သေချာသည့် ဘဏ္ဍာရေး၊ ငွေကြေးမူဝါဒများ ချမှတ်ဆောင်ရွက်ခဲ့ပြီး နိုင်ငံ၏စီးပွားရေးမူဝါဒများ အကောင်အထည်ဖော်နိုင်ရန် အခွန်အခများ ထပ်မံလျှော့ချခြင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသည့်မူဝါဒများ အပြည့်အဝ အကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းများ၏ ထုတ်လုပ်ရေးနှင့် လည်ပတ်ရေးကုန်ကျစရိတ်များ လျှော့ချခြင်း၊ လုပ်ငန်းများ တည်ငြိမ်စွာ လည်ပတ်နိုင်စေရန် ဘဏ္ဍာငွေ တိုးမြှင့်ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ နိုင်ငံအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ချေးငွေပိုမိုရရှိနိုင်ရန်၊ ဘဏ္ဍာငွေ ကုန်ကျစရိတ်သိသာစွာ လျှော့နည်းကျဆင်းစေရန် ဆောင်ရွက်ပေးခဲ့သည်။

ဈေးကွက်လုပ်ဆောင်ချက်များ ပိုမိုခိုင်မာအားကောင်းလာစေရန်၊ ပြုပြင်ပြောင်းလဲမှုများဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်တွင်းဝယ်လိုအား တိုးတက်လာစေရန်နှင့် စီးပွားပိုမိုတိုးတက် လာစေရန် ရည်ရွယ်၍ လုပ်ဆောင်ခဲ့သည်။ အလားတူပင် ပြည်တွင်းစားသုံးမှု မြင့်တက်လာစေရန် စားသုံးသူများအား

ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။

ဆင်းရဲနွမ်းပါးမှုလျော့ချရန် ရည်မှန်းချက်ပြည့်မီနိုင်စေရေးအတွက် ဆင်းရဲနွမ်းပါးဆဲ ဖြစ်သည့် စီရင်စုများ၊ ကျေးရွာများ၏ ဆင်းရဲနွမ်းပါးမှုအား ဖယ်ရှားနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသများရှိ ပြည်သူလူထု ဝင်ငွေတိုးတက်လာစေမည့် အလုပ်အကိုင်ရရှိရေး၊ စိုက်ပျိုးထုတ်လုပ်ထွက်ရှိမှု ကောင်းမွန်လာစေရေး လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။

ပြည်ပကုန်သွယ်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုးတိုးတက်ကောင်းမွန် တည်ငြိမ်စေရန် အရည်အသွေးမြင့်မားသည့် ဖွင့်လှစ်ပေးမှုများ ပိုမိုလုပ်ဆောင်သွားမည်ဖြစ်ပြီး ပြည်ပကုန်သွယ်မှု တည်ငြိမ်စေရေး၊ လုပ်ငန်းများ လည်ပတ်နိုင်ရေးတို့အတွက် လိုအပ်သည့် ထောက်ပံ့ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ အခြားနိုင်ငံများမှ ပိုမိုတင်သွင်းနိုင်ရန် ဆောင်ရွက်ပေးခြင်းဖြင့် တစ်ကမ္ဘာလုံးမှ ပါဝင်ဆောင်ရွက်နိုင်မည့် အရည်အသွေးမြင့်မားသော ဈေးကွက်ပေါ်ပေါက်လာစေရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ ပါဝင်ဆောင်ရွက်ခွင့်မရှိသည့် လုပ်ငန်း အမျိုးအစားများလျှော့ချပေးခြင်း၊ နယ်စပ်ဖြတ်ကျော် ဝန်ဆောင်မှုခွင့်မပြုသည့် စာရင်းပြုစုခြင်း၊ နိုင်ငံအတွင်းဆောင်ရွက်နေသည့် လုပ်ငန်းများအား နိုင်ငံသား/ နိုင်ငံခြားသား ခွဲခြားခြင်းမပြုဘဲ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသည့် ဈေးကွက်ဝင် အခွင့်အလမ်းဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမပူးပေါင်း ဆောင်ရွက်မှုအစီအစဉ်အရ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ရာတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ပေးရေး လျှင်မြန်ချောမွေ့စေရေးတို့ကို ဦးတည်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

အလားတူပင် ပြည်ပမှ ဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံခြားအရင်းအနှီးဖြင့် လည်ပတ်နေသည့် လုပ်ငန်းများ၊ ပြည်ပသို့ တင်ပို့သည့်လုပ်ငန်းများပေါ် ကန့်သတ်မှုများ ပိုမိုဖြေ လျှော့ပေးမည်ဟု တရုတ်နိုင်ငံ၊ နိုင်ငံတော်ကောင်စီမှ ထုတ်ပြန်ကြေညာခဲ့သည်။ နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများ အားပြည်နယ်အဆင့်၌ပင် လုပ်ငန်းများ မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ပြီး ပြည်ပသို့တင်ပို့သည့် လုပ်ငန်းများအနေဖြင့် ပြည်တွင်းတွင် ရောင်းချမှုများဆောင်ရွက်နိုင်ရန် ပံ့ပိုးသွားမည်ဖြစ်ပြီး ထုတ်ကုန်မှတ်ပုံတင်သည့် လုပ်ငန်းစဉ်များ ရိုးရှင်းလွယ်ကူစေရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ တရုတ်နိုင်ငံတွင် COVID-19 ရောဂါကူးစက်ပျံ့နှံ့မှု မဖြစ်ပွားခင်ကာလ၌ ပုံမှန်ရောင်းချသည့် လုပ်ငန်းများမှ ဦးဆောင်လျက်ရှိသော်လည်း COVID-19 အလွန်ကာလတွင် နိုင်ငံ၏ စီးပွားရေးပြန်လည်ကောင်းမွန်းလာရေးကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

Source: China Daily and Global Times

## ၂၀၂၀ ပြည့်နှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

၂၀၂၀ ပြည့်နှစ်၊ အစောပိုင်းကာလများအတွင် တရုတ်နိုင်ငံအတွင်း ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုများကြောင့် lockdown များ ပြုလုပ်ခဲ့သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် တရုတ်နိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမှု ရပ်တန့်သွားခြင်းမရှိဘဲ အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံအတွင်းသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အများဆုံး စီးဝင်ခဲ့သည့် လုပ်ငန်းများ မှာ ကမ္ဘာလုံးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာ များ၊ ရုံးချုပ်များရှိ စီမံကိန်းကြီးများ၊ တန်ဖိုးချိတ်ဆက်ကူးပြောင်းမှု လုပ်ဆောင်သည့် ဗဟိုဌာနများ ဖြစ်ပါသည်။ တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်း အသားတင် ထုတ်လုပ်မှု ပြန်လည်တိုးတက်ကောင်းမွန်လာခြင်း၊အစိုးရမှ ရင်းနှီးမြှုပ်နှံမှုချောမွေ့စေရေးဆိုင်ရာ အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ခဲ့ခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများတည်ငြိမ်စေရန် အထောက်အကူ ဖြစ်စေခဲ့ပါသည်။

တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့သည့် အချက်အလက်များအရ ၂၀၂၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ တရုတ် ယွမ်ငွေ (၉၉၉. ၉၈) ဘီလီယံ အမေရိကန်ဒေါ်လာ (၁၄၄. ၃၇) ဘီလီယံရရှိခဲ့သည့်အတွက် ၂၀၁၉ ခုနှစ်၊ ကာလတူနှင့် နှိုင်းယှဉ်ပါက (၆. ၂) ရာခိုင်နှုန်း မြင့်တက်လာခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံအတွင်းသို့ အဆင့်မြင့်နည်းပညာများ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ မြင့်တက်လာခဲ့ပါသည်။ ဝန်ဆောင်မှု လုပ်ငန်းများ၌ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (၁၃.၉) ရာခိုင်နှုန်း၊ အဆင့်မြင့် နည်းပညာလုပ်ငန်းများတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု (၁၁.၄) ရာခိုင်နှုန်း အသီးသီး မြင့်တက်လာခဲ့ပါသည်။

တရုတ်နိုင်ငံ၏ လွတ်လပ်သောကုန်သွယ်ရေးဇုန်များ (Pilot Free Trade Zones- FTZs) သည် နိုင်ငံခြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အတွက် အထောက်အပံ့ဖြစ်စေရန် အဓိကအရေးပါသည့်အခန်းကဏ္ဍမှ ဦးဆောင်ပါဝင်လျက်ရှိပါသည်။ ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံ၏ လွတ်လပ်သော ကုန်သွယ်ရေးဇုန် (၁၈) ခု၏ ကုန်သွယ်မှုပမာဏသည် ယွမ် (၄.၆) ထရီလီယံရှိခဲ့ပါသည်။ တရုတ်နိုင်ငံ၊ ကွမ်တုံး ပြည်နယ်နှင့် ရှန့်ဟိုင်းမြို့ရှိ လွတ်လပ်သော ကုန်သွယ်ရေး ဇုန်များတွင် ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးငွေစီးဝင်မှုသည် ယွမ် (၁၄၃.၅၅) ဘီလီယံ ရှိခဲ့ပါသည်။ တရုတ်နိုင်ငံတွင် ၂၀၁၉ ခုနှစ် အထိ လွတ်လပ်သောကုန်သွယ်ရေးဇုန် (၁၈) ခု တည်ထောင်ထားပြီးဖြစ်ပြီး တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ လွတ်လပ်သော ကုန်သွယ်ရေးဇုန်များတွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများ အတွက် ကန့်သတ်ထားသည့် လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ကျော်အား လျှော့ချခဲ့ပြီး ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာ့နိုင်ငံများမှ တရုတ်နိုင်ငံအတွင်းသို့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီး မြှုပ်နှံမှုများစီးဝင်မှုသည် အမေရိကန်ဒေါ်လာ (၁၆၃) ဘီလီယံ ရရှိခဲ့သည့်အတွက် တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုအား ကျော်ဖြတ်ကာ ကမ္ဘာ့နိုင်ငံများ အနက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အများဆုံး လက်ခံရရှိသည့် နိုင်ငံအဖြစ်သို့ ရောက်ရှိလာပြီဖြစ်သည်ဟု ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်ခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အစီရင်ခံစာတွင် ဖော်ပြထားသည်။

Source: Global Times

# နည်းပညာမြင့်ကုန်ထုတ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံနိုင်မည့် နေရာနှင့် အာရှ၏ ဝန်ဆောင်မှု ဗဟိုဌာနအဖြစ် မလေးရှားနိုင်ငံ ဆက်လက်ရပ်တည်

မလေးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အေဂျင်စီဖြစ်သည့် Malaysian Investment Development Authority (MIDA) အနေဖြင့် ၁၉၆၇ နောက်ပိုင်းမှစ၍ မလေးရှားနိုင်ငံအတွင်း တန်ဖိုးမြင့်ကုန်ထုတ်လုပ်ငန်းများနှင့် လုပ်သားအင်အား အများအပြားမလိုအပ် သည့် နည်းပညာမြင့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်ဆွဲဆောင်ခဲ့သည်။ အရည်အသွေးမြင့် ရင်းနှီးမြှုပ်နှံမှုများကို 12th Malaysia Plan နှင့်အညီ ဆွဲဆောင်ခဲ့ ပြီး အထူးသဖြင့် လျှပ်စစ်ပစ္စည်းများ၊ ဓာတုကုန်ထုတ်လုပ်ငန်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ လေကြောင်းဆိုင်ရာပစ္စည်းများ၊ ဆေးပစ္စည်း ကိရိယာများကို ဦးစားပေး ထုတ်လုပ်နိုင်ရန်ဆွဲဆောင်ခဲ့သည်။

မလေးရှားနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရန် ဉာဏပစ္စည်း အကာအကွယ်ပေးမှု အပါအဝင် ဥပဒေမူဘောင် ခိုင်မာအားကောင်းစေရန်နှင့် ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးမှုကိုလည်း အထူးအလေးထား ဆောင်ရွက်ပေးခဲ့သည်။ World Intellectual Property Organization (WIPO) က ထုတ်ပြန်သည့် Global Innovation Index (GII) 2020 တွင် မလေးရှားနိုင်ငံအနေဖြင့် နည်းပညာမြင့် ကုန်စည်များ အသားတင် တင်ပို့မှုစာရင်းတွင် ဦးဆောင်လျက်ရှိကြောင်း ဖော်ပြထားသည်။

မလေးရှား အစိုးရအနေဖြင့်လည်း မလေးရှားနိုင်ငံကို အာရှ၏ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက် ဗဟိုဌာနအဖြစ် ဖော်ဆောင်နိုင်ရန် တီထွင်ဆန်းသစ်မှုရှိပြီး၊ နည်းပညာမြင့်မားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆက်လက်ဆွဲဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် Project Acceleration and Coordination Unit (PACU) ကိုလည်း ထူထောင်ထားပြီးဖြစ်သည်။

MIDA အနေဖြင့် အီလက်ထရောနစ်စနစ်ဖြင့် ထုတ်လုပ်မှု လိုင်စင်များထုတ်ပေးနိုင်ရန်၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရန်နှင့် သွင်းကုန်ခွန်နှင့် အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်များနှင့် စပ်လျဉ်းသည့် လျှောက်ထားလွှာများကို လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရန် e-TRANS စနစ်ကို ဖော်ဆောင်ပေးထားပြီးဖြစ်သည်။

ထို့အတူ COVID-19 ကာလအတွင်း မလေးရှားနိုင်ငံသို့လုပ်ငန်းရှင်များ လာရောက်ရာတွင် အဆင်ပြေလွယ်ကူစေရန် မတ်လ ၂၃ ရက်နေ့၌ Business Travellers Center (BTC) ကိုလည်း ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ နိုင်ငံပေါင်း ၅၀ ကျော်မှ ကုမ္ပဏီ ၅၀၀၀ ကျော် ရင်းနှီးမြှုပ်နှံထားကြောင်းဖော်ပြထားသည်။

Source: MALAYSIA CONTINUES TO BE THE PREFERED INVESTMENT DESTINATION FOR HIGH-VALUE MANUFACTURING AND GLOBAL SERVICES HUB IN ASIA AMID PANDEMIC (outlookindia.com)

## ဖွံ့ဖြိုးဆဲအာရှနိုင်ငံများသို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်

ဖွံ့ဖြိုးဆဲအာရှဒေသသည် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စံချိန်တင် မြင့်တက်ခဲ့သည့် တစ်ခုတည်းသော ဒေသဖြစ်ပြီး ကမ္ဘာ့နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ ၁၀% ကျော်ဝင်ရောက်ခဲ့ပါသည်။

ဖွံ့ဖြိုးဆဲအာရှဒေသသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုမှာ အမေရိကန် ဒေါ်လာ ၅၃၅ ဘီလီယံရှိခဲ့ပြီး ၄% တိုးတက်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် အာရှဒေသသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုမှာ ကမ္ဘာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပျမ်းမျှဝင်ရောက်မှုထက် ကျော်လွန်ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

ဖွံ့ဖြိုးဆဲအာရှဒေသသည် ၂၀၁၉ ခုနှစ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအများဆုံးဝင်ရောက်ခဲ့သည့် ဒေသတစ်ခုဖြစ်ပြီး ကမ္ဘာ့နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှု၏ ထက်ဝက်ကျော်ဝင်ရောက်ခဲ့သည်။ ထိုသို့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအများအပြား ဝင်ရောက်ခဲ့ရခြင်းမှာ ဒေသတွင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ဟောင်ကောင် (တရုတ်)၊ အိန္ဒိယနှင့် ယူအေအီးနိုင်ငံတို့ကြောင့်ဖြစ်ပြီး ဒေသတွင်း ကျန်နိုင်ငံများတွင်မူ ခရီးသွားလုပ်ငန်း ကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍတို့တွင် ထိခိုက်နစ်နာမှုများ များပြားခဲ့သဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ လျော့နည်းခဲ့သည်။

**အရှေ့အာရှဒေသ**

အရှေ့အာရှဒေသ ၂၀၁၉ ခုနှစ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှု ကျဆင်းခဲ့ပြီးနောက် ဟောင်ကောင်ဒေသတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၁၉ ဘီလီယံဝင်ရောက်ခဲ့ပြီး ၆၂ % တိုးတက်ခဲ့ခြင်းကြောင့် အရှေ့အာရှဒေသတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှု အမေရိကန်ဒေါ်လာ ၂၉၂ ဘီလီယံ ဝင်ရောက်ခဲ့ပြီး ၂၁% တိုးတက်ခဲ့သည်။

၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၌ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ အမေရိကန်ဒေါ်လာ ၁၄၉ ဘီလီယံရှိခဲ့ပြီး ၆% တိုးတက်ခဲ့ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း လျင်မြန်စွာ မြင့်တက်ခဲ့သည်။ ထိုသို့ တိုးတက်ခဲ့ရခြင်းမှာ COVID-19 ကပ်ရောဂါပြန့်ပွားမှုကို လျင်မြန်စွာထိန်းသိမ်းနိုင်ခဲ့ခြင်း၊ နည်းပညာနှင့်ဆက်စပ်သောကဏ္ဍများ၊ e-commerce နှင့် သုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းကဏ္ဍတို့တွင် တိုးတက်မှုများ မြင့်မားခဲ့ခြင်းကြောင့် ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ၌ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ အမေရိကန်ဒေါ်လာ ၉ ဘီလီယံရှိခဲ့ပြီး ၄% ကျဆင်းခဲ့သည်။ ထိုသို့ ကျဆင်းခဲ့ရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများမှ cross-border mergers and acquisitions (M&As) ဝင်ရောက်မှု ကျဆင်းခဲ့ခြင်းကြောင့် ဖြစ်သည်။ သို့သော် ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် COVID-19 ကပ်ရောဂါဖြစ်ပွားမှုကို အစောဆုံးထိန်းချုပ်နိုင်ခဲ့သည့် နိုင်ငံဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ကောင်းမွန်နေဆဲဖြစ်သည်။

**အရှေ့တောင်အာရှဒေသ**

ကမ္ဘာ့နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တိုးတက်မှုအတွက်အဓိကမောင်းနှင်အားတစ်ခုဖြစ်ခဲ့သည့် အရှေ့တောင်အာရှဒေသတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ အမေရိကန် ဒေါ်လာ ၁၃၆ ဘီလီယံရှိခဲ့ပြီး ၂၅% ကျဆင်းခဲ့သည်။

ဒေသတွင်းနိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု အများဆုံး ဝင်ရောက်ခဲ့သည့် စင်ကာပူ၊ အင်ဒိုနီးရှား နှင့် ဗီယက်နမ်နိုင်ငံတို့သည်လည်း ၂၀၂၀ ပြည့်နှစ်တွင် ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှု ကျဆင်းခဲ့သည်။ စင်ကာပူ

နိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ အမေရိကန်ဒေါ်လာ ၉၁ ဘီလီယံရှိခဲ့ပြီး ၂၁% ကျဆင်းခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံရှိခဲ့ပြီး ၂၂% ကျဆင်းခဲ့သည်။ ထို့အတူ ဗီယက်နမ်နိုင်ငံသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံ ရှိခဲ့ပြီး ၂% ကျဆင်းခဲ့သည်။ ထိုသို့ ကျဆင်းခဲ့ရခြင်းမှာ COVID-19 ကူးစက်မှုကြောင့် အသွားအလာ ကန့်သတ်မှုများ ထားရှိခြင်း၊ ကုန်ထုတ်လုပ်မှု ကွင်းဆက် ပြတ်တောက်ခြင်း၊ လုပ်ငန်းများ ဝင်ငွေရရှိမှု ကျဆင်းခြင်း၊ စီးပွားရေးဆိုင်ရာမသေချာမရေရာမှုများကြောင့်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ ကြန့်ကြာနေခြင်းတို့ကြောင့် ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် ဗြိတိန်နိုင်ငံမှ လုပ်ငန်းတစ်ခုဖြစ်သည့် Tesco အနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည် ရုတ်သိမ်းသွားသည့်အတွက် အမေရိကန်ဒေါ်လာ ၆ ဘီလီယံ လျော့နည်းခဲ့ပြီးနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကျဆင်းခဲ့သည်။ ထို့အတူ မလေးရှားနိုင်ငံတွင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃ ဘီလီယံ ဝင်ရောက်ခဲ့ပြီး ၅၅% ကျဆင်းခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန် ဒေါ်လာ ၃.၆ ဘီလီယံ ရှိခဲ့ပြီး တည်ငြိမ်မှုရှိခဲ့သည်။မြန်မာနိုင်ငံ၏နိုင်ငံခြားတိုက်ရိုက် ရင်းနှီး မြှုပ်နှံမှုမှာ အမေရိကန် ဒေါ်လာ ၁.၈ ဘီလီယံ ရှိခဲ့ပြီး ၃၄% ကျဆင်းခဲ့သည်။

**တောင်အာရှဒေသ**

တောင်အာရှဒေသ၌နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၇၁ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး ၂၀% မြင့်တက်ခဲ့သည်။

အိန္ဒိယနိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုမှာ အမေရိကန်ဒေါ်လာ ၆၄ ဘီလီယံ ရှိခဲ့ပြီး ၂၇% မြင့်တက်ခဲ့သည်။ ထိုသို့ မြင့်တက်ခဲ့ရခြင်းမှာကျန်းမာရေးကဏ္ဍ၊အခြေခံအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် သတင်းအချက် အလက်နှင့် နည်းပညာကဏ္ဍတို့တွင် Cross-border M&As နည်းလမ်းဖြင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံ ဝင်ရောက်ခဲ့ပြီး ၈၃% မြင့်တက်ခဲ့မှုကြောင့် ဖြစ်သည်။

ပို့ကုန်ဦးစားပေး အထည်ချုပ်လုပ်ငန်းများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မှီခိုနေရသည့် တောင်အာရှနိုင်ငံများ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ကျဆင်းခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ၁၁ % နှင့် ၄၃% အသီးသီး ကျဆင်းခဲ့သည်။

ပါကစ်စတန်နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ခဲ့မှုကြောင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၂.၁ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး ၆% သာ ကျဆင်းခဲ့သည်။

**အနောက်အာရှ**

အနောက်အာရှဒေသတွင် ၂၀၂၀ ပြည့်နှစ်၌ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃၇ ဘီလီယံ ဝင်ရောက်ခဲ့ပြီး ၉% မြင့်တက်ခဲ့သည်။ ထိုသို့ မြင့်တက်ခဲ့ရခြင်းမှာ သယံဇာတတူးဖော်ခြင်းဆိုင်ရာ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်ခဲ့ခြင်းကြောင့် ဖြစ်သည်။


ယူအေအီးနိုင်ငံတွင် စွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်ခဲ့မှုကြောင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းဝင်ရောက်မှုမှာအမေရိကန် ဒေါ်လာ ၂၀ ဘီလီယံရှိခဲ့ပြီး ၁၁% မြင့်တက်ခဲ့သည်။ ဆော်ဒီအာရေဗီးယားနိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှာအမေရိကန်ဒေါ်လာ၅.၅ဘီလီယံရှိခဲ့ပြီး ၂၀% မြင့်တက်ခဲ့သည်။ တူရကီနိုင်ငံတွင် နိုင်ငံခြား

တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၇.၉ ဘီလီယံရှိခဲ့ပြီး ၁၅% မြင့်တက်ခဲ့သည်။

## နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မျှော်မှန်းချက်

ဖွံ့ဖြိုးဆဲအာရှဒေသများသို့ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အခြေအနေကို ကမ္ဘာ့နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အခြေအနေနှင့်နှိုင်းယှဉ်ကြည့်ပါက အလားအလာကောင်းမွန်လျက်ရှိပြီး စီးပွားရေးတိုးတက်မှုနှုန်းခိုင်မာ ကောင်းမွန်လာနိုင်မှုနှင့် ဒေသတွင်း တန်ဖိုးကွင်းဆက်ချိတ်ဆက်မှုအား ကောင်းလာမှုတို့ ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၅% မှ ၁၀ % ကြား တိုးတက်နိုင်ကြောင်း ခန့်မှန်းထားသည်။

ကုန်ထုတ်လုပ်မှုကဏ္ဍမှာဒေသတွင်း နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးအတွက် အဓိကအရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမှစ၍ ပြန်လည်ကောင်းမွန်လာကြောင်း တွေ့ရှိရသည်။ ဝန်ဆောင်မှုလုပ်ငန်းများနှင့် လုပ်သားအင်အားအများအပြားလိုအပ်သော အသေးစားလုပ်ငန်းများအထူးသဖြင့်ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း ကဏ္ဍများတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၂၁ ခုနှစ်၌ ထပ်မံ ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။




**Developing Asia: FDI flows, top 5 host economies, 2020 (value and change)**

## အာဆီယံနှင့်အီးယူအကြား ကမ္ဘာ့ပထမဆုံး လေကြောင်းပို့ဆောင်ရေးဆိုင်ရာသဘောတူချက် ဆွေးနွေးမှုအပြီးသတ်

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နှင့် ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့ဝင်နိုင်ငံများ အကြား ပြုလုပ်နေသည့် အာဆီယံ-အီးယူ ဘက်စုံလေကြောင်း ပို့ဆောင်ရေးဆိုင်ရာ သဘောတူစာချုပ် (ASEAN-EU Comprehensive Air Transport Agreement- AE CATA)အတွက်ဆွေးနွေးညှိနှိုင်းမှုများကို ဇွန်လ ၂ ရက်နေ့တွင် အွန်လိုင်းမှတစ်ဆင့် ပြုလုပ်ကျင်းပခဲ့သည့် အာဆီယံ-အီးယူပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးတွင် အပြီးသတ်လိုက်ပြီ ဖြစ်သည်။

အဆိုပါသဘောတူစာချုပ်သည် အာဆီယံနှင့် အီးယူအဖွဲ့ဝင် ၃၇ နိုင်ငံအကြား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပေါင်းစပ်ဆက်နွယ်မှုအတွက် အထောက်အကူပြုမည့် ကမ္ဘာ့ပထမဆုံး လေကြောင်းပို့ဆောင်ဆက်သွယ်ရေး ဆိုင်ရာသဘောတူစာချုပ် တစ်ခုဖြစ်ပြီး ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများကို အာဆီယံနှင့် အီးယူနိုင်ငံများအကြားတွင်သာမက ပြင်ပဒေသများအထိပါ ပိုမိုလုပ်ဆောင်သွားနိုင်မည် ဖြစ်သည်။

**အာဆီယံနှင့် အီးယူအကြား လေကြောင်းအရ ဆက်နွယ်မှုကို ပြန်လည်တည်ဆောက်**

သဘောတူစာချုပ်သည် COVID-19 ဖြစ်ပွားမှုကြောင့် အရှိန်အဟုန်ကျဆင်းခဲ့ရသည့် အာဆီယံနှင့် အီးယူအကြား လေကြောင်းဆက်နွယ်မှု ပြန်လည်တည်ဆောက်မှုကို အထောက်အကူပြုစေမည်ပြီး လေကြောင်းပို့ဆောင်ရေး လုပ်ငန်းအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးမည် ဖြစ်သည်။ ထို့ပြင် အာဆီယံနှင့် အီးယူတို့အနေဖြင့်လည်း ဆွေးနွေးမှုများနှင့် ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်ပြီး COVID-19 ကြောင့် လေကြောင်း ဝန်ဆောင်မှု လုပ်ငန်းများအပေါ် ကျရောက်လာသည့် အဟန့်အတားများကို လျှော့ချနိုင်ရေးအတွက် ဆက်လက်လုပ်ဆောင်လိုကြသည်။

AE CATA သဘောတူညီချက်သည် အာဆီယံနှင့် အီးယူတို့အကြား လေကြောင်းလုံခြုံရေး၊ လေကြောင်းသွားလာမှု စီမံခန့်ခွဲရေး၊ စားသုံးသူအကာအကွယ်ပေးရေး၊ ပတ်ဝန်းကျင်နှင့်လူမှုရေးရာကိစ္စရပ်များတွင် ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် အခြေခံကောင်းတစ်ခု ဖြစ်လာမည် ဖြစ်ပါသည်။

လက်ရှိ အကောင်အထည်ဖော်နေသည့် ဆောင်ရွက်ချက်များကြောင့် အာဆီယံနှင့် အီးယူတို့အကြား ပူးပေါင်းဆောင်ရွက်မှု ခိုင်ခိုင်မာမာ ရှိနေပြီးဖြစ်သည်။ အီးယူသည် ၂၀၂၀ ပြည့်နှစ်တွင် ကုန်စည်ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၂၆.၂ ဘီလီယံဖြင့် အာဆီယံ၏ တတိယအကြီးဆုံး ကုန်သွယ်ဖက်အနေဖြင့်လည်းကောင်း၊ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀.၅ ဘီလီယံ နှင့် အာဆီယံ၏ တတိယအကြီးဆုံး ရင်းနှီးမြှုပ်နှံသူအဖြစ်လည်းကောင်း ရပ်တည်လျက်ရှိသည်။

AE CATA သဘောတူစာချုပ်သည် နှစ်ဖက်အကြား လေကြောင်းဆက်သွယ်မှုကို ပိုမိုခိုင်မာလာစေပြီး စီးပွားရေး အကျိုးအမြတ်ကို ပိုမိုရရှိစေနိုင်သည်အထိ ဒေသနှစ်ခု ပေါင်းစည်းမိလာမည်ဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါ သဘောတူစာချုပ်ကို ဥပဒေကြောင်းအရ စိစစ်မှုများပြုလုပ်ရန် တင်ပြသွားမည်ဖြစ်ပြီး လက်မှတ်ရေးထိုးမည့် နေ့ရက်ကို အတည်ပြုပြောကြားသွားရန် ပြင်ဆင်နေသည်။



## COVID-19 ကြောင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးမြင့်ကွင်းဆက် (Global Value Chains –GVCs) တွင် အာဆီယံပါဝင်နိုင်မှုအပေါ် သက်ရောက်မှုရှိ

၂၁ ရာစု ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှု အခင်းအကျင်းများတွင် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးမြင့် ကွင်းဆက် (Global Value Chains – GVCs) သည် အရေးပါသည့် သွင်ပြင်လက္ခဏာရပ် တစ်ခု ဖြစ်လာပါသည်။ Kaplinsky and Morris (2001) က Value Chain သည် ကုန်စည် (သို့) ဝန်ဆောင်မှုတစ်ခု ပြုလုပ်ရန် စတင်စဉ်းစားသည့်အဆင့်မှ ယင်းအား အသုံးပြု ပြီးနောက် ဖျက်သိမ်းရန် ဆောင်ရွက် အဆင့် အထိ လုပ်ငန်းစဉ်များအားလုံး အကျုံးဝင်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ GVCs တွင် ပိုမို ပေါင်းစည်း ပါဝင်လာသည်နှင့်အမျှ ပို့ကုန်တင်ပို့မှု များ ပိုမိုတိုးတက်လာစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း များ ပိုမိုပွင့်လန်းလာခြင်း စသည့် အကျိုးကျေးဇူးများ ကို ရရှိစေမည်ဖြစ်ပါသည်။ GVCs သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကမောင်းနှင်အားဖြစ်သော ကြောင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးမြင့်ကွင်းဆက်တွင် ပိုမိုပါဝင်ရေး (Enhancing Participation in GVC) ကို အာဆီယံ စီးပွားရေးအသိုက်အဝန်း လမ်းပြမြေပုံ (၂၀၁၆- ၂၀၂၅) ၏ သွင်ပြင်လက္ခဏာ (၅) ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် “A Highly Integrated and Cohesive Economy” အောက်တွင် သတ်မှတ် ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုး ကွင်းဆက်တွင် ပိုမိုပေါင်းစည်းပါဝင်လာစေရေး အတွက် အာဆီယံဒေသတွင်းတွင် ASEAN Work Plan for Enhancing the GVC Agenda (2016-2025) ကို ချမှတ် အကောင်အထည်ဖော်လျက်ရှိပါ သည်။

ကမ္ဘာတစ်ဝှမ်းတွင် ဖြစ်ပွားလျက်ရှိသော Covid -19 ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံ သည်ကုန်စည်ကုန်သွယ်ရေးကဏ္ဍတွင် ၅.၅ %၊ ရင်းနှီး မြှုပ်နှံမှုကဏ္ဍတွင် ၂၄.၆% ကျဆင်းခဲ့ပြီး အာဆီယံ၏ စီးပွားရေးတစ်ခုလုံးသည် ၃.၃ % ခန့် ကျဆင်းခဲ့ပါ သည်။ COVID-19 ကပ်ရောဂါကာလ အတွင်း ကမ္ဘာလုံးဆိုင်ရာတန်ဖိုးမြင့်ကွင်းဆက်တွင် အာဆီယံ ပါဝင်မှုသည် အချို့သောကဏ္ဍများအတွက် ထိခိုက်ခဲ့ သော်လည်း အချို့သောကဏ္ဍများအတွက် ပိုမိုအား ကောင်းလာခဲ့ပါသည်။ COVID-19 အလွန် ကမ္ဘာလုံး ဆိုင်ရာ တန်ဖိုးမြင့်ကွင်းဆက်တွင် အာဆီယံ ပါဝင်မှု ပိုမိုအားကောင်းလာအောင် ဆောင်ရွက်နိုင်ရန် ရည် ရွယ်၍ ASEAN’s Participation in Global Value Chains in a Post-COVID World နှင့်စပ်လျဉ်းသည့် လေ့လာမှုကို ယူကေအစိုးရ၏ အထောက်အပံ့ဖြစ် သည့် Accelerated COVID Economic Support (ACES) for ASEAN Programme အောက်မှ Boston Consulting Group (BCG) က ဆောင်ရွက်ခဲ့ပါသည်။ ယင်းလေ့လာမှုသည်အာဆီယံတင်ပို့မှု၏ ၄၀ ရာခိုင်နှုန်း ရှိပြီး လူဦးရေ ၁၃ သန်းအတွက် အလုပ်အကိုင် အခွင့် အလမ်းများ ဖန်တီးပေးထားသည့် အာဆီယံ၏ အဓိက value chain (၄)ခု ဖြစ်သည့် Automotive, Consumer Electronics, Medical Technology, Textiles and Apparel ကဏ္ဍတို့အပေါ် COVID-19 ကမ္ဘာ့ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများကို လေ့ လာခဲ့ပါသည်။

အဆိုပါ လေ့လာချက်အရ Automotive ထုတ် လုပ်မှုကဏ္ဍတွင် ဝယ်လိုအားကျဆင်းလျက်ရှိသဖြင့် ငွေကြေးအရင်းအနှီး လုံလောက်စွာမရှိသော supplier များကို အခက်အခဲများ ဖြစ်ပေါ်စေကာ အာဆီယံ၏ ရောင်းအား ၃၀ % ကျော် ကျဆင်းခဲ့ကြောင်း ဖော်ပြ ထားပြီး ၂၀၂၄ ခုနှစ်မှသာ Automotive လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်မည်ဖြစ် ကြောင်း ခန့်မှန်း ထားပါသည်။ Textiles and Apparels ကဏ္ဍတွင် လည်း အဓိကဝယ်လိုအား ကျဆင်းခဲ့သောကြောင့် အာဆီယံ၏ ရောင်းအားသည် ၁၅% အထိ ကျဆင်း

ခဲ့ပြီးအထည်ချုပ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ သန်းပေါင်းများစွာသော အမျိုးသမီးလုပ်သားများနှင့် informal လုပ်သား များ၏ ဝင်ငွေလျော့နည်းခဲ့ရသည့်အပြင် ထောင်ပေါင်း များစွာသော အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကိုလည်း ထိခိုက်ခဲ့ရပါသည်။

သို့သော် Consumer Electronic နှင့် Medical Consumables and Technology ဆိုင်ရာ ထုတ်ကုန်များသည် COVID-19 ကြောင့် ရောင်းအားပိုမိုမြင့်တက်လာခဲ့ပါသည်။ COVID–19 ကပ်ရောဂါကာလ ရောဂါကူးစက်မှုထိန်းချုပ်ရန် Lock down မူဝါဒများအရ Work from home တွင် အသုံးပြုနိုင်သည့် နည်းပညာဆိုင်ရာ electronic ထုတ်ကုန်များ ဝယ်လိုအားများပြားလာခြင်းကြောင့် Consumer Electronics ကဏ္ဍတွင် အာဆီယံ၏ ရောင်းအား ၁% မြင့်တက်လာခဲ့ပါသည်။ ထို့အပြင် Medical Consumables and Technology ကဏ္ဍလည်း Covid- 19 ရောဂါကုသ ရန်မရှိမဖြစ် လိုအပ်သောထုတ်ကုန်များ ဝယ်လိုအားမြင့်တက်လျက် ရှိသောကြောင့် အာဆီယံ၏တင်ပို့မှုသည် ၁၀ ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင်နှုန်းအကြား မြင့်တက်လာခဲ့ပါသည်။


အဆိုပါ လေ့လာမှုတွင်ပါဝင်သည့် ကဏ္ဍကြီး (၄) ခု ပြန်လည်ထူထောင်နိုင်ရန်နှင့် တီထွင်ဆန်းသစ်နိုင်ရန်အတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်းဖော်ပြထားပါသည်။Automotiveထုတ်လုပ်မှုကဏ္ဍတွင် ထိခိုက်မှုရှိသော လုပ်သားများကို ထောက်ပံ့ရန်နှင့် အနာဂတ်တွင် ကမ္ဘာ့လျှပ်စစ်ကား ဈေးကွက်ပိုမိုရယူနိုင်ရန် အကြံပြုထားပါသည်။ Textiles and Apparels ကဏ္ဍတွင် နည်းပညာပိုင်းဆိုင်ရာ စွမ်းရည်များတည်ဆောက်ရန်နှင့် ထုတ်လုပ်မှု အရည်အသွေးကို စည်းမျဉ်းစည်းကမ်းစံနှုန်းနှင့်အညီ မြင့်တင်ရန် ဖော်ပြထားပါသည်။ Consumer Electronic ကဏ္ဍတွင် လူသားအရင်းအမြစ်နှင့် နည်းပညာ စွမ်းဆောင်ရည်များ တိုးပွားအောင် ဆောင်ရွက်ရန်၊ Medical Consumables and Technology ကဏ္ဍနှင့် စပ်လျဉ်း၍ အနာဂတ်တွင် အာဆီယံ၏ ထုတ်လုပ်မှုပိုမိုမြင့်မားလာစေရန်အတွက် ဆေးပစ္စည်း ကိရိယာများကို Value added ပိုမိုပြုလုပ်နိုင်မည့် ဂေဟစနစ်တစ်ခုတည်ထောင်ရန်၊ အဓိကဈေးကွက် များသို့ တင်ပို့မည့် ဆေးပစ္စည်းများကို စံချိန်စံညွှန်း၊ စည်းမျဉ်းစည်းကမ်းတို့နှင့် ကိုက်ညီအောင် ဆောင်ရွက်၍ အရည်အချင်းပြည့်မီသော နည်းပညာလုပ်သားများဖြင့်သာ ထုတ်လုပ်ရန်၊ ဆေးပစ္စည်း ထုတ်လုပ်သည့်နည်းပညာများကို တီထွင်ဆန်းသစ်နိုင်ရန် အတွက် ရင်းနှီးမြှုပ်နှံမှုများပူးပေါင်း၍ Research and Development များပြုလုပ်ရန်၊ Cost advantage ရရှိသည့် လက်အိပ်၊ ပတ်တီးစသည့် Medical consumables များကို ပိုမိုတိုးချဲ့ထုတ်လုပ်ရန် အကြံပြုတင်ပြထားပါသည်။


အာဆီယံအနေဖြင့်ကမ္ဘာ့တန်ဖိုးမြင့်ကွင်းဆက်တွင် ပိုမိုပေါင်းစည်းပါဝင်ရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ပြီးစီးရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ အခါအားလျော်စွာဆောင်ရွက်သည့် လေ့လာမှုများမှ ထွက်ပေါ်လာသည့် အကြံပြုချက်များကို လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

## ဗီဇပြောင်း COVID-19 နှင့်သက်ရောက်မှုများ

COVID-19 ကပ်ရောဂါသည် တတိယလှိုင်းသို့ ကူးပြောင်းလျက်ရှိပြီး ဇွန်လ ၄ ရက်နေ့ WHO ထုတ်ပြန်ချက်အရ အမေရိကန်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့သည် COVID-19 ကပ်ရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံများဖြစ်ကြပြီး အရှေ့တောင်အာရှဒေသ နိုင်ငံများတွင် ကပ်ရောဂါဖြစ်ပွားမှုမှာ သိသိသာသာ မြင့်တက်လျက်ရှိသည်။ သေဆုံးမှု အများဆုံး အသက်အရွယ်မှာ အသက် ၆၅ နှစ်နှင့် အထက်ဖြစ်ပြီး ကမ္ဘာတစ်ဝှမ်း COVID-19 ကပ်ရောဂါဖြစ်ပွားသည့် လူဦးရေ၏ ၇၉.၄၁% ဖြစ်သည်။


နယူးဇီလန်နိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ တရုတ်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည်ကပ်ရောဂါကိုထိန်းချုပ်ထားနိုင်ကြောင်း သိရှိရသည်။




Globally, as of 5:18pm CEST, 3 June 2021, there have been 171,292,827 confirmed cases of COVID-19, including 3,687,589 deaths, reported to WHO. As of 1 June 2021, a total of 1,581,509,628 vaccine doses have been administered.









**Visit MIFER Website - www.mifer.gov.mm**



